
# ပုဗ္ဗဝါသ ပေါ်ထွန်းခြင်း

ဦးရွှေအောင်
မဟာဝိဇ္ဇာ(သင်္ချာ)

ဝင်းသကာ နှင့် သိရောမဏီ







သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်း
အပေါင်း ကိုယ့်ကြောင့် အေးစေသော်။
(မိုးရိမ် ဆရာတော်ကြီး)

ဒီ ပါ စိုး စာ စဉ် (၂၁)

ဒီပါစိုး စာပေတိုက်
အမှတ် ၄၃ ရေကျော်လမ်းမ၊ မောင်အေးကပီးရှေ့
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၂၉၁၄၈၈

မောင်ဒီပ (သိပ္ပံ/ချည်မြေ) စီစဉ်သည်

တန်ဖိုး ၁၀၀-ကျပ်

၂၃၇၃၃

ချုပ်နှောင်ခြင်းဟူသမျှမှ

လွတ်မြောက်အောင် အားထုတ်ရေးအတွက်

လောက၌ 'ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း' ဖြစ်ပါ၏။

# ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း

**ဦးရွှေအောင်**

မဟာဝိဇ္ဇာ (သက္ကဋ)

ဝံ့သကာနင့်သိရောမဏိ

စာမူ ခွင့်ပြုချက်အမှတ် [ ၇၇/၉၆ (၁၀) ]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [ ၁၆/၉၆(၁၁) ]

●

ပထမအကြိမ်
၁၉၉၇-မတ်လ
အုပ်ရေ-၃၀၀၀

●

အဖုံးပန်းချီ
မောင်နေကြည်

●

ကွန်ပျူတာစာစီ
ဒီပါစိုး ကွန်ပျူတာ
ဖုန်း-၂၉၁၄၈၈

●

အတွင်းဖလင်
ဒီပါစိုး

●

ထုတ်ဝေသူ
ဦးမြသန်း (၀၁၅၀)
အသိုင်းအဝန်းစာပေ
အမှတ် ၃၅၊ သမာဓိလမ်း၊ ဇွဲစုံရပ်
ကမ္ဘာအေး၊ ရန်ကုန်မြို့။

●

အဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးဝင်းငွေ (၀၄၈၃၉) ဝင်းထွန်းအော့ဖ်ဆက်
အမှတ်-၃၇၊ ရေကျော်လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

# စာညွှန်းမာတိကာ

## ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း ၁

အမှန်အားဖြင့် 'ဗုဒ္ဓဝါဒ'ဟူ၍ မရှိ၊ သစ္စာလေးပါးသာ ရှိ၏။ သစ္စာ လေးပါး သည်သာ 'ဗုဒ္ဓဝါဒ' ဟူ၍ဆိုသော် ဆိုနိုင်၏။ 'သစ္စာလေးပါး' ဟူသည်မှာလည်း ကမ္ဘာအဆက်ဆက် တည်ရှိနေသော ဘုရားအဆူဆူတို့၏ 'ဝါဒ' သာ ဖြစ်၏၊ ထို့ကြောင့် တစ်ဆူဆူသော မြတ်စွာဘုရား၏ 'ဝါဒ'ဟူ၍ ဆိုဖို့ ခက်၏။ ဘုရားအဆူဆူတို့၏ ဝါဒကိုပင် ဘုရားအဆူဆူတို့က ဖော်ပြနေခြင်း ဖြစ်၏၊ အသစ်အဆန်းအနေဖြင့် ဖော်ပြခြင်းဟူ၍ ဘာမျှမရှိ၊ သို့ရာတွင် သစ္စာလေးပါးအနေဖြင့် အဟောင်း အဟောင်းသည်ပင် သစ္စာ လေးပါးအနေဖြင့် အသစ်အဆန်းသဖွယ် ဖြစ်သောအခါ သစ္စာလေးပါးကိုပင် 'ဗုဒ္ဓဝါဒ' ဟူ၍ လောက၌ ပြောဆိုကြခြင်း ဖြစ်၏။ အမှန်ကား 'ဝါဒသစ်' မဟုတ်။

## ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း (၂) ၁၃

လူဟူသည် အတ္တဟိတကိုလည်း ဆောင်ရွက်ရ၏။ ပရဟိတကိုလည်း ဆောင်ရွက်ရ၏။ မြတ်စွာဘုရားသည် အတ္တဟိတနှင့်ပရဟိတ နှစ်မျိုးလုံးကို ဆောင်ရွက်သူဖြစ်၏။ မြတ်စွာဘုရား၏ ကျင့်စဉ်မှာလည်း အတ္တဟိတနှင့် ပရဟိတ နှစ်မျိုးလုံးကို ဆောင်ရွက်ခြင်း ဖြစ်၏၊ နှစ်မျိုးလုံးကို ဆောင်ရွက်ပါမှ 'မဇ္ဈိမပဋိပဒါ' ကျလေ၏။

## ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း (၃) ၂၅

အမှန်တစ်ခုသည် နောက်အမှန်တစ်ခုက ချေဖျက်ခြင်း မခံရမီ ကာလအတွင်း အမှန်အဖြစ် ရပ်တည်နိုင်၏။ နောက်အမှန်တစ်ခုက ချေဖျက်ခြင်း ခံရသည်နှင့် တစ်ပြိုင်နက် ထိုအမှန်သည် အမှားအဖြစ်သို့ ရောက်သွားရလေ၏။ ဤသည်မှာ ယာယီမှန်တို့၏ သဘောဖြစ်၏။ .

## ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း (၄) ၃၅

ဗုဒ္ဓဝါဒတွင် ဗြာဟ္မဏဝါဒများ ရောနှော ပါဝင်တတ်လေရာ ဝါဒနှစ်ရပ်တို့၏ ခြားနားချက်ကို နားလည်အောင် လေ့လာအပ်ပါ၏။ သို့မဟုတ်ပါက ဗုဒ္ဓဝါဒ အယောင်ဆောင်သော ဗြာဟ္မဏဝါဒနှင့် တိုးပေလိမ့်မည်။

## မြတ်စွာဘုရား၏သာသနာတော် ပေါ်ထွန်းလာခြင်း ၄၅

ဘဝင်မြင့်ရောဂါသည် ဗြာဟ္မဏတို့၌ စွဲကပ်လာ၏။ ဝေဒထက် မိမိကိုယ်ကို အထင်ကြီးလာ၏။ ထိုစဉ်အခါက ပုရောဟိတ်များသည် လူသား စင်စစ်က 'ဒေဝတာ' များ ဖြစ်သွားကြ၏။ ထိုအခါ အတော်အတန် စဉ်းစားနိုင်စွမ်းရှိသူများ သည် ဗြာဟ္မဏများအပေါ် စိတ်ပျက်လာကြ၏။ ဤသည်မှာ ဗြာဟ္မဏဝါဒအပေါ် ဗုဒ္ဓဝါဒက ချိုးဖောက်နိုင်ခြင်း၏ အကြောင်းတစ်ကြောင်း ဖြစ်၏။

## မြတ်စွာဘုရား၏သာသနာတော် ပေါ်ထွန်းလာခြင်း (၂) ၅၅

ဘဝ၏ လျှို့ဝှက်ချက်ကို သိပါမှ ဘဝဟူသည်မှာ 'ဘာမျှ မဟုတ်ပါတကား' ဟူ၍ သိမည် ဖြစ်၏။ ထိုအခါမှ ဘဝမှ လွတ်မြောက်မှုကို ရယူနိုင်မည် ဖြစ်၏။ သို့မဟုတ်ပါက မျှော်လင့်ချက်ဖြင့် လွှမ်းခြုံထားသော သောကရုပ်ထုကိုပင် ဘဝအဖြစ် ဝွယ်တာရင်း တွယ်တာရင်းဖြင့် သံသရာ၌ မျောပါနေရပေလိမ့်မည်။

## မြတ်စွာဘုရား၏သာသနာတော် ပေါ်ထွန်းလာခြင်း (၃)   ၆၅

ဤလောကတွင် အကျဉ်းအားဖြင့် တရားနှစ်ပါးသာ ရှိ၏။ မေတ္တာနှင့် သုညတပင် ဖြစ်၏။ မေတ္တာဟူသည် လောကဓမ္မအားလုံးတို့၏ 'အနှစ်' ဖြစ်၏။ သုညတဟူသည် လောကုတ္တရဓမ္မ အားလုံးတို့၏ 'အနှစ်' ဖြစ်၏။

## အဘိဓမ္မာ   ၇၅

'မီး'ကို မီးမှန်း သိ၍ ကိုင်သည် ဖြစ်စေ၊ 'မီး'မှန်း မသိဘဲ ကိုင်သည်ဖြစ်စေ 'မီး'သည် သူ့သဘော သူဆောင်ကာ ကိုင်သူအား ပူလောင်စေသည်သာ ဖြစ်၏။ အဘိဓမ္မာတရားများသည်လည်း ဤနည်းအတိုင်းပင် အနက်အဓိပ္ပာယ်ကို သိသည် ဖြစ်စေ၊ မသိသည် ဖြစ်စေ သဘာဝနိရုတ္တိ ဖြစ်ခြင်းကြောင့် ရွတ်ဖတ်သူအား လည်းကောင်း၊ နာကြားသူအား လည်းကောင်း သူ့သဘော သူဆောင်ကာ 'ပဋ္ဌာန'သဘောအရ ကောင်းသော အကျိုးကို ပေးမည် သာဖြစ်၏။

## ဗုဒ္ဓအဘိဓမ္မာနှင့် သိပ္ပံပညာ   ၈၃

နယ်ပယ်အားဖြင့် သိပ္ပံသိသည် ကျဉ်း၏။ အဘိဓမ္မာသိသည် ကျယ်၏။ သိပ္ပံသိသွားတိုင်း အဘိဓမ္မာသိက လိုက်နိုင်၏။ သိပ္ပံသိ သွားတိုင်း အဘိဓမ္မာသိက မလိုက်သော် လောကသည် ဒုက္ခဘုံသို့ ဦးတည်၏။ သိပ္ပံသိ သွားတိုင်း အဘိဓမ္မာသိက လိုက်သော် လောကသည် သုခဘုံသို့ ဦးတည်၏။ သိပ္ပံနှင့် အဘိဓမ္မာသည် ဆန့်ကျင်ဘက် ရန်သူ မဟုတ်၊ စစ်မှန်သော ငြိမ်းချမ်းရေး မှန်ဦးသို့ ချီတက်ရာ၌ သိပ္ပံသည် 'ရှေ့တော်ပြေး' ဖြစ်၍ အဘိဓမ္မာသည် 'မင်းကေရာဇ်' ဖြစ်၏။ ဤသို့လျှင် သိပ္ပံနှင့် အဘိဓမ္မာတို့၏ ဆက်သွယ်မှုကို သိအပ်ပါ၏။

## မြန်မာနိုင်ငံနှင့် ထေရဝါဒအာဂတိမြစ် ၉၇

ထေရဝါဒဗုဒ္ဓဘာသာအရ ဤလောကသို့ လူဖြစ်လာရခြင်းသည် လောကကို မိမိအတွက် အသုံးချရန် မဟုတ်ဘဲ မိမိကိုသာ လောကအတွက် အသုံးချရန် ဖြစ်၏။ ထိုသို့အသုံးချရာတွင် ထိရောက်စွာ အသုံးချနိုင်ရေးအတွက် မိမိကိုယ်ကို ထက်မြက်အောင် လေ့ကျင့်အပ်၏။ လေ့ကျင့်ခြင်းဟူသည် ပါရမီကုသိုလ်မြောက်အောင် အားထုတ်ခြင်းပင် ဖြစ်၏။

## မြန်မာနိုင်ငံနှင့် တန္တရဝါဒ ၁၀၉

တန္တရဝါဒသည် လောလောဆယ် အသက်မွေးမြူရာ၌ ဘဝစည်ပင်ရေးအတွက် ချမ်းသာကို ရှာပေးနိုင်သဖြင့် လူအပေါင်းတို့၏ စိတ်ကို ဆွဲဆောင်နိုင်၏။ ဗုဒ္ဓဝါဒကား အသက်မွေးမြူရာ၌ ဒုက္ခကို တွေ့ပြီး ဘဝ ချုပ်ငြိမ်းရေး၌သာ ချမ်းသာကို ရှာပေးနိုင်သဖြင့် လူအပေါင်းတို့၏ စိတ်ကို ဆွဲဆောင်ခြင်း မပြုနိုင်ပေ။ ရှာမှ ရှားသော လူမွန် လူမြတ်များ၏ စိတ်ကိုသာ ဆွဲဆောင်နိုင်ပါ၏။ ထို့ကြောင့် လူညံ့များ ပျော်မွေ့လေရာ ဤလောက၌ တန္တရဝါဒ စိုးမိုးနိုင်ခြင်း ဖြစ်၏။

## မြန်မာနိုင်ငံနှင့် ဇင်ဝါဒ ၁၂၃

မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် အချို့သည် ဇင်ဝါဒနှင့် ဗုဒ္ဓဝါဒတို့၏ ခြားနားမှုကို မသိနိုင်ဘဲ သစ်ငုတ်တိုကို သရဲထင်သလို ဇင်ဝါဒကိုပင် 'ဗုဒ္ဓဝါဒ' ဟု ထင်နေကြပါသည်။ ဤမျှအထိ ဇင်ဝါဒသည် ဗုဒ္ဓဝါဒယောင် ဆောင်စွမ်းနိုင်ပါသည်။ ကဿပသံယုတ်၊ သဒ္ဓမ္မပဋိရူပကသုတ်၌ အခြားဝါဒများသည် ဗုဒ္ဓသာသနာကို မဖျက်နိုင်ကြောင်း၊ ဗုဒ္ဓဝါဒ အတုသည်သာ ဗုဒ္ဓသာသနာကို ဖျက်နိုင်ကြောင်း လာရှိသဖြင့် ဇင် ဝါဒ၊ ဇင် စာပေသည် ဗုဒ္ဓသာသနာကို ဖျက်ဆီးမည့် အတွင်းရန်သူ ဖြစ်ပါသည်။

# စေတနာသဒ္ဓါသာ
# ကိုးကွယ် လဲလျှောင်းရေ

'ဦးရွှေအောင် စာအုပ်တွေ မကုန်သေးဘူးလား'

စာအုပ်ဆိုင်တွေ၏ အမေးကို ခံရဦးတော့မှာ သေချာသည်။ ထိုမျှလောက်သာ မေးရုံဆိုလျှင် ကိစ္စ သိပ်မရှိ၊ တစ်ချို့ဆိုင်တွေကျတော့ 'စာအုပ် အသစ်လား'ဟုပင် မေးတတ်ကြသည်။ အရင်စာအုပ်တွေအတွက် ဖြေရလွယ်သော်လည်း ဤစာအုပ်အတွက်တော့မှ အနည်းငယ် ဖြေရခက်ပေမည်။ အကြောင်းမှာ ဤစာအုပ်တွင် **'အမြင်များ ပြောင်းလဲခြင်း'** မှာ ပါခဲ့သည့် ဆောင်းပါးနှစ်ပုဒ်ကို ပြန်ထည့်ထားသောကြောင့် ဖြစ်သည်။

ဤသို့ ပြန်ထည့်ခြင်းမှာ တကယ်တော့ 'စေတနာ'မျှသာ ဖြစ်ပါသည်။ မရိုးမသားလုပ်ခြင်း မဟုတ်ပေ။

ဤစာအုပ်တွင် ဆောင်းပါး (၁၂)ပုဒ် ပါဝင်ပါသည်။ ထိုတွင် 'အမြင်များ ပြောင်းလဲခြင်း'တွင် ဖော်ပြခဲ့သည့် ဆောင်းပါးများ ဖြစ်သည့် **'ဗုဒ္ဓအဘိဓမ္မာနှင့် သိပ္ပံပညာ'** ဆောင်းပါးကို ဤဌ အသစ်ပါဝင်သော **'အဘိဓမ္မာ'** ဆောင်းပါးနှင့် ဆက်စပ်ယှဉ်တွဲ ဖတ်စေလို၍လည်းကောင်း၊ **'မြန်မာနိုင်ငံနှင့်တန္တရဝါဒ'** ဆောင်းပါးကို ဤဌ ပါဝင်သည့် **'မြန်မာနိုင်ငံနှင့် ထေရဝါဒအုတ်မြစ်'** **'မြန်မာနိုင်ငံနှင့်ဇင်ဝါဒ'** ဆောင်းပါးတို့နှင့် တစ်ဆက်တည်း ဖတ်စေလို၍လည်းကောင်း ဤဌ ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။

စကားစပ်တုန်း ပြောရပါဦးမည်။ ဤဌ ဖော်ပြထားသည့် **'မြန်မာနိုင်ငံနှင့် ထေရဝါဒအုတ်မြစ်'**ဆောင်းပါးမှာ မြတ်ပန်းဝေစာစောင်တွင် ဆရာကြီး ရေးခဲ့သည့် **'ထေရဝါဒ အုတ်မြစ်'** ဆောင်းပါးရှည်ကြီးမှ အမှတ်စဉ်(၁၁) ဆောင်းပါး ဖြစ်ပါသည်။ မြဝတီတိုက်ထုတ် **'ဓမ္မပဒ**

(ယမကဝင်)နှင့် **ထေရဝါဒအုတ်မြစ်'** စာအုပ်ကြီးတွင် လည်းကောင်း၊ **'ထေရဝါဒအုတ်မြစ် (သီးသန့်)** စာအုပ်လေးတွင် လည်းကောင်း ဖော်ပြခဲ့သည့် **'ထေရဝါဒ အုတ်မြစ်'**ဆောင်းပါးပုဒ်ရေမှာ (၉)ပုဒ် ရှိသည်ကို တွေ့ရပါသည်။ အမှန်မှာ ဆရာကြီးရေးခဲ့သည့် **'ထေရဝါဒ အုတ်မြစ်'** ဆောင်းပါး ပုဒ်ရေ ပေါင်းမှာ **(၁၁)ပုဒ် (ဟစ်ဆယ့် တစ်ပုဒ်)** ရှိပါသည်။ ထိုစာအုပ်များ၌ (၂)ပုဒ် လိုနေသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ထိုစာအုပ်များ၌ မပါဝင်ခဲ့သော (၂)ပုဒ်တွင် အမှတ်စဉ် (၁၀)ဆောင်းပါးကို ကျွန်တော် ထုတ်ခဲ့သည့် **'ဘဝ အကျဉ်းသား'** စာအုပ်တွင် ဖော်ပြခဲ့ပါသည်၊ ဤစာအုပ်၌ ထည့်သွင်း ဖော်ပြထားသည်မှာ အမှတ်စဉ် (၁၁) ဆောင်းပါး ဖြစ်ပါသည်။ သက်ဆိုင်ရာ စာအုပ်တို့၌ ပါဝင်ခြင်း မရှိသေးသောကြောင့် ဤစာအုပ်၌ ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ထေရဝါဒအုတ်မြစ် ဆောင်းပါးစုကို အပြည့်အစုံ ဖတ်လိုသူများ သိသာရန် စကားစပ်တုန်း ပြောရခြင်း ဖြစ်ပါသည်။ စာဖတ်သူ အားလုံးအတွက် ကျွန်တော် ထားသည့် စေတနာလည်း ဖြစ်ပါသည်။။

တကယ်တော့ သည်လို စေတနာ ရှိလို့လည်း ခုလို ဖော်ပြနိုင်ခြင်း ဖြစ်ပါသည်။ ကျွန်တော် ထုတ်ခဲ့သည့် ဆရာကြီး စာအုပ်တွေကို စာရင်းချ ကြည့်လျှင် ရှင်းလိမ့်မည်ဟု ထင်ပါသည်။

ကျွန်တော် ထုတ်ဝေခဲ့သည့် ဆရာကြီး ဦးရွှေအောင် စာအုပ်ပေါင်း မှာ ယခု စာအုပ်နှင့် ဆိုလျှင် (၅) အုပ် ရှိပါပြီ။ ထိုတွင် **'ဗုဒ္ဓ (သို့မဟုတ်) အနိုင်းမဲ့'** စာအုပ်က လွဲလျှင် ကျန်လေးအုပ်မှာ ဟိုတစ်စ သည်တစ်စ ပြန့်ကျဲ နေသော ဆောင်းပါးများကို စာအုပ်အဖြစ် ပြန်လည် စုစည်းထုတ်ဝေခြင်း ဖြစ်ကြောင်းကို စာဖတ်သူများ သတိထားကောင်း ထားမိကြလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

တကယ်တော့ ထိုသို့ ရှာဖွေစုစည်းခြင်းမှာ ကျွန်တော့် ဝါသနာ ဖြစ်ပါသည်။ ထိုအလုပ်ကို ကျွန်တော် နှစ်ခြိုက်မြတ်နိုးပါသည်။ ဆရာကြီး၏ အချို့စာမူတွေကို ထိုဝါသနာအရရော၊ ဆရာကြီး၏ စာတွေကို နှစ်သက်

ကြည်ညိုတာကြောင့်ရော စာအုပ်ထုတ်ဖို့ ရည်စူးရင်းစွဲ မရှိဘဲ (ထုတ်ဝေရေး မလုပ်ခင်) ရွေးမဆွကပင် စုစည်းထားခဲ့သည်တို့ ရှိပါသည်။

ပြီးတော့ သည်လို ပြန့်ကျဲနေသည်တို့ကို စုစည်းထုတ်ရသည်ကိုပင် ကျွန်တော် ပိုပြီး ဂုဏ်ယူသည်။ 'အလုပ်နှင့် တူသောအလုပ်'ဟု တွေးမိကာ ပိုလို့ပင် ဝမ်းသာသည်။ တကယ်တမ်းပြောရလျှင် စာရှာအလုပ်မှာ ပြောသလောက် လွယ်လှသည် မဟုတ်ပါ။ အချို့စာမူတွေမှာ လွယ်လွယ်နှင့် ရှာတွေ့သော်လည်း အချို့စာမူတွေကျတော့ တော်တော်နှင့်ရှာမတွေ့၊ ရှာရင်း ရှာရင်းနှင့် လက်လျှော့ရတော့မည့် အခြေအနေသို့ ရောက်နေကာမှ တွေ့ရတတ်တာမျိုးလည်း ရှိသည်။ ထိုအခါမျိုးဆိုလျှင် ဖြစ်လိုက်ရသည့် ပီတိ။ စာတွေထဲမှာပါသည့် **'မင်းအဖြစ်နှင့် မလဲနိုင်သည့် ပီတိ'**ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့ဟု အောက်မေ့မိလိုက်သည်အထိ။

မဖတ်ဖူးသေးသည့် ဆရာကြီး၏ စာတစ်ပုဒ်ကို ဖတ်ရသည့် အတွက် လည်း ဖြစ်သည်။ ဆရာကြီး စာတွေကို နှစ်သက်ခုံမင်ကြသည့် စာဖတ်သူတွေ အတွက် တွေးမိ၍လည်း ဖြစ်သည်။ **'ဆရာကြီး၏ စာတစ်ပုဒ် ရှိသေးပါလား'ဟု ဆရာကြီး၏ ကျန်ရစ်သူမိသားစု သိခွင့် (ပိုင်ဆိုင်ခွင့်) ရသွားသည်ကို မုဒိတာ ပွားမိ၍လည်း ဖြစ်သည်။**

ဆရာကြီး မိသားစုအတွက် စာတစ်ပုဒ် ရှာပေးနိုင်လေ **'ကုသိုလ်ပွားလေ'**ဟု ကျွန်တော့် မနသိကာရမှာ အစဉ်အမြဲ စွဲထားပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆရာကြီး စာမှန်သမျှကို ဆရာကြီး မိသားစုက ပိုင်ဆိုင်သောကြောင့် ဖြစ်သည်။ ကျွန်တော်တို့က ရှာပေးနိုင်လေလေ မိသားစု ပိုင်ဆိုင်ခွင့် ရလေလေပင် ဖြစ်သည်။

ကျွန်တော်က ဖော်ထုတ်ပေးသူသာ ဖြစ်သည်။ ကျွန်တော် ဖော်ထုတ်လိုက်သည့်အတွက် ပထမအကြိမ် စာအုပ်ကိုတော့ ကျွန်တော် ရိုက်ဖြစ်မည်၊ သို့ရာတွင် စာအုပ်ဖြစ်သွားပြီးသည့် နောက်မှာတော့ မိသားစုပိုင် ဖြစ်သွားပြီ။ ထိုအခါ မိသားစုသည် ကျေနပ်သူကို ပေးနိုင်သည်၊ ကျွန်တော့်ကိုလည်း

ပေးချင်ပေးနိုင်သည်၊ အခြားသူများကိုလည်း ပေးချင်ပေးနိုင်သည်၊ မိသားစုသည် မည်သူ့ကိုမျှ မူပိုင် ပေးမထားပေ၊ မိသားစု မူပိုင်အဖြစ် ရှိနေသည်၊ သည်တော့ ဆရာကြီးစာမူတွေနှင့်ပတ်သက်၍ ကျေနပ်သူကို ပေးနိုင်ခွင့်သည် 'မိသားစု၏ မူပိုင်'အခွင့်ပင် ဖြစ်သည်။ ကျွန်တော်တို့ ကိစ္စ မဟုတ်ပေ။

ကျွန်တော် နားလည်ထားတာက မိသားစုမူပိုင် စာမူတွေ များသည် ထက် များအောင် ရှာဖွေ ဖော်ထုတ်ပေးရေးသည်သာ ကျွန်တော်တို့ ကိစ္စ ဖြစ်သည်။ စာမူတွေ များများ တွေ့သည်နှင့်အမျှ မိသားစုအတွက် ပိုင်ဆိုင်ခွင့် ပို၍ များလာမည်။ ပိုင်ဆိုင်ခွင့် များသည်နှင့်အမျှ မိသားစုမှာ အကျိုးပိုရှိမည်။ မိသားစုကို အကျိုးရှိစေချင်ခြင်းသည် ကျွန်တော်၏ 'စေတနာ'ပင် ဖြစ်သည်။

မိသားစုတွင် မကပေ။ စာဖတ်သူတွေလည်း ဆရာကြီး၏စူးနက် တောက်လက်သော စာပေ အတွေးအမြင်သစ်တွေကို ဖတ်မှတ်ခွင့်ရမည်၊ သည်အမြင်သစ်တွေနှင့် ဘဝခရီးကို ရဲဝံ့စွာ ဖြတ်သန်းနိုင်မည်ဖြစ်၍ တန်ဖိုး အနဂ္ဃထိုက်မည်။ သည်'စေတနာတွေး'နှင့် ဆရာကြီးစာအုပ်တွေကို ကျွန်တော် စီစဉ်နေခြင်းဖြစ်သည်။ သည်အတွေးသည် အဓိဋ္ဌာန်ကဲ့သို့ ပြဋ္ဌာန်းသော 'အတွေး'ဖြစ်သည်။

တစ်ဖန် ကျွန်တော် တွေးမိတာ တစ်ခု ရှိသည်။ ဆရာကြီးစာအုပ် တွေကို ကျွန်တော် လုပ်နေသည့်အတွက် ဆရာကြီးစာတွေနှင့် အမြဲထိတွေ့ခွင့် ရနေသည်။ ထိုအခွင့်အရေးမှာ နည်းသည့် အခွင့်အရေး မဟုတ်ပေ။ 'မဟာဒုလ္လဘ အခွင့်အရေးကြီး'ဖြစ်သည်၊ မဟာကုသိုလ်ကြီးလည်း ဖြစ်သည်။

သို့ရာတွင် ဆရာကြီးစာတွေထဲက အတွေးအမြင်တွေ၊ အရိပ်တွေ ကျွန်တော့်တွင် မည်မျှ ထင်ဟပ်နေပါသနည်း။ ဆရာကြီး ပြောခဲ့သည့် ကိုယ်ကျင့်သိက္ခာ ဆိုင်ရာတွေ၊ ကိုယ်ကျိုး သူကျိုးဆိုသည့် အတ္တဟိတ ပရဟိတ ဆိုင်ရာတွေ၊ သူမစားဘဲ ချန်ခဲ့တာကို ကိုယ်မစွန့်ဘဲ စားမည်လား ဆိုသည့် ကိုယ်နှင့်လောကအတွက် တူရူပြဿနာတွေ၊ သည်အမြင်အတွေး

တွေကို 'ကိုယ့်ဘ၀ ကိုယ့်အတွေး'အဖြစ် ဘယ်လောက် တည်ဆောက်နိုင်ပြီလဲ။ ဘယ်လောက် နေရာ ပေးထားပြီးပြီလဲ။

ကျွန်တော့်ကိုယ် ကျွန်တော် မေးကြည့်သင့်သည်။ သို့သော်လည်း မမေးရဲ။ မေးလျှင်လည်း တိကျမှန်ကန်သည့် အဖြေ ဖြစ်လိမ့်မည်မထင်။ မှန်သည်ဆိုလျှင် 'ဖြောင်လိမ် ဖြောင်လိမ် ဖြောင်လိမ် ဖြောင်လိမ်'တီးလုံးကို တီးခြင်းသာ ဖြစ်မည်။ ထို့ကြောင့် မေးရဲသော သတ္တိ ကျွန်တော့်မှာ မရှိ။ ဆရာကြီးစာတွေနှင့် ထိတွေ့ပွန်းတီးခွင့် ရနေပါလျက် သည်အတိုင်းဖြစ်သင့်ပါသလား။

ကာယ ၀စီ မနော ဆိုသည့် ကံသုံးပါး ရှေ့နောက် ညီညွတ်မှု မရှိခြင်း၊ တစ်သားတည်း မကျခြင်း၊ (Harmony) မဖြစ်ခြင်းကို **'ဓမ္မအပေါ် သစ္စာဖောက်ခြင်း'**ဟု ဆရာကြီး ဆိုထားခဲ့တာနှင့်ဆိုလျှင် ကျွန်တော်သည် ဓမ္မအပေါ် သစ္စာဖောက်သူ ဖြစ်နေလေမလား။ လောကအပေါ် သစ္စာမဲ့သူ ဖြစ်နေလေမလား။ ၀့်ရဲစွာ မတွေးရဲပေ။

အမှန်အားဖြင့် တိုသို့ကား မဖြစ်သင့်ပေ။ သို့သော်လည်း မဖြစ်သင့်မှန်းကို သိနေဖို့က ပထမ လိုပ်မည် ထင်သည်။ ထို့နောက်မှ ဖြစ်သင့်တာတွေကို ပြည့်စုံအောင် လုပ်ရမည်၊ ပြုပြင်ရမည်။ သည်သို့ပင် ရှက်နိုးစွာ တွေးဖြေ–ဖြေတွေးရုံမှတစ်ပါး အခြားနည်း မရှိတော့ပြီ။ ဒါက ဆရာကြီးစာအုပ်တွေကို စီစဉ်နေသူတစ်ယောက်၏ ရင်ထဲမှာ ဖြစ်တည်သည့်အတိုင်း အရိုးခံ ၀န်ခံချက် ဖြစ်သည်။

မည်သို့ ဆိုစေ၊ မည်သည့် အလုပ်မဆို စေတနာ ပြဋ္ဌာန်းဖို့သာ အရေးကြီးသည်။ စေတနာ ရှိဖို့သာ အဓိကဖြစ်သည်။ စေတနာ အလုပ်သည် အမှုမ၀ေသော်လည်း နတ်လူ သာခုခေါ်မည့် အလုပ်ဖြစ်သည်။

စေတနာသည် ဓမ္မ ဖြစ်သည်၊ ဓမ္မတွင် ဓမ္မသတ္တိ ရှိသည်၊ ဓမ္မသတ္တိသည် ယာယီသတ္တိ မဟုတ်၊ ထာ၀ရသတ္တိ ဖြစ်သည်။ အကယ်၍ အကြောင်းမညီညွတ်သဖြင့် လက်ငင်း အကျိုးမပေးသည့်တိုင် တစ်ချိန်ချိန်

မှာတော့ အကျိုးပေးမှာ သေချာသည်။ ထိုသည်ပင် ဓမ္မ၏ သတ္တိ ဖြစ်သည်။ စွမ်းအင် ဖြစ်သည်။

စေတနာကို လိမ်ညာ၍ မရပေ။ စေတနာသည် ဓမ္မ ဖြစ်သည်၊ ဓမ္မသည် ဓမ္မသဘောကို ဆောင်မြဲ ဖြစ်သည်၊ စေတနာ ယုတ်လျှင် အကျိုး ယုတ်မည်၊ စေတနာ မြတ်လျှင် အကျိုး မြတ်မည်၊ စေတနာ မကောင်းလျှင် အကျိုး မကောင်း၊ စေတနာ ကောင်းလျှင် အကျိုး ကောင်းမည်၊ စေတနာ သေးလျှင် အကျိုး သေးမည်၊ စေတနာ ကြီးလျှင် အကျိုး ကြီးမည်၊ စေတနာ ပါးလျှင် အကျိုး ပါးမည်၊ စေတနာ များလျှင် အကျိုး များမည်။

စေတနာ အပါအဝင် ဓမ္မသဘောကို အဓိဋ္ဌာန်ကဲ့သို့ ပြဋ္ဌာန်းသော ယုံကြည်မှုမျိုးဖြင့် ကျွန်တော် ယုံကြည်ပါသည်။ အရင်းခံ ထိုယုံကြည်မှုဖြင့်ပင် ဤစာအုပ်အပါအဝင် ဆရာကြီး၏စာအုပ်တွေကို ကျွန်တော် စီစဉ်ခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ ထိုစေတနာသည်ပင် ကျွန်တော့်အား 'တူသော အကျိုး'ကို ပေးပေလိမ့်မည်။

အကယ်၍ တူသော အကျိုးကို မပေးအံ့၊ တစ်နေရာရာမှာ ကျွန်တော့် စေတနာ ကျိုး၊ ပေါက်၊ ပြောက်၊ကျား ခဲ့၍သာ ဖြစ်မည်။

တူသော အကျိုးကို ပေးအံ့၊ မကျိုး၊ မပေါက်၊ မပြောက်၊ မကျားသော စေတနာကို ကျွန်တော် တည်ဆောက်နိုင်ခဲ့၍သာ ဖြစ်မည်။

စေတနာသည် အလုပ် လုပ်သူတိုင်း၏ ကိုးကွယ်ရာ ဖြစ်သည်။ ဆည်းကပ် လဲလျောင်းရာ ဖြစ်သည်။

*မောင်ဒီပ (သိပ္ပံ/ချည်မြေ)*

*၄-၁-၉၇*

[illegible]

ကို ဖော်ပြကြရာ၌ [illegible]

[illegible] (= အတ္တ) [illegible]

[illegible] (= အတ္တ) ကို မယ်နိုင်ကြောင်း [illegible]

[illegible] (= အတ္တ) [illegible]

[illegible] (= အတ္တ) ကို မယ်နိုင်ကြောင်း [illegible]

[illegible] (= အတ္တ) ကို မယ်နိုင်ကြောင်း [illegible]

[illegible] (= အတ္တ) ကို မယ် [illegible]

[illegible]

ဒေ၊ [illegible]

[illegible] ကို။

# ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း

အမှန်အားဖြင့် 'ဗုဒ္ဓဝါဒ'ဟူ၍ မရှိ။ သစ္စာလေးပါးသာ ရှိ၏။ သစ္စာလေးပါးသည်သာ 'ဗုဒ္ဓဝါဒ'ဟူ၍ ဆိုသော် ဆိုနိုင်၏။

'သစ္စာလေးပါး'ဟူသည်မှာလည်း ကမ္ဘာအဆက်ဆက် တည်ရှိနေသော ဘုရား အဆူဆူတို့၏ 'ဝါဒ'သာ ဖြစ်၏။ ထို့ကြောင့် တစ်ဆူဆူသော မြတ်စွာဘုရား၏ 'ဝါဒ'ဟူ၍ ဆိုဖို့ခက်၏။ ဘုရားအဆူဆူတို့၏ ဝါဒကိုပင် ဘုရား အဆူဆူတို့က ဖော်ပြနေခြင်းဖြစ်၏။ အသစ်အဆန်းအနေဖြင့် ဖော်ပြခြင်းဟူ၍ ဘာမျှမရှိ။ သို့ရာတွင် သစ္စာလေးပါး အနေဖြင့် အဟောင်း အဟောင်းသည်ပင် သစ္စာလေးပါးအနေဖြင့် အသစ်အဆန်းသဖွယ်ဖြစ်သောအခါ သစ္စာလေးပါးကိုပင် 'ဗုဒ္ဓဝါဒ'ဟူ၍ လောကဥ္စ ပြောဆိုကြခြင်း ဖြစ်၏။ အမှန်ကား 'ဝါဒသစ်'မဟုတ်။

သစ္စာလေးပါးသည် ကမ္ဘာအဆက်ဆက် ရှိသည် မှန်၏။ သို့ရာတွင် ဤနေရာ၌ 'ရှိခြင်း'ဟူသည်မှာ နှစ်မျိုး ရှိပြန်၏။ ဝေနေယျ သတ္တဝါတို့၏ 'အာရုံသိ'အဖြစ်သို့ ရောက်သော'ရှိခြင်း'နှင့်

ဝေနေယျသတ္တဝါတို့၏ 'အာရုံသိ'အဖြစ်သို့ မရောက်သော 'ရှိခြင်း' တို့ပင် ဖြစ်၏။

လောကဥ္ဇ မြတ်စွာဘုရား ပွင့်တော်မမူသောအခါ သစ္စာလေးပါး သည် ဝေနေယျ သတ္တဝါတို့၏ အာရုံအသိအဖြစ်သို့ မရောက်၊ ဝေနေယျသတ္တဝါတို့၏ အာရုံသိအဖြစ်သို့ ရောက်အောင် ဆောင်ကြဉ်း ပေးမည့် ပုဂ္ဂိုလ်လည်း မရှိ၊ ဝေနေယျ သတ္တဝါတို့၏ အာရုံသိ အဖြစ်သို့ရောက်အောင် ဆောင်ကြဉ်းပေးသည့် ပုဂ္ဂိုလ်မှာ 'မြတ်စွာ ဘုရားသာ' ဖြစ်၏။

ထို့ကြောင့် လောကဥ္ဇ မြတ်စွာဘုရားတို့ ပွင့်တော်မမူသောအခါ သစ္စာလေးပါးဟူသည် ဝေနေယျ သတ္တဝါတို့၏ အာရုံသိအဖြစ်သို့ မရောက်သောကြောင့် လောကဥ္ဇ သစ္စာလေးပါးဟူသည် မရှိသကဲ့သို့ ထင်မှတ်ရ၏၊ အမှန်အားဖြင့် သစ္စာ လေးပါးသည် လောကဥ္ဇ မရှိ၍ တော့ မဟုတ်၊ ရှိပါလျက်သားနှင့် ဝေနေယျ သတ္တဝါတို့၏ အာရုံသိ အဖြစ်သို့ ရောက်အောင် ဆောင်ကြဉ်းပေးမည့်သူ မရှိသော ကြောင့်သာ ဖြစ်၏။

ထို့ကြောင့် သစ္စာလေးပါးကို **'သနန္တန'**ဟူ၍ ခေါ်ပါ၏။ **'သနန္တန'**၏ အဓိပ္ပာယ်မှာ **'ထာဝစဉ် တည်ရှိနေသော မွေ'** ဟူ၍ ဖြစ်၏။ ထာဝစဉ် တည်ရှိနေသော သစ္စာလေးပါးသည် လောကဥ္ဇ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဝေနေယျသတ္တဝါတို့၏ အာရုံသိ အဖြစ်သို့ ရောက်ခြင်းနှင့် လောကဥ္ဇ မြတ်စွာဘုရား ပွင့်တော် မမူသောအခါ ဝေနေယျသတ္တဝါတို့၏ အာရုံသိအဖြစ်သို့ မရောက် ခြင်းသာ ထူးခြား၏။ ထာဝစဉ် သစ္စာ လေးပါးရှိသည်ကတော့

အမှန်ပင်။ လောက၌ သစ္စာ လေးပါးတို့ ဆိတ်သုဉ်းခြင်းမည်သည် မရှိကောင်းပါချေ။

လောကတွင် ဝါဒနှင့်ပတ်သက်၍ တည်ထောင်သူများလည်း ရှိကြ၏။ ဖော်ထုတ်သူများလည်း ရှိကြ၏။ တည်ထောင်သူများ ဆိုသည်မှာ လုံးဝမရှိသေးသော အခြေအနေမှ ထင်ရှားရှိလာသော အခြေအနေသို့ ရောက်အောင် ပြုလုပ်သူများ ဖြစ်ကြ၏။ ထိုသူများကို ပါဠိဝေါဟာရအားဖြင့် **'ဥပ္ပါဒက'** ဟူ၍ ဆိုရ၏။ **ဥပ္ပါဒက**၏ သဒ္ဒါအနက်မှာ **'အသစ် ဖြစ်ပေါ်စေသူ'** ဟူ၍ ဖြစ်၏။

ဖော်ထုတ်သူများဆိုသည်မှာ တိမ်မြုပ်နေသော အခြေအနေမှ ထင်ရှားရှိလာသော အခြေသို့ရောက်အောင် ပြုလုပ်သူများဖြစ်ကြ၏။ ထိုသူများကို ပါဠိဝေါဟာရအားဖြင့် **'အဘိဗျဉ္ဇက'** ဟူ၍ ဆိုရ၏။ **'အဘိဗျဉ္ဇက'**၏ သဒ္ဒါအနက်မှာ **'တိမ်မြုပ်နေသည်ကို ဖော်ထုတ်သူ** ဟူ၍ ဖြစ်၏။

ဝါဒတစ်ရပ်ကို အသစ်တည်ထောင်သူ ဥပ္ပါဒက ဟူသည်မှာ တိတ္ထိများ ဖြစ်ကြ၏။ တိတ္ထိများသည် မိမိတို့၏ ဝါဒသစ်များကို တည်ထောင်ကြ၏။ ထိုဝါဒသစ်များကား ပြီးပြည့်စုံခြင်း ရှိကြသည် မဟုတ်၊ ဝါဒ တစ်ခုထက် အခြား ဝါဒတစ်ခုက ပို၍ ကောင်းမြဲ ဖြစ်၏။ နှစ်ခု သဘောအရ မတူညီသော သဘောကို ဆောင်သည်ဆို ကတည်းက တစ်ခုက အခြားတစ်ခုထက် ပို၍ ကောင်းခြင်းသဘောကို ဆောင်လေ၏။

တိမ်မြုပ်နေသောဝါဒကို ဖော်ထုတ်သူ အဘိဗျဉ္ဇက ဟူသည်မှာ ဝါဒကို အသစ်တီထွင်သူ မဟုတ်ဘဲ အဟောင်းကို ဖော်ထုတ်သူသာ

ဖြစ်၏။ ဝါဒဟောင်းကို ဖော်ထုတ်သူများမှာ မြတ်စွာဘုရားများသာ ဖြစ်ကြ၏။ ဝါဒဟောင်းဟူသည်မှာလည်း သစ္စာလေးပါးသာ ဖြစ်၏။ သစ္စာ လေးပါးသည် တိမ်မြုပ်နေရာမှ ပေါ်ပေါက်လာအောင် သဗ္ဗညုတဉာဏ်တော်ဖြင့် မြတ်စွာဘုရားက ဖော်ထုတ်ခြင်း ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားကို 'ဝါဒသစ်ကို တည်ထောင်သူ'ဟူ၍ မဆိုရဘဲ 'တိမ်မြုပ်နေသော သစ္စာလေးပါးကို ဖော်ထုတ်သူ'ဟူ၍သာ ဆိုရ၏။

တိမ်မြုပ်နေသော သစ္စာ လေးပါးကို ဖော်ထုတ်နိုင်အောင် အားထုတ် ရသည်ကား လွယ်ကူသည်တော့ မဟုတ်၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ကျင့်ရ၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်အောင် ကျင့်ရာတွင် အခြေခံအချက်များအနေဖြင့် လောကအပေါ် ကြင်နာတတ်ဖို့ လို၏၊ အနစ်နာ ခံနိုင်ဖို့လည်း လို၏၊ သူတစ်ပါး၏ အကျိုးကို ဆောင်ရွက်ပေးတတ်ဖို့လည်း လို၏။

ဤအင်္ဂါသုံးရပ်ကို ပြည့်စုံအောင် ဖြည့်ကျင့်ရ၏။ ဤအင်္ဂါ သုံးရပ်ကို ပြည့်စုံအောင် ဖြည့်ကျင့်ရာ၌ အနည်းဆုံး အချိန်ကာလမှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြစ်၏။ လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတိုင်အောင် ဖြည့်ကျင့်ပါမှ ဤအင်္ဂါသုံးရပ်သည် ပြည့်စုံသော အဆင့်သို့ ရောက်၏။

အင်္ဂါသုံးရပ်တွင် လောကအပေါ် ကြင်နာခြင်း အင်္ဂါရပ်ဖြင့် နောက်ဆုံး၌ မဟာကရုဏာတော်ကို ရ၏။ အနစ်နာခံခြင်း အင်္ဂါ ရပ်ဖြင့် နောက်ဆုံး၌ အရဟတ္တမဂ် ဉာဏ်တော်ကို ရ၏။ သူတစ်ပါး၏

အကျိုးကို ဆောင်ခြင်း အင်္ဂါရပ်ဖြင့် နောက်ဆုံး၌ သဗ္ဗညုတဉာဏ်တော်ကို ရ၏။

သုမေဓာ ရှင်ရသေ့သည် ယောကျ်ားကောင်း ဖြစ်၏။ ယောကျ်ား ကောင်းတို့မည်သည်မှာ ကြင်နာတတ်သော စိတ်လည်း ရှိရ၏။ အနစ်နာခံနိုင်သော စိတ်လည်း ရှိရ၏။ သူတစ်ပါး၏ အကျိုးကို ဆောင်ရွက်လိုသော စိတ်လည်းရှိရ၏၊ ဤအင်္ဂါသုံးရပ်နှင့် ပြည့်စုံလျှင် ယောကျ်ားကောင်း ဖြစ်၏။

ဤအင်္ဂါသုံးရပ်ကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလ အတွင်း တဖြည်းဖြည်းချင်း ရင့်သည်ထက် ရင့်အောင် ပြုစုပျိုးထောင် လာသောအခါ နောက်ဆုံးဘဝ၌ မဟာကရုဏာတော် အရဟတ္တမဂ် ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်တို့ကို ရ၍ သုံးလောကထွတ်ထား မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူသည်နှင့်တစ်ပြိုင်နက် တိမ်မြုပ် နေသော သစ္စာလေးပါးကို ဖော်ထုတ်နိုင်တော်မူခဲ့၏။

ဂေါတမ မြတ်စွာဘုရား၏အသ်ကား ရှေးဘုရားတို့၏ အသိနှင့် ဘာမျှ မခြား၊ ဂေါတမ မြတ်စွာဘုရား၏ ဓမ္မကား ရှေးဘုရားတို့၏ ဓမ္မနှင့် ဘာမျှမခြား၊ ထို့ကြောင့် မြတ်စွာဘုရားတို့၏ဝါဒကား ဝါဒ သစ်မဟုတ်၊ မြတ်စွာဘုရားတို့၌ ဝါဒသစ်ဟူ၍လည်း မရှိ။ ထာဝစဉ် တည်ရှိပြီး ထာဝစဉ် မှန်ကန်နေသော သစ္စာလေးပါး တည်းဟူသော ဝါဒဟောင်းကို ဝေနေယျသတ္တဝါတို့၏ အာရုံသိ အဖြစ်သို့ရောက်အောင် စွမ်းဆောင်နိုင်ကြသူများသည် မြတ်စွာဘုရား များသာ ဖြစ်ကြပါ၏။ မြတ်စွာဘုရားများထဲတွင် ဂေါတမ မြတ်စွာဘုရားသည် တစ်ပါးအပါအဝင် ဖြစ်လေ၏။

အသိဉာဏ် ပွင့်ထွန်းရေးနှင့် ပတ်သက်၍ ခေတ်သည်လည်း များစွာ စကားပြောခဲ၏။ ဘီစီ (၆)ရာစုခေတ်ကား လူသားတို့၏ သမိုင်းတွင် အသိဉာဏ် ရင့်ကျက်မှုနှင့် ပတ်သက်၍ 'ကလေးအဆင့်မှ လူကြီး အဆင့်သို့ ရောက်သောခေတ်'ဟူ၍ သမိုင်းဆရာတို့က ဆိုကြ၏။ ထို့ကြောင့် ဘီစီ (၆)ရာစုခေတ်သည် အသိဉာဏ် ရင့်ကျက်မှုနှင့် ပတ်သက်၍လည်း ထူးခြား၏။ ကိုယ်ကျင့်သိက္ခာ မြင့်မားမှုနှင့်ပတ်သက်၍လည်း ထူးခြား၏။

အမှန်အားဖြင့် ဘီစီ (၆)ရာစုခေတ်သည် ဝိဇ္ဇာ ရှုထောင့်မှလည်း ထူးခြား၏။ စရဏ ရှုထောင့်မှလည်း ထူးခြား၏။ ကမ္ဘာ့သမိုင်းကို ပြန်ကြည့်လျှင် တရုတ်ပြည်၌ Lao Tzu နှင့် Confucius ပေါ်ပေါက် ခဲ့ကြ၏။ ဂရိ၌ permerides နှင့် Empedocles ပေါ်ပေါက်ခဲ့ကြ၏။ ပါရှား၌ Zarathustra ပေါ်ပေါက်ခဲ့၏။ အိန္ဒိယ၌ မဟာဝီရနှင့် ဗုဒ္ဓတို့ ပေါ်ပေါက်ခဲ့ကြ၏။

ထိုပညာရှိကြီးများသည် နောင်လာ နောက်သားတို့အား သူတို့၏ တရားဓမ္မနှင့် ဆိုင်သော အမွေ အနှစ်ကို ပေးခဲ့ကြ၏။ ဘဝနှင့် ပတ်သက်၍ အမြင်သစ်ကို ပေးခဲ့ကြ၏။ ယနေ့တိုင် အောင်ပင် လူတို့သည် ထိုပညာရှိကြီးများ ပေးခဲ့သော ဘဝအမြင် သစ်ဖြင့် လောကကို ကြည့်နေကြဆဲပင် ဖြစ်ပါ၏။ နောင်လည်း ကြည့်နေကြ ဦးမည်ဖြစ်ပါ၏။

ထိုပညာရှိများ၏ ဘဝအမြင်သစ်နှင့် ပတ်သက်၍ အကျယ် ဆိုရန် မရှိသော်လည်း ဗုဒ္ဓ၏ အမြင်သစ်နှင့် ပတ်သက်၍မူ ဆိုရန် ရှိ၏။ ဗုဒ္ဓ၏ အမြင်သစ်ကား သစ္စာလေးပါးအမြင်ဖြစ်၏။ ဗုဒ္ဓ၏

သစ္စာ လေးပါးအမြင်နှင့် ပတ်သက်၍ ဆိုရလျှင် ဘဝဟူသည်မှာ ဘာမျှ မဟုတ်၊ အရက်မူးသမား၏ အမြင်သာ ဖြစ်၏။ သုခဖြင့် လွှမ်းခြုံထားသော သောကရုပ်ထုသာ ဖြစ်၏။

အရက်မူးသမားဟူသည် ချစ်စရာကိုလည်း မုန်းတတ်၏၊ မုန်းစရာကိုလည်း ချစ်တတ်၏၊ စိတ်ဆိုးစရာ မဟုတ်သည်ကိုလည်း စိတ်ဆိုးတတ်၏၊ စိတ်ဆိုးစရာ ဟုတ်သည်ကိုလည်း စိတ်မဆိုးတတ်၊ အားလုံး ကမောက်ကမပင် ဖြစ်လေ၏။

ထို့အတူပင် လူ၌ အာသဝတရားများ ရှိကြ၏၊ အာသဝတရားများဟူသည်မှာ အရက်ပင် ဖြစ်၏။ အာသဝတရား လေးပါး ရှိရာတွင် အရက်ကြောင့် အဝိဇ္ဇာသဝက မဟုတ်ကို မဟုတ်မှန်း မသိရလေအောင် ဖုံး၏။ မဟုတ်ကို အဟုတ်အဖြစ် ထင်ရလေအောင် ဖော်၏။ အဟုတ်ကိုလည်း အဟုတ်မှန်း မသိရလေအောင် ဖုံး၏။ အဟုတ်ကို မဟုတ်အဖြစ် ထင်ရလေအောင် ဖော်၏။ ဒိဋ္ဌာသဝက မဟုတ်ကို အဟုတ်အဖြစ် လည်းကောင်း၊ အဟုတ်ကို မဟုတ်အဖြစ် လည်းကောင်း မြင်၏။ ဘဝါသဝက ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထု မဟုတ်ပါဘဲလျက် ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထုအဖြစ် မြင်၏။

အမှန်အားဖြင့် မိမိတို့၏ ဒွါရများ၌ ထင်လာသော အာရုံများသည် အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့အထိများနှင့် သဘာဝဓမ္မများသာ ဖြစ်ပါလျက် ယင်းတို့အပေါ်၌ တုန့်ပြန်သော အသိကျတော့ ပုဂ္ဂိုလ် သတ္တဝါနှင့် အရာဝတ္ထုများအနေဖြင့် ဖြစ်သွား၏။

ဒွါရ၌ ထင်လာသည်က အဆင်း ရူပါရုံ၊ သိသည်က ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထု။ ဒွါရ၌ ထင်လာသည်က အသံ သဒ္ဒါရုံ၊ သိသည်က ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထု။ ဒွါရ၌ ထင်လာသည်က အနံ့ ဂန္ဓာရုံ၊ သိသည်က ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထု။ ဒွါရ၌ ထင်လာသည်က အရသာ ရသာရုံ၊ သိသည်က ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထု။ ဒွါရ၌ ထင်လာသည်က အထိအတွေ့ ဖောဋ္ဌဗ္ဗာရုံ၊ သိသည်က ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထု။ ဒွါရ၌ ထင်လာသည်က သဘောတရား ဓမ္မာရုံ၊ သိသည်က ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုတို့ ဖြစ်ကြ၏။

ထင်လာသည်က တစ်မျိုး၊ သိသည်က တစ်မျိုးဖြစ်၏၊ ဤသို့ အထင်က တစ်မျိုး၊ အသိက တစ်မျိုးဖြစ်သည်မှာ ဘဝါသဝကြောင့် ဖြစ်၏။ ကာမာသဝက အားလုံးဖြစ်ပျက်သင်္ခါရများကိုပင် နှစ်သက်စရာ ကာမဂုဏ်များအဖြစ် ဖန်တီးလေ၏။

အမှန်အားဖြင့် အာသဝေါတရား လေးပါးတို့ကြောင့် တစ်ခုတည်းသော သင်္ခါရလောကက သတ္တလောကနှင့် ဩကာသလောကတို့ကို ဖြစ်ပေါ်စေခြင်း ဖြစ်၏။ အာသဝေါတရားလေးပါးတို့ ချုပ်သည်နှင့်တစ်ပြိုင်နက် သတ္တလောကသည်လည်း ချုပ်မည်ဖြစ်၏။ ဩကာသလောကသည်လည်း ချုပ်မည် ဖြစ်၏။ သင်္ခါရလောကသည်လည်း ချုပ်မည် ဖြစ်၏။ ထိုအခါ ဝိသင်္ခါရခေါ်သော အမတတရား တစ်ခုတည်းသာ ကျန်တော့မည် ဖြစ်၏။

ဝိသင်္ခါရခေါ်သော အမတတရားဟူသည်ကား နိဗ္ဗာန် ဖြစ်လေ၏။ နိဗ္ဗာန်၌ ရုပ်လည်း မရှိ၊ နာမ်လည်း မရှိ၊ သင်္ခါရ

လောကလည်း မရှိ၊ သတ္တလောကလည်း မရှိ၊ ဩကာသလောက လည်းမရှိ၊ ငြိမ်းအေးခြင်း အငြိမ်းဓာတ်ကိုပင် 'သန္တိသုခ–ငြိမ်းချမ်းခြင်း ချမ်းသာ' ဟူ၍ ဆိုရ၏။

ဘဝဟူသည်မှာ သုခဖြင့် လွှမ်းခြုံထားသော သောကရုပ်ထုပင် ဖြစ်လေရာ မည်သို့သော သုခပင် ဖြစ်စေ သောကသည် အနုသယ အနေ ဖြင့် ပါဝင်သည်သာ ဖြစ်၏။ ထို့ကြောင့် ဗြဟ္မာသုခသည်လည်း သောကကို နောက်ခံပြု၏။ နတ်များသုခသည်လည်း သောကကို နောက်ခံ ပြု၏။ စကြဝတေးမင်း၏ သုခသည်လည်း သောကကို နောက်ခံပြု၏။ လူတို့၏ သုခဟူသမျှသည်လည်း သောကကို နောက်ခံပြု၏။ အခြားမည်သည့် သတ္တဝါတို့၏ သုခမဆို သောကကို နောက်ခံ ပြုသည်ချည်း ဖြစ်၏။

အမှန်အားဖြင့် ဘဝဟူသည်မှာ တရားကိုယ်အားဖြင့် သင်္ခါရပင် ဖြစ်၏။ သင်္ခါရဟူသည်ကလည်း သတ္တလောကနှင့် ဩကာသ လောက အဖြစ် အသွင်သဏ္ဍာန်ရှိလေရာ ထိုအသွင်သဏ္ဍာန်များ ပျောက်၍ သင်္ခါရတည်းဟူသော အနှစ်သာရပါ ကုန်ဆုံးသည်နှင့် တစ်ပြိုင်နက် မအိုရာ မနာရာ မသေရာ ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက် ပြုလေတော့၏။

နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ဆိုသည်မှာ လွယ်သည်တော့ မဟုတ်၊ ပထမအဆင့်အနေဖြင့် ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုတို့ကို ကျော်လွန်ပြီး သင်္ခါရကို မြင်နိုင်မှ ဖြစ်၏။ ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထုတို့ကို ကျော်လွန်ပြီး သင်္ခါရကို မြင်ဖို့ ဆိုသည်မှာလည်း အာသဝေါတရား လေးပါးကို ပယ်ခွာနိုင်သမျှ ပယ်ခွာမှ ဖြစ်၏။ အာသဝေါတရား

လေးပါ ကို ပယ်ခွာဖို့ဆိုသည်မှာလည်း ဝိပဿနာ ဉာဏ်အမြင်ဖြင့် ခန္ဓာကို ကြည့်နိုင်မှ ဖြစ်၏။

အမှန်အားဖြင့် ဝိပဿနာ ဉာဏ်အမြင်ဖြင့် ခန္ဓာကို ကြည့်နိုင်သောအခါ ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထုကို ကျော်လွန်ပြီး သင်္ခါရကို မြင်၏။ ဒုတိယ အဆင့်အနေဖြင့် သင်္ခါရကို မြင်လျှင် သင်္ခါရတို့၏ ချုပ်ငြိမ်းရာ ဝိသင်္ခါရကို မြင်နိုင်၏။ ဝိသင်္ခါရကို မြင်ခြင်းသည် စစ်မှန်သော သုခကို မြင်ခြင်းပင် ဖြစ်၏။ ဤသုခကား သောကရုပ်ထုကို လွှမ်းခြုံထားသော သုခမဟုတ်၊ သုခတုံး သုခခဲစစ်စစ်သာ ဖြစ်၏။ ထို့ကြောင့် ယင်းကို 'သန္တိသုခ' ဟူ၍ ခေါ်ဆိုခြင်း ဖြစ်၏။

ဝိပဿနာဉာဏ်ကို ရဖို့ ဆိုသည်မှာလည်း လွယ်သည်မဟုတ်၊ ကံကြမ္မာသိအပေါ်၌ အခြေခံမှ ဖြစ်၏။ အမှန်အားဖြင့် အသိဟူသည်မှာ ပတ်ဝန်းကျင်ကို အခြေခံ၍လည်း ဖြစ်ပေါ်နိုင်၏၊ ပတ်ဝန်းကျင်ကို အခြေခံ၍ ဖြစ်ပေါ်လာသော အသိကို **'ကာမုပါဒါနပစ္စယာ ကမ္မဘဝေါ'**ဟူ၍ ဆိုရ၏။ အတွေ့အကြုံကို အခြေခံ၍လည်း ဖြစ်ပေါ်နိုင်၏။ အတွေ့အကြုံကို အခြေခံ၍ ဖြစ်ပေါ်သော အသိကို **'ဒိဋ္ဌုပါဒါနပစ္စယာ ကမ္မဘဝေါ'**ဟု ဆိုရ၏။

စရိုက်ကို အခြေခံ၍လည်း ဖြစ်ပေါ်နိုင်၏။ စရိုက်ကို အခြေခံ၍ ဖြစ်ပေါ်သော အသိကို **'သီလဗ္ဗတုပါဒါနပစ္စယာ ကမ္မဘဝေါ'**ဟူ၍ ဆိုရ၏။ ကံကြမ္မာကို အခြေခံ၍လည်း ဖြစ်ပေါ်နိုင်၏။ ကံကြမ္မာကို အခြေခံ၍ ဖြစ်ပေါ်သော အသိကို **'အတ္တဝါဒုပါဒါနပစ္စယာ ကမ္မ**

**ဘဝေါ**' ဟူ၍ ဆိုရ၏။ ဤ၌ ကမ္မဘဝဟူသည်မှာ ဇောပင်ဖြစ်၏။ အမှန်အားဖြင့် အသိ ဟူသည်မှာ ဇော ဖြစ်၏။

ထို့ကြောင့် တကယ်တမ်း ဝိပဿနာဉာဏ်ဆိုသည်မှာ ကံကြမ္မာကို အခြေခံမှ ဖြစ်၏၊ ကံကြမ္မာကို အခြေခံသော ကံကြမ္မာသိသည် သာလျှင် ပတ်ဝန်းကျင်သိကိုလည်း လွှမ်းမိုး၏။ အတွေ့အကြုံသိကိုလည်း လွှမ်းမိုး၏။ စရိုက်သိကိုလည်း လွှမ်းမိုး၏။ ထို့ကြောင့် 'ကံကြမ္မာသိ'ကို 'ပါရမီ'ဟူ၍ ဆိုရလေ၏။

**(မဏိဇောတဘာသာရေးမဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၁၊ နိုဝင်ဘာ၊ ၁၉၉၄)**

❖ ❖ ❖

ယောက်ျားကောင်းတို့ မည်သည်မှာ
ကြင်နာတတ်သော စိတ်လည်း ရှိရ၏။
အနစ်နာခံနိုင်သော စိတ်လည်း ရှိရ၏။
သူတစ်ပါး၏ အကျိုးကို
ဆောင်ရွက်လိုသော စိတ်လည်း ရှိရ၏၊
ဤအင်္ဂါသုံးရပ်နှင့် ပြည့်စုံလျှင်
ယောက်ျားကောင်း ဖြစ်၏။

# ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း(၂)

လောကတွင် အတ္တဟိတလည်း ရှိ၏။ ပရဟိတလည်း ရှိ၏။ အတ္တဟိတ သက်သက်ကို ဆောင်ရွက်သူသည်လည်း အစွန်းရောက် ဖြစ်၏။ ပရဟိတသက်သက်ကို ဆောင်ရွက်သူသည်လည်း အစွန်းရောက် ဖြစ်၏။

အမှန်အားဖြင့် လူဟူသည် အတ္တဟိတကိုလည်း ဆောင်ရွက်ရ၏။ ပရဟိတကိုလည်း ဆောင်ရွက်ရ၏။ မြတ်စွာဘုရားသည် အတ္တဟိတနှင့်ပရဟိတ နှစ်မျိုးလုံးကို ဆောင်ရွက်သူဖြစ်၏။ မြတ်စွာဘုရား၏ ကျင့်စဉ်မှာလည်း အတ္တဟိတနှင့် ပရဟိတ နှစ်မျိုးလုံးကို ဆောင်ရွက်ခြင်း ဖြစ်၏။ နှစ်မျိုးလုံးကို ဆောင်ရွက်ပါမှ 'မဇ္ဈိမပဋိပဒါ' ကျလေ၏။

မြတ်စွာဘုရားသည် ဘုရားမဖြစ်မီ သုမေဓာရှင်ရသေ့ဘဝမှစ၍ ပါရမီတော်များကို ဖြည့်ကျင့်ခဲ့၏။ ပါရမီတော်များကို ဖြည့်ကျင့်ခြင်းမှာ ဘုရားဖြစ်ဖို့အတွက် ဖြစ်၏။ အမှန်အားဖြင့်ဆိုရလျှင် သုမေဓာရှင်ရသေ့သည် မိမိကိုယ်တိုင် ဘုရားဖြစ်ချင်၍ ပါရမီတော်များကို

ဖြည့်ကျင့်ခြင်း မဟုတ်၊ ဝေနေယျ သတ္တဝါတို့အား သံသရာဒုက္ခမှ ကယ်တင်နိုင်စိမ့်သောငှာ ဘုရား ဖြစ်ချင်၍ ပါရမီတော်များကို ဖြည့်ကျင့်ခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် သုမေဓာ ရှင်ရသေ့သည် မိမိအတွက် ဘုရားဖြစ်လို၍ ပါရမီများကို ဖြည့်ကျင့်ခြင်း မဟုတ်၊ လောကအတွက် ဘုရားဖြစ်လို၍ ပါရမီတော်များကို ဖြည့်ကျင့်ခြင်း ဖြစ်၏။

ပါရမီများကို ဖြည့်ကျင့်ခြင်းဟူသည်မှာ လောကနှင့် ဆက်ဆံရာတွင် မိမိက အနစ်နာခံခြင်း ဖြစ်၏။ သူ့အကျိုးကို ရွက်ဆောင်ပေးခြင်း ဖြစ်၏။ ဤသို့ မိမိက အနစ်နာခံခြင်းနှင့် သူ့အကျိုးကို ရွက်ဆောင်ပေးခြင်းသည် မိမိနှင့် ဆက်ဆံရသော လောကအပေါ် စေတနာရှိမှ ဖြစ်၏။ လောကအပေါ် မေတ္တာရှိမှ ဖြစ်၏။ လောကအပေါ် ကရုဏာရှိမှ ဖြစ်၏။

တကယ်တမ်း စေတနာ မေတ္တာ ကရုဏာတို့ ရှိလာပြီဆိုလျှင် မိမိ၏ ကိုယ်ကျိုးကို မငဲ့ဘဲ အနစ်နာ ခံနိုင်လာ၏။ သူ့အကျိုးကို ဆောင်ကြဉ်း လာနိုင်၏။ ဘုရားအလောင်းတော်အနေဖြင့်ရှိသော စေတနာ, မေတ္တာ, ကရုဏာတို့ကား အတိုင်းထက်အလွန် ကြီးမားသော စေတနာ, မေတ္တာ, ကရုဏာတို့ ဖြစ်ကြ၏။ ထို့ကြောင့်လည်း အတိုင်းထက်အလွန် အနစ်နာခံနိုင်ခြင်း ဖြစ်၏။ အတိုင်းထက်အလွန် သူ့အကျိုးကို ဆောင်ကြဉ်းနိုင်ခြင်း ဖြစ်၏။

အနစ်နာခံနိုင်ခြင်း ဟူသည်မှာ မိမိ၌ တွယ်တာမက်မောတတ်သော လောဘမရှိမှ ဖြစ်၏။ လောဘ ဦးဆောင်သော ကိလေသာများ မရှိမှ ဖြစ်၏။ လောဘရှိနေလျှင် မိမိဘက်ကို

ရယူဖို့ စိတ်ဝင်စားနေဦးမည် ဖြစ်၏။ မိမိအတွက် စိတ်ဝင်စားမှု ရှိခြင်းသည် လောဘရှိနေ၍သာ ဖြစ်၏။ ထို့ကြောင့် အနစ်နာ ခံနိုင်စိတ်ကို မွေးတော့မည်ဆိုလျှင် လောဘကို နိုင်သမျှ သတ်ထားဖို့ လို၏။

လောဘကို သတ်ခြင်းသည် ဘုရားအဖြစ်သို့ ရောက်သောအခါ အရဟတ္တမဂ်ဉာဏ်ကို ရချိန်၌ ဖြစ်၏။ ဘုရားရှင်၏ အရဟတ္တမဂ် ဉာဏ်ကား နှယ်နှယ်ရရ အရဟတ္တမဂ်ဉာဏ်မဟုတ်၊ ဝါသနာနှင့် တကွသော ကိလေသာတို့ကို သတ်နိုင်သော အရဟတ္တမဂ်ဉာဏ် ဖြစ်၏။ ထို့ကြောင့် အနစ်နာ ခံခြင်းသည် အရဟတ္တမဂ်ဉာဏ်ကို ရခြင်း၏ အကြောင်းဖြစ်၏။

သူ့အကျိုးကို ဆောင်နိုင်ခြင်းကား ပညာရှိမှ ဖြစ်၏။ ပညာရှိခြင်း တို့တွင် သဗ္ဗညုတဉာဏ်တော်ကို ရခြင်းသည် ပညာ အရှိဆုံးဖြစ်၏။ ထို့ကြောင့် သဗ္ဗညုတဉာဏ်ကို ရခြင်းသည် သူ့အကျိုးကို အဆောင် နိုင်ဆုံး၏ အကြောင်းဖြစ်လေ၏။

ဘုရားအလောင်းတော် ပါရမီများကို ဖြည့်ကျင့်ရာ၌ အနစ်နာ ခံခြင်းနှင့် သူ့အကျိုးကို ဆောင်ခြင်းမှတစ်ပါး အခြားသော တောင့်တမှုဟူ၍ ဘာမျှ မရှိ၊ ဘုရားအလောင်းတော်၏ဆန္ဒမှာ လောကအတွက် အနစ်နာ ခံနိုင်ဖို့သာ ဖြစ်၏။ နောက်ဆန္ဒတစ်ခု ရှိသေး၏။ ထိုဆန္ဒကား သူ့အကျိုးကို ဖြည့်ကျင့်ခြင်း ဖြစ်၏။ ဤဆန္ဒနှစ်ရပ်ကိုသာ ရည်ရွယ်ပြီး ဘုရားအလောင်းက ပါရမီများကို ဖြည့်ကျင့်ခြင်း ဖြစ်၏။ အခြား ဘာဆန္ဒမှလည်း မရှိ။ ဘာတောင့်တမှု မျိုးမှလည်း မရှိ။ သို့ရာတွင် မတောင့်တသော အရာများသည်

၁၆ ဦးရွှေအောင်

မြတ်စွာဘုရားအတွက် အံ့နှင့်ကျင်းနှင့် ဝင်လာလေ၏။ အံ့နှင့်ကျင်းနှင့် ဝင်လာသော်လည်း မြတ်စွာဘုရား အနေဖြင့် မမက်မော။

အမှန်အားဖြင့် 'မမက်မောလေ ရလေ' ဟူသည်မှာ ဓမ္မနိယာမ တစ်ခုဖြစ်၏။ မြတ်စွာဘုရားသည် ဘာကိုမျှ မမက်မော၊ ဘာကိုမျှ မမက်မောသော်လည်း အားလုံးသည် မြတ်စွာဘုရားထံသို့ ရောက်လာသည်ချည်း ဖြစ်၏။ ထို့ကြောင့် ဘာကိုမျှ မိမိအတွက် မမက်မောခြင်းသည် အလောဘပင် ဖြစ်၏၊ အလောဘဟူက ကုသိုလ် ဖြစ်၏။ ကုသိုလ်ဟူက ကောင်းသောအကျိုး ပေးမြဲဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရား၏ အလောဘက မြတ်စွာဘုရား အတွက် ကောင်းကျိုးဟူသမျှကို ပေးခြင်း ဖြစ်၏။ အလောဘ အကျိုးပေးရာတွင် ဝိသေသလက္ခဏာကိုလည်း ဆောင်၏။ သာမည လက္ခဏာကိုလည်း ဆောင်၏။ ဥဘတော ဝိမုတ္တလက္ခဏာကိုလည်း ဆောင်၏။ ဥဘတောဝိမုတ္တဟူသည်မှာ 'နှစ်ပါးစုံမှ လွတ်သော' ဟု အဓိပ္ပာယ်ရှိ၏၊ ဝိသေသလက္ခဏာမှလည်း လွတ်၏။ သာမည လက္ခဏာမှလည်း လွတ်၏။

ဝိသေသလက္ခဏာကို ဆောင်သောအခါ သိဒ္ဓတ္ထမင်းသားသည် ဘုရင်သုဒ္ဓေါဒန၏ သားတော်အနေဖြင့် သကျသာကီဝင်မင်းမျိုးတို့၏ ပူဇော်အထူးကို ခံယူထိုက်၏။ သာမညလက္ခဏာကို ဆောင်သော အခါ သိဒ္ဓတ္ထမင်းသားသည် သကျသာကီဝင်မင်းမျိုးတို့နှင့်သာ ပတ်သက်သည် မဟုတ်။ လူသားအားလုံးတို့နှင့် ပတ်သက်၏။ ထို့ကြောင့် လူသားအားလုံးတို့၏ ပူဇော်အထူးကိုလည်း ခံယူ ထိုက်လာ၏။

ဥဘတောဝိမုတ္တလက္ခဏာကို ဆောင်သောအခါ သိဒ္ဓတ္ထမင်းသားသည် လူသားအားလုံးတို့နှင့်သာ ပတ်သက်သည် မဟုတ်၊ သတ္တဝါအားလုံးတို့နှင့် ပတ်သက်၏။ ထို့ကြောင့် တိရစ္ဆာန်အားလုံးတို့၏ ကေရာဇ်အနေဖြင့်လည်း ပူဇော်အထူးကို ခံထိုက်လာ၏။ လူသားအားလုံးတို့၏ ကေရာဇ်အနေဖြင့်လည်း ပူဇော်အထူးကို ခံထိုက်လာ၏။ နတ်များ အားလုံးတို့၏ ကေရာဇ်အနေဖြင့်လည်း ပူဇော်အထူးကို ခံထိုက်လာ၏။ ဗြဟ္မာအားလုံးတို့၏ ကေရာဇ်အနေဖြင့်လည်း ပူဇော်အထူးကို ခံထိုက်လာ၏။

ဤသို့ လက္ခဏာသုံးပါးကို ဆောင်နိုင်ခြင်းမှာ မြတ်စွာဘုရား၏ အနှိုင်းမဲ့ မဟာကရုဏာတော်၊ အနှိုင်းမဲ့ အရဟတ္တမဂ်ဉာဏ်တော်၊ အနှိုင်းမဲ့ သဗ္ဗညုတဉာဏ်တော်တို့၏ စွမ်းအင်များကြောင့်ဖြစ်၏။

အမှန်အားဖြင့် အနှိုင်းမဲ့ မဟာကရုဏာတော်သည် လောကအပေါ် ကြင်နာတတ်သော ဘုရားအလောင်း၏ ကြင်နာခြင်း၏ အသီးအပွင့် ဖြစ်၏။ အနှိုင်းမဲ့ အရဟတ္တမဂ် ဉာဏ်တော်သည် လောကအတွက် အနစ်နာခံတတ်သော ဘုရားအလောင်း၏ အနစ်နာခံခြင်း၏ အသီးအပွင့် ဖြစ်၏။ အနှိုင်းမဲ့ သဗ္ဗညုတဉာဏ်တော်သည် လောက၏အကျိုးကို ဆောင်တတ်သော ဘုရားအလောင်း၏ သူတစ်ပါးအကျိုးကို ဆောင်ခြင်း၏ အသီးအပွင့် ဖြစ်၏။

မြတ်စွာဘုရားအဖြစ်သို့ရောက်တော်မူသောအခါ အာဠာဝကနှင့် အင်္ဂုလိမာလလို အတိုက်အခံ ပြုကြသူများ၏ အကျိုးစီးပွားကိုလည်း ဆောင်ရွက်တော်မူ၏။ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်လို

အလိုက်သင့် အလျားသင့် ဖြစ်သူများ၏ အကျိုးစီးပွားကိုလည်း ဆောင်ရွက်တော်မူ၏။

မြတ်စွာဘုရား၏အမြင်၌ အတိုက်အခံ ပြုသူဟူ၍လည်း မရှိ၊ အလိုက်သင့် အလျားသင့် ပြုသူဟူ၍လည်း မရှိ။ တကယ်တမ်း ရှိသည်ကား မင်္ဂဖိုလ်အတွက် ဥပနိဿယနှင့် ပြည့်စုံသူသာ ရှိ၏။ အားလုံးသည် သူ့အဆင့်နှင့်သူ ဝေနေယျချည်းသာ ဖြစ်၏။ ခွဲခြားမှုဟူ၍ မရှိ။

ပတ်ဝန်းကျင်အမြင်အားဖြင့်ဆိုလျှင်သာ တိတ္ထိများလည်း ရှိ၏၊ ပရိဗိုဇ်များလည်း ရှိ၏၊ ရိုးရိုးလူနတ်ဗြဟ္မာနှင့် သတ္တဝါများလည်း ရှိ၏၊ မြတ်စွာဘုရား၏ အမြင်အားဖြင့်တော့ အားလုံး ဝေနေယျချည်းသာ ဖြစ်၏။ ဝေနေယျများအား သူတို့၏ ဥပနိဿယများ အလိုက်သာ ချေချွတ်ပေးခြင်း ဖြစ်၏။ ဆိုင်ရာ ဆိုင်ရာ ဒေသနာတော်များကို ဟောကြားတော်မူခြင်း ဖြစ်၏။

တိတ္ထိများအားလည်း တိတ္ထိများ၏ ဥပနိဿယအလိုက် ဒေသနာတော်များကို ဟောကြားတော်မူ၏။ ပရိဗိုဇ်များအားလည်း ပရိဗိုဇ်များ၏ ဥပနိဿယအလိုက် ဒေသနာတော်များကို ဟောကြားတော်မူ၏။ ထိုထိုလူနတ်ဗြဟ္မာ သတ္တဝါများအားလည်း သူတို့၏ ဥပနိဿယ အလိုက် ဒေသနာတော်များကို ဟောကြားတော်မူ၏။ ထိုသို့ ဟောကြားရာ၌ သူတို့၏ ဥပနိဿယကိုလည်း သိတော်မူ၏။

မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ အတ္တဟိတ အနေဖြင့် ဆိုင်ရာဆိုင်ရာ သမာပတ်များကို ဝင်စားတော်မူ၏။

ပရဟိတအနေဖြင့်လည်း ပူသည့်အေးသည်၊ ပင်ပန်းသည်၊ နွမ်းနယ်သည်၊ မကျန်းမာသည်ကို အာရုံမထား၊ ကျွတ်ထိုက်သော ဥပနိဿယ ရှိသူနေရာသို့ အခါမလင့် ချက်ချင်း ကြွတော်မူ၏။ နတ်ပြည်၌ ရှိလျှင်လည်း နတ်ပြည်သို့ ချက်ချင်း ကြွတော်မူ၏။ ဗြဟ္မာပြည်၌ ရှိလျှင်လည်း ဗြဟ္မာပြည်သို့ ချက်ချင်း ကြွတော်မူ၏။ လူ့ပြည် တစ်နေရာရာ၌ ရှိလျှင်လည်း ထိုနေရာသို့ ချက်ချင်း ကြွတော်မူ၏။

လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကျင့်ပါမှ (၄၅)နှစ်သာလျှင် အလုပ် လုပ်ချိန်ကို ရတော်မူခြင်း ဖြစ်လေရာ အချိန်၏တန်ဖိုးကို အသိဆုံး ဖြစ်တော်မူသည့် အားလျော်စွာ အချိန်ကို အနည်းငယ်မျှ အလဟဿ အဖြစ်မခံ၊ တန်ဖိုး အရှိဆုံးအဖြစ် အသုံးချတော်မူ၏။ နောက်ဆုံး ပရိနိဗ္ဗာန် ပြုတော်မူချိန်အထိ မိမိ၏ ပင်ပန်းနွမ်းနယ်မှုကို အလေး ပြုတော်မမူဘဲ ဝေနေယျ သတ္တဝါတို့၏ အကျိုးစီးပွားကို ရွက်ဆောင် တော်မူသွားလေ၏။

အတ္တဟိတအနေဖြင့် ထိုထိုသမာပတ်များကို ဝင်စားတော် မူခြင်းမှာလည်း ပရဟိတကို ဆောင်ရွက်ရာတွင် အထောက်အပံ့ အနေဖြင့် အားကူသည့် သဘောမျိုးဖြင့်သာ ဝင်စားခြင်း ဖြစ်၏။ သက်သက် ဝင်စားချင်၍ ဝင်စားခြင်း မဟုတ်။

အမှန်အားဖြင့် မြတ်စွာဘုရား၏ အတ္တဟိတသည် ပရဟိတသို့ ကူးခပ်ရာ 'ဖောင်'သာ ဖြစ်လေ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ အတ္တဟိတသည် လမ်းစဉ်ဖြစ်၍ ပရဟိတသည်သာ ပန်းတိုင် ဖြစ်ပါ၏။ လောက၏ အကျိုးစီးပွားကို သည်ပိုးလို၍ မိမိ၏ကိုယ်ကို ကျန်းမာသန်စွမ်းအောင် အားထုတ်သည့် သဘောမျိုးသာ ဖြစ်လေ၏။

ဗုဒ္ဓဒေသနာတော်အရ ဘဝအတွက် ကြီးစွာသောအဟန့်အတား မှာ သံသယနှင့် အမြင်မှားပင် ဖြစ်၏။ သံသယကို 'ဝိစိကိစ္ဆာ'ဟု ခေါ်၏။ အမြင်မှားကို 'ဒိဋ္ဌိ'ဟု ခေါ်၏။ အမှန်အားဖြင့် 'သံသယနှင့် အမြင်မှား'သည် ဘဝအတွက် သံသရာ၏ ဆွဲအား ဖြစ်၏။ ထိုဆွဲအား ကြောင့် ဘဝသည် သံသရာ၌ နစ်မြုပ်ရခြင်း ဖြစ်၏။ ထို့ကြောင့် ဓမ္မရေးရာလုပ်ငန်း ဟူသမျှ၌ သံသယဟူ၍ လုံးဝ မရှိအပ်ချေ။ ဓမ္မ ရေးရာလုပ်ငန် ဟူသည်မှာလည်း ဘဝဖွံ့ဖြိုးရေးအတွက် ဆောင်ရွက် အပ်သော လုပ်ငန်းပင် ဖြစ်၏။

ဘဝဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာ၌ ယုံကြည်မှု အပြည့်ရှိဖို့ လို၏။ ယုံကြည်မှု အပြည့်ရှိခြင်းကို 'သိဒ္ဓိခြေ ရှိခြင်း'ဟူ၍ ကျမ်းဂန် များ၌ ဆို၏။ ယုံကြည်မှု အပြည့်ရှိလာလျှင် အတွေ့အမြင်များ အားလုံးသည် ရှင်းလင်းလာ၏၊ ကြည်လင်လာ၏၊ ပြတ်သားလာ၏။ 'ယုံကြည်မှုသည် ရေနောက်များအားလုံးကို ကြည်လင်သန့်ရှင်း စေနိုင်သော စကြာမင်း၏ ပတ္တမြားရတနာနှင့် တူသည်'ဟု အခိုင်း အနှိုင်း ရှိ၏။

ထို့ကြောင့် တကယ်တမ်း ယုံကြည်မှုသာရှိပါက အတွေးအမြင် ဟူသမျှ၌ ပေါ်ပေါက်နေသော အရှုပ်အထွေးဟူသမျှကို ဖယ်ရှား နိုင်မည်ဖြစ်၏၊ ရှင်းလင်းနိုင်မည်ဖြစ်၏၊ သုတ်သင်နိုင်မည်ဖြစ်၏။ ထိုအခါ ဘဝအတွက် မိမိဆောင်ရွက်ရမည့် လုပ်ငန်း၌ အတွေးရှင်း လာမည် ဖြစ်၏။ အမြင် ကြည်လင်လာမည် ဖြစ်၏။

ထို့ကြောင့် ဘဝအတွက် ဆောင်ရွက်ရာ၌ အတွေးရှင်းဖို့ အမြင်ကြည်လင်ဖို့အတွက် ယုံကြည်မှုကို အပြည့်အဝ လိုအပ်ခြင်း

ဖြစ်၏။ ယုံကြည်မှု အပြည့်အ၀ရှိမှ သံသယ ပျောက်မည်ဖြစ်၏။ သံသယကို ဖျောက်နိုင်ခြင်းသည် ဘ၀အတွက် သံသရာဆွဲအားကို ဖယ်ရှားနိုင်ခြင်း ဖြစ်၏။

သံသရာ၏ ဆွဲအားအနေဖြင့် အမြင်မှားဟူသည် ရှိသေး၏။ လောက၌ တစ်စုံတစ်ခုကို အခိုင်အမာအဖြစ် ယူခြင်းသည် အမြင်မှားပင် ဖြစ်၏။ အမှန်အားဖြင့် လောက၌ မည်သည့်အရာမှ အခိုင်အမာ ဟူ၍ မရှိ၊ အားလုံး ဖြစ်ပျက်ချည်းသာ ဖြစ်၏။ အကြောင်းတရားတို့ ညီညွတ်နေခိုက်သာ အကျိုးတရားအနေဖြင့် ရှိနေခြင်း ဖြစ်၏။ အကြောင်းတရားတို့ မညီညွတ်တော့ဘဲ ပြိုကွဲသွားသည်နှင့် တစ်ပြိုင်နက် အကျိုးတရားသည်လည်း ပြိုကွဲသွားမည်သာ ဖြစ်၏။

အမှန်အားဖြင့် မဂ္ဂင်ရှစ်ပါးကိုပင် အကြောင်းဘရားအနေဖြင့် အမြဲတည်တံ့နေအောင် မလုပ်နိုင်ကြောင်းကို ကုလ္လောပမသုတ်၌ မြတ်စွာဘုရားက ဟောကြားတော်မူထား၏။ မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်သို့ ကူးခပ်ရာ ဖောင်ဖြစ်၏။ နိဗ္ဗာန်သို့ရောက်လျှင် ဖောင်ကို ဖျက်ရုံသာ ရှိ၏။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖောင်ကိုပင် အမြဲတည်တံ့အောင် မလုပ်နိုင်လျှင် လောက၌ အမြဲတည်တံ့အောင် လုပ်နိုင်သော အရာဟူ၍ ဘာများ ရှိတော့မည်နည်း။

ထို့ကြောင့် လောက၌ အမြဲထာ၀ရ အခိုင်အမာ အနေဖြင့် တစ်စုံတစ်ခု ရှိသည်ဟု ယူခြင်းသည် အမြင်မှားဖြစ်၏။ ထိုအမြင်မှားသည် ဘ၀ခရီး၌ သံသရာ၏ဆွဲအား ဖြစ်၏။ ထိုဆွဲအားကို ဖယ်ရှားအပ်၏။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် 'လောကဥ္စ အခိုင်အမာ အမြဲထာဝရ တည်ရှိနေသော တစ်စုံတစ်ခုဟူသည် မရှိ'ဟု ပြောဆိုသူများပါ၏။ သို့ရာတွင် ပြောဆိုသည့်အတိုင်း ယုံကြည်သူကား နည်းပါးလေ၏။ ထို့ကြောင့် မိမိတို့၏ ဘဝမှတ်တမ်းကို ကမ္ဘာတည်သရွေ့တည်အောင် ဟူသော ရည်ရွယ်ချက်ဖြင့် အားထုတ်ခြင်း ဖြစ်၏။ မတည်ဘဲ ပျက်ကာမှပျက်ရော ကမ္ဘာတည်သရွေ့ တည်အောင်ဟူသော ရည်ရွယ် ချက်ဖြင့် အားထုတ်သည်ကတော့ အမှန်။

ထိုသို့ ကမ္ဘာတည်သရွေ့ တည်အောင်ဟူသော ရည်ရွယ်ချက်ဖြင့် အားထုတ်ခြင်းကား ဘဝတဏှာသာ ဖြစ်၏။ ဘဝတဏှာသည် သဿတဒိဋ္ဌိနှင့် ယှဉ်၏။ ထို့ကြောင့် ယင်းကို 'အမြင်မှား'ဟူ၍ ဆိုရ၏။

အမှန်အားဖြင့် ဤလောကဥ္စ ကာလမှလွတ်သော တစ်စုံတစ်ခု ဟူ၍ မရှိ၊ ကာလမှလွတ်သော အရာဟူ၍ နိဗ္ဗာန်သာ ရှိ၏၊ နိဗ္ဗာန်သာ ကာလ၏ အရှိန်အဝါမှ လွတ်၏။ ထို့ကြောင့် နိဗ္ဗာန်သာ အစဉ် အမြဲ တည်ရှိနိုင်၏။ နိဗ္ဗာန်မှတစ်ပါး ကာလမှအလွတ် တစ်စုံတစ်ရာ ဟူ၍ မရှိကောင်းသောကြောင့် အရာဝတ္ထုဟူသမျှသည် သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ တစ်ခုသောအချိန်တွင် ဖြစ်၍ တစ်ခုသော အချိန်တွင် ပျက်ရမည်ကား ဓမ္မတာ ဖြစ်၏။

ထို့ကြောင့် **'ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံ = ဖြစ်သော အရာဟူသမျှသည် ပျက်ခြင်းသဘောရှိသည်'**ဟု ဆိုခြင်း ဖြစ်ပါ၏။

ဤသို့သော တကယ်တမ်း သဘောပေါက်ပါက သံသယနှင့် အမြင်များကို ပယ်ဖျောက်နိုင်ရာ၏။ အရှည်တည်တံ့ခြင်း၊ မတည်တံ့ခြင်းကား မိမိနှင့် မပတ်သက်၊ မိမိနှင့်ပတ်သက်သည်ကား ပစ္စုပ္ပန် တည့်တည့်၌ ကောင်းအောင် လုပ်ခြင်းသာပါတည်း။

(မဏိဇောတဘာသာရေးမဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၂၊ ဒီဇင်ဘာ ၁၉၉၄)

❖ ❖ ❖

လောက၏ အစီးအပွားအတွက်
ဆောင်ရွက်မည်ဆိုပါက မေတ္တာပါမှ ဖြစ်၏။
လောကုတ္တရာ အစီးအပွားအတွက်
ဆောင်ရွက် မည်ဆိုပါက
သုညတ မပါဘဲနှင့် မဖြစ်။ သုညတပါမှ ဖြစ်၏။
သုညတဟူသည်
အတ္တမှ ဆိတ်သုဉ်းမှုပင် ဖြစ်၏။

## ဗုဒ္ဓဝါဒပေါ်ထွန်းခြင်း (၃)

မြတ်စွာဘုရား၏ဝါဒသည် တစ်ခုတည်းသောဘဝ၌ အမြင် နှစ်မျိုးကို ပြောင်းသွားစေနိုင်၏။ အဝိဇ္ဇာအမြင်နှင့် ဝိဇ္ဇာအမြင်တို့ ဖြစ်ကြ၏။ ပုထုဇဉ်တို့၏အမြင်ကား အဝိဇ္ဇာအမြင် ဖြစ်၏။ အရိယာတို့၏ အမြင်ကား ဝိဇ္ဇာအမြင် ဖြစ်၏။

အဝိဇ္ဇာအမြင်ကို အိပ်မက်နှင့် နှိုင်းယှဉ်နိုင်၏။ အိပ်မက်ထဲ၌ လူတို့သည် ကောင်းကင်၌လည်း သွားနိုင်၏။ ရေပြင်၌လည်း သွားနိုင်၏။ ရှင်ဘုရင်လည်း ဖြစ်နိုင်၏။ သူဌေးကြီးလည်း ဖြစ်နိုင်၏။ သူတောင်းစားလည်း ဖြစ်နိုင်၏။

တစ်ခါက မိတ္ထိလာပြည့်ရှင် ဘုရင်ဇနကသည် အိပ်မက်ထဲ၌ သူတောင်းစား ဖြစ်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် အိပ်မက် ဟူသည် မက်ချင်သလို မက်နိုင်၏။ တိကျသော စည်းကမ်း သတ်မှတ်ချက်ဟူ၍ မရှိ။ ထိုသို့ မက်သော်လည်း အိပ်မက်သည် အိပ်မက်ကာလအတွင်း၌မူ အားလုံး အမှန်ချည်း ဖြစ်၏။ အားလုံး ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံရသည့် ကိုယ်တွေ့များချည်းသာ ဖြစ်၏။ ထို့ကြောင့် အိပ်မက်ကိုလည်း အမှန်ဟူ၍ ဆိုရခြင်း ဖြစ်၏။

ဝိဇ္ဇာအမြင်ကို နိုးကြားဘဝနှင့် နှိုင်းယှဉ်နိုင်၏။ အိပ်မက်မှ နိုးကြားလာသောအခါ အိပ်မက်သိဟူသမျှသည် အားလုံး အမှားချည်း ဖြစ်ကြောင်းကို တွေ့ရ၏။ အိပ်မက်ကာလအတွင်း၌ မှန်ခဲ့သည် မှန်၏။ သို့ရာတွင် နိုးကြားသောအခါ ထိုအမှန်သည်ပင် မမှန်ဖြစ်သွားရ၏။ ထို့ကြောင့် အမှန်ဟူတိုင်းလည်း ထာဝရမှန်သည် မဟုတ်၊ ယာယီအမှန် လည်း ရှိ၏။ အမှန်အားဖြင့် အိပ်မက်အမှန်ကို နိုးကြားအမှန်က ချေဖျက်လိုက်၏။

အမှန်တစ်ခုသည် နောက်အမှန်တစ်ခုက ချေဖျက်ခြင်း မခံရမီ ကာလအတွင်း အမှန်အဖြစ် ရပ်တည်နိုင်၏။ နောက် အမှန်တစ်ခုက ချေဖျက်ခြင်းခံရသည်နှင့် တစ်ပြိုင်နက် ထိုအမှန်သည် အမှားအဖြစ်သို့ ရောက်သွားရလေ၏။ ဤသည်မှာ ယာယီမှန်တို့၏ သဘောဖြစ်၏။

ပုထုဇဉ်တို့၏ အတွေးအမြင် ဟူသမျှသည် ပုထုဇဉ်ဘဝ တွင်သာ အမှန်ဖြစ်၏။ အရိယာဘဝသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် အားလုံးအမှားချည်း ဖြစ်သွားရ၏။ ပုထုဇဉ်တို့၏ ဘဝအမြင်ကား ဝိပ္ပလ္လာသအမြင် ဖြစ်၏။ မစင်ကို ဝက်တို့က ဣဋ္ဌာရုံအဖြစ် သိ၏။ ဤသည်ကို **'စိတ္တ ဝိပ္ပလ္လာသ'**ဟု ခေါ်၏။ ဣဋ္ဌာရုံအဖြစ် မှတ်ထား၏။ ဤသည်ကို **'သညာ ဝိပ္ပလ္လာသ'**ဟု ခေါ်၏။ ဣဋ္ဌာရုံအဖြစ် မြင်၏။ ဤသည်ကို **'ဒိဋ္ဌိ ဝိပ္ပလ္လာသ'**ဟု ခေါ်၏။

လူများကမူ မစင်ကို ဣဋ္ဌာရုံအဖြစ် သိလည်း မသိ၊ မှတ်လည်း မမှတ်၊ မြင်လည်း မမြင်၊ အနိဋ္ဌာရုံအဖြစ်သာသိလည်း သိ၏။ မှတ်လည်း မှတ်၏။ မြင်လည်း မြင်၏။ အမြင်ချင်းကား

မတူ။ မတူသော်လည်း သူ့အမြင်နှင့်သူ မှန်သည်ပင် ဖြစ်၏။ ထို့ကြောင့် သူ့ရှုထောင့်နှင့်သူ အမှန် ဖြစ်လေသောကြောင့် တစ်ခုကိုတစ်ခု ချေဖျက်၍ ရသည်ဟု မဆိုကောင်း။

အမှန်အားဖြင့် ကိုယ်တွေ့ တွေ့ကြုံရသမျှ ကိုယ်တွေ့ဟူသမျှ သည် အမှန်ချည်းသာ ဖြစ်ပါ၏။ ကိုယ်တွေ့ဟူရာ၌ သူ့ကိုယ်တွေ့နှင့် မိမိကိုယ်တွေ့ချင်းသာ ခြားနား၏။ ကိုယ်တွေ့သာမညအားဖြင့်တော့ မခြားနား။ ထို့ကြောင့် ကိုယ်တွေ့အားလုံးကို ခြုံ၍ သာမညအားဖြင့် 'ကိုယ်တွေ့'ဟူ၍ပင် ဆိုရ၏။ ထို့ကြောင့် ပုထုဇဉ်သိ ဟူသမျှကို ပုထုဇဉ်တို့၏ ဘဝအတွင်း၌ အမှန်ဟူ၍ ဆိုရခြင်းဖြစ်၏။

ပုထုဇဉ်တို့၏ ဘဝသိသည် ပုထုဇဉ်တို့၏ ဘဝအတွင်း၌သာ အမှန်ဖြစ်သော်လည်း ထာဝရအမှန်ကား မဟုတ်။ ယင်းကို ချေဖျက် နိုင်သော အမှန်ဟူသည် ရှိသေး၏။ ထာဝရအမှန်ကား အရိယာသိသာ ဖြစ်၏။ အရိယာသိသည် ပုထုဇဉ်သိကို ပြောင်းပြန် လှန်ပစ်လေ၏။ ပုထုဇဉ်က ပုဂ္ဂိုလ်အနေဖြင့် သိ၏။ ပုဂ္ဂိုလ်အနေဖြင့် မှတ်၏။ ပုဂ္ဂိုလ်အနေဖြင့် မြင်၏။ အရိယာကမူ ထိုကဲ့သို့ သိလည်း မသိ၊ မှတ်လည်း မမှတ်၊ မြင်လည်း မမြင်။

ပုထုဇဉ်က သတ္တဝါအနေဖြင့် သိ၏၊ သတ္တဝါအနေဖြင့် မှတ်၏၊ သတ္တဝါအနေဖြင့် မြင်၏၊ အရိယာက ထိုကဲ့သို့ သိလည်း မသိ၊ မှတ်လည်း မမှတ်၊ မြင်လည်း မမြင်။

အရိယာများအနေဖြင့် သိသည်ကား ရုပ်နာမ်သာတည်း၊ အရိယာများအနေဖြင့် မှတ်သည်ကား ရုပ်နာမ်သာတည်း၊ အရိယာ

များအနေဖြင့် မြင်သည်ကား ရုပ်နာမ်သာတည်း။ လောကတွင် ရုပ်နာမ်မှ လွဲ၍ အခြား ဘာမျှ မရှိ။

ပုထုဇဉ်သိကို အရိယာသိက ချေဖျက်နိုင်၏။ ပုထုဇဉ်တို့၏ အသိကို 'အိပ်မက်သိ'နှင့် နှိုင်းလျှင် အရိယာတို့၏ အသိကို 'နိုးကြားသိ' နှင့် နှိုင်းနိုင်၏။ ပုထုဇဉ်များတွင် တိရစ္ဆာန်တို့၏အသိနှင့် လူတို့၏ အသိချင်း မတူကြ၊ လူတို့၏အသိနှင့် နတ်တို့၏အသိချင်း မတူကြ၊ နတ်တို့၏အသိနှင့် ဗြဟ္မာတို့၏ အသိချင်း မတူကြ၊ တိရစ္ဆာန် အချင်းချင်း၊ လူ အချင်းချင်း၊ နတ် အချင်းချင်း၊ ဗြဟ္မာ အချင်းချင်း တို့သည်လည်း အသိချင်း မတူကြ။

သို့ မတူကြသော်လည်း ပုထုဇဉ်သိများအနေဖြင့် အသိမှားခြင်း၊ အမှတ်မှားခြင်းနှင့် အမြင်မှားခြင်းများချည်းသာ ဖြစ်၏။ ယင်းကို 'ဝိပ္ပလ္လာသ'ဟု ခေါ်၏။ ဝိပ္ပလ္လာသချင်းကား အတူတူ။ အနိမ့်အမြင့်သာ ကွာခြား၏။ ထို့ကြောင့် ပုထုဇဉ်သိဟူသမျှကို တိရစ္ဆာန်သိပဲဖြစ်ဖြစ်၊ လူသိပဲဖြစ်ဖြစ်၊ နတ်သိပဲဖြစ်ဖြစ်၊ ဗြဟ္မာသိပဲဖြစ်ဖြစ် 'အမှားသိ'ဟူ၍သာ ဆိုရ၏။ အမှားသိဟူသည် အဝိဇ္ဇာသိပင် ဖြစ်၏။ အိပ်မက်သိပင် ဖြစ်၏။

အရိယာသိကား တစ်ဦးနှင့်တစ်ဦး အပြောင်းအလဲမရှိ။ အရိယာများအနေဖြင့် အဆင့်ချင်း ခြားနားမှု ရှိသည်မှန်၏။ သို့ရာတွင် အသိချင်းအနေဖြင့်ကား မူလဘူတသဘောအရ ခြားနားမှုဟူ၍ မရှိ။ အရိယာများ၏ အသိတွင် ပုဂ္ဂိုလ်လည်း မရှိ၊ သတ္တဝါလည်း မရှိ၊ အားလုံး ရုပ်နှင့်နာမ်သာ ရှိလေ၏။ ထို့ကြောင့် ထိုအသိကို 'အမှန်သိ'ဟူ၍သာ ဆိုရ၏။ အမှန်သိဟူသည် ဝိဇ္ဇာသိပင် ဖြစ်၏။ နိုးကြားသိပင် ဖြစ်၏။

အဝိဇ္ဇာသိထဲတွင် ကံကြမ္မာလည်း ပါ၏။ ကံကြမ္မာသည် အရေးကြီး၏။ ကံကြမ္မာဟူသည် အဝိဇ္ဇာအပေါ်၌ အခြေခံပြီး အဝိဇ္ဇာ၏ သားသမီးသဖွယ် ဖြစ်သော်လည်း သူ့နိယာမနှင့်သူတော့ မှန်သည်ပင် ဖြစ်၏။ ကောင်းသော ကံကြမ္မာက ကောင်းသော အကျိုးတရားကို ဖြစ်စေ၏။ မကောင်းသော ကံကြမ္မာက မကောင်းသော အကျိုးတရားကို ဖြစ်စေ၏။

ဤသည်မှာ နိယာမ ဖြစ်၏။ ဤနိယာမသည် အိပ်မက် လောက၌ ဖောက်ပြန်ခြင်း မရှိ။ နိုးကြားသော လောကသို့ ရောက် သောအခါမှသာ ကံကြမ္မာဟူ၍ မရှိတော့ဘဲ ကြိယာအဖြစ်သာ ရှိတော့၏။ ကံကြမ္မာဟူ၍ မရှိတော့လျှင် ကံကြမ္မာ၏ အကျိုးဟူ၍ပင် မရှိတော့ပါချေ။ သို့ရာတွင် အားကောင်းသော ကံကြမ္မာအဖြစ်သို့ ရောက်ခဲ့ပြီးသော ကံကြမ္မာ တို့ကား နိုးကြားဘဝသို့ ရောက်သည့် တိုင်အောင်ပင် အရှိန်အဟုန်အနေဖြင့် အကျိုးပေးသေး၏။

လောက၌ ကောင်းသော လုပ်ငန်းကို လုပ်တိုင်း ချမ်းသာသည် မဟုတ်၊ ဆင်းရဲသူများလည်း ရှိကြ၏။ မကောင်းသော လုပ်ငန်းကို လုပ်သူတိုင်းလည်း ဆင်းရဲသည် မဟုတ်၊ ချမ်းသာသူများလည်း ရှိကြ၏။ တစ်ခါတစ်ရံ လိမ်ညာကောက်ကျစ်သူများက ထိပ်တန်း ရောက်နေသည်ကိုပင် တွေ့နိုင်၏။ ထိုအခါ ကံကြမ္မာ၏ နိယာမကို သံသယ ဝင်လာနိုင်လေ၏။ အမှန်အားဖြင့် ကံကြမ္မာ၏ နိယာမနှင့် ပတ်သက်၍ ယုံမှားစရာဟူ၍ ဘာမျှမရှိ။ အားလုံးအမှန်ချည်းသာ ဖြစ်၏။

ကံကြမ္မာ အကျိုးပေးမှုနှင့် ပတ်သက်၍ အကြောင်းလေးချက် ရှိ၏။ အတိတ်ကံကြမ္မာလည်း ပါဝင်၏။ အတိတ်ကံကြမ္မာကို

အထည်ကိုယ် အကြောင်း’ဟူ၍ ဆိုရ၏။ စားပွဲလုပ်သောအခါ သစ်သားသည် အကြောင်း တစ်ပါးဖြစ်၏။ ယင်းအကြောင်းကို ပါဠိဝေါဟာရအားဖြင့် ‘ဥပါဒါန ကာရဏ’ဟူ၍ ဆိုရ၏။

ဉာဏ်နှင့် ဝီရိယဟူသော ပစ္စုပ္ပန်အကြောင်းလည်း လိုအပ်၏။ စားပွဲလုပ်သောအခါ လက်သမားရှိမှ ဖြစ်၏။ လက်သမားကသာ သစ်သားကို စားပွဲအဖြစ်သို့ ရောက်အောင် ပုံဖော်နိုင်၏။ ထို့ကြောင့် ဉာဏ်နှင့် ဝီရိယကို ‘ဗိသုကာ အကြောင်း’ဟူ၍ ဆိုရ၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် ‘နိမိတ္တ ကာရဏ’ ဟူ၍ ဆိုရ၏။

ပုံစံအကြောင်းလည်း လိုအပ်၏။ စားပွဲလုပ်သောခါ ပုံစံရှိမှ ဖြစ်၏၊ ပုံစံမရှိလျှင် မဖြစ်။ ပုံစံသည်လည်း ပစ္စုပ္ပန်အကြောင်းပင် ဖြစ်၏။ ယင်းပုံစံအကြောင်းကို ပါဠိဝေါဟာရအားဖြင့် ‘သမဝါယ ကာရဏ’ဟူ၍ ဆိုရ၏။ သမဝါယကာရဏဟူသည်မှာ စိတ်ဓာတ်ပင် ဖြစ်၏။ အကျိုးကို တကယ်တမ်း ဖြစ်ပေါ်စေချင်သော စိတ်ဓာတ် ရှိဖို့လည်း လိုအပ်သည်မှာ အမှန်ဖြစ်၏။

နောက်ဆုံး အကြောင်းကား တောင့်တမှု ဖြစ်၏။ တောင့်တမှုကို ‘ပတ္ထနာ’ဟူ၍ ပါဠိဝေါဟာရအားဖြင့်ခေါ်၏။ တောင့်တမှုသည်လည်း ပစ္စုပ္ပန်အကြောင်းပင် ဖြစ်၏။ တောင့်တမှုဟူသည် ဆန္ဒပင် ဖြစ်၏။ ဤအကြောင်းလေးပါးပြည့်စုံမှ လိုအပ်သောအကျိုးကို ရနိုင်၏။

ထို့ကြောင့် အကျိုးတရား တစ်ခုရဖို့အတွက် အကြောင်းတရား လေးပါးကို လိုပါ၏။ အကြောင်းလေးပါးတွင် အတိတ်အကြောင်းက

တစ်ပါးနှင့် ပစ္စုပ္ပန်အကြောင်းက သုံးပါးတို့ ဖြစ်၏။ ထို့ကြောင့် ပစ္စုပ္ပန်တွင် ဉာဏ် ဝီရိယ၊ စိတ်နှင့်ဆန္ဒတို့ဖြင့် စိုက်ထုတ်ဖို့က များစွာ အရေးကြီးပါ၏။

မကောင်းသော အကုသိုလ်လုပ်ငန်းဖြင့် ချမ်းသာရာ၌ အတိတ် အကြောင်းဖြစ်သော ကံကြမ္မာသည်လည်း ပြဋ္ဌာန်း၏။ အတိတ်က မကောင်းမှုဖြင့် ရအပ်သော အ,ဓမ္မိယလဒ္ဓ ပစ္စည်းဝတ္ထုများဖြင့် အလှူဒါနကို များစွာပြုခဲ့သူအတွက် မကောင်းမှုဖြင့် ကောင်းကျိုး ချမ်းသာကို ပေးနိုင်၏။ ပဋ္ဌာန်းဥပနိဿယ ပစ္စည်းခန်း၌ အကုသိုလ် ကလည်း ကုသိုလ်ကို ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုနိုင်ကြောင်းကို ဖော်ပြထား၏။

ထို့ကြောင့် ပစ္စုပ္ပန်အကြောင်းသုံးပါးသာ အားကောင်းမည်ဆိုပါ လျှင် မကောင်းမှု အကုသိုလ်လုပ်ငန်းများဖြင့် ကောင်းကျိုးချမ်းသာကို ပေးနိုင်၏။ သို့ရာတွင် အဖေကို သတ်တိုင်း ဘုရင် မဖြစ်သည်ကိုလည်း နားလည်ရမည် ဖြစ်၏။ အဖကို သတ်ခြင်းအားဖြင့် ဘုရင် ဖြစ်သည် လည်း ရှိ၏။ ကွပ်မျက် ခံရသည်လည်း ရှိ၏။ ဘုရင်ဖြစ်ခြင်းမှာ ရှေးအတိတ်ဘဝများက မကောင်းမှုဖြင့် ရအပ်သော ပစ္စည်းဝတ္ထု များဖြင့် ကောင်းမှုကုသိုလ် ပြုခဲ့ခြင်းကြောင့်လည်းကောင်း၊ ပစ္စုပ္ပန် အကြောင်း သုံးပါးကို ပိုင်နိုင်စွာ ဆောင်ရွက်နိုင်သောကြောင့် လည်းကောင်း ဖြစ်၏။ ကွပ်မျက်ခံရခြင်းမှာမူ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကြောင်းများ ချို့တဲ့သောကြောင့် ဖြစ်၏။

သမ္မာအာဇီဝဖြင့် ကောင်းစွာ အသက်မွေးမြူပါလျက် ဆင်းရဲ ဒုက္ခ ရောက်ရခြင်းမှာလည်း ရှေးအတိတ် ဘဝက ကောင်းစွာ

ရအပ်သော ဓမ္မိယလဒ္ဓပစ္စည်းများဖြင့် မကောင်းမှုအကုသိုလ်လုပ်ငန်းများကို ပြုလုပ်ခဲ့သောကြောင့် ဖြစ်၏။ ထို့ကြောင့် ကမ္မနိယာမသည် မှန်ပါ၏။ ကောင်းမှုကို လုပ်ပါက ကောင်းကျိုးကို ရ၍ မကောင်းမှုကို လုပ်ပါက မကောင်းကျိုးကို ရပါ၏။ ယုံမှားဖွယ် မရှိသင့်။

လူ့ဟူသည်မှာ တစ်သားတည်း Homogeneity မဟုတ်၊ အမျိုးမျိုးတို့၏ အစုအပေါင်း Hetrogeneity ဖြစ်၏။ လူ့ဘဝတွင် မရေမတွက်နိုင်သော ဓမ္မများ ပါဝင်၏။ ထိုဓမ္မများကား မိမိတို့ သဘောကို မိမိတို့ ဆောင်ကြသည်သာ ဖြစ်၏။ ထိုအခါ ဓမ္မများ အချင်းချင်း လိုက်လျောညီထွေ ဖြစ်သည့်အခါလည်း ရှိ၏။ တစ်ခုနှင့် တစ်ခု ဝိရောဓိ ဖြစ်သည့်အခါလည်း ရှိ၏။

ဘဝကို ဖွဲ့စည်းထားသော ထိုထိုဓမ္မများကို အချင်းချင်း ဝိရောဓိ မဖြစ်စေဘဲ အဝိရောဓိ သဘောအရ လိုက်လျောညီထွေ ဖြစ်အောင် လုပ်ဖို့ လိုအပ်၏။ ထိုအခါမှသာ အချင်းချင်းလိုက်လျောညီထွေနှင့် ကာရံသင့် Harmony ဖြစ်ပေလိမ့်မည်။

ဘဝကို ဖွဲ့စည်းထားသော ဓမ္မများ အချင်းချင်း လိုက်လျောညီထွေနှင့် ကာရံသင့် Harmony ဖြစ်သောအခါ စိတ်က ကြံစည်ခြင်းနှင့်နှုတ်က ပြောဆိုခြင်းတို့သည်လည်း ရှေ့နှင့်နောက် လိုက်လျောညီထွေ ဖြစ်ပေလိမ့်မည်။ နှုတ်က ပြောဆိုခြင်းနှင့် ကိုယ်က ပြုမူခြင်းတို့သည်လည်း ရှေ့နှင့်နောက် လိုက်လျောညီထွေ ဖြစ်ပေလိမ့်မည်။ သို့မဟုတ်ပါက စိတ်က ကြံချင်ရာကို ကြံပြီး နှုတ်ကလည်း ပြောချင်ရာကို ပြော၊ ကိုယ်ကလည်း လုပ်ချင်ရာကို လုပ်ပေလိမ့်မည်။

အမှန်အားဖြင့် ကိုယ် နှုတ် စိတ် သုံးပါးတို့ တစ်ဖြောင့်တည်း ကျခြင်းသည်ပင် ကာရံသင့် Harmony ဖြစ်သည်မည်ပါ၏၊ ယင်းကို 'ကိုယ်နှုတ်တို့၏ ဖြောင့်မတ်ခြင်း–ဥဇု'ဟူ၍ လည်းကောင်း၊ 'ကိုယ်နှုတ် စိတ်သုံးပါးတို့၏ ဖြောင့်မတ်ခြင်း–သုဟုဇု'ဟူ၍ လည်းကောင်း ဆိုပါ၏။ သံဃာ့ဂုဏ်တော်၌ 'ဥဇုပ္ပဋိပ္ပန္နော' ဟူသည်မှာ ကိုယ်နှုတ် စိတ်သုံးပါးကို 'ဖြောင့်မတ်စွာ ကျင့်သူ'ဟူ၍ ဖြစ်၏။ ယင်းသို့ ကျင့်နိုင်ခြင်းသည် အရိယာတို့မှ ကျင့်နိုင်သော အကျင့်ဖြစ်၏။

ဘဝကို ဖွဲ့စည်းထားသော ဓမ္မတို့အချင်းချင်း လိုက်လျောညီထွေ ရှိပြီး အချင်းချင်း ကာရံသင့် Harmony ဖြစ်နိုင်ပါစိမ့်သောငှာ ရှေးဦးစွာ သီလဝိသုဒ္ဓိ ဖြစ်အောင် အားထုတ်အပ်၏။ သီလဝိသုဒ္ဓိ ဟူသည်မှာ ကာယကံမှုနှင့် ဝစီကံမှုတို့ အချင်းချင်း လိုက်လျောညီထွေ ရှိအောင် ပြုခြင်းပင် ဖြစ်၏။ လိုက်လျောညီထွေ ရှိလာသောအခါ ကာယဒုစရိုက်နှင့် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ပေလိမ့်မည်။

ထို့နောက် စိတ္တဝိသုဒ္ဓိ ဖြစ်အောင် အားထုတ်အပ်၏။ စိတ္တဝိသုဒ္ဓိ ဖြစ်သောအခါ ကာယကံမှု၊ ဝစီကံမှုနှင့် မနောကံမှုတို့အချင်းချင်း လိုက်လျောညီထွေ ရှိလာပေလိမ့်မည်။ ထိုအခါ မနောဒုစရိုက်ပါ ကင်းဝေးလာမည် ဖြစ်၏။ ကံသုံးပါး ဖြူစင် လာမည်ဖြစ်၏။ ကံ သုံးပါး ဖြူစင်လာသောအခါ မကောင်းမှု ဟူသမျှကို မပြုခြင်း၊ ကောင်းဟူသမျှကို ပြုခြင်းတို့ဖြင့် ဘဝကို တည်ဆောက်ပေလိမ့်မည်။

အမှန်အားဖြင့် မကောင်းမှုကို မပြုခြင်းနှင့် ကောင်းမှုကို ပြုခြင်း သည် ဘဝကို ဖွံ့ဖြိုးအောင် တည်ဆောက်ခြင်းသာ ဖြစ်၏။ ဘဝကို ဖွံ့ဖြိုးအောင် တည်ဆောက်ခြင်းသည် ဗုဒ္ဓဒေသနာတော်အရ ဒုက္ခကို

တည်ဆောက်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် ဘဝတည်းဟူသော ဒုက္ခမှ ငြိမ်းအောင် မိမိ၏စိတ်ကို ဖြူစင်အောင် ထားရာ၏။ မိမိ စိတ်ကို ဖြူစင်အောင် ထားခြင်းဟူသည်မှာ 'မိမိ၏အတ္တ' ကိုချုပ်ငြိမ်း အောင် ဝိပဿနာ ရှုခြင်းပင် ဖြစ်၏။ 'မိမိ၏အတ္တ' ချုပ်ငြိမ်းသွားလျှင် မကောင်းမှု ဟူသည်လည်း မရှိတော့၊ ကောင်းမှု ဟူသည်လည်း မရှိတော့၊ ယင်းကိုပင် **'ကုသလာကုသလံ ဇဟံ–ကုသိုလ်နှင့် အကုသိုလ်ကို ပယ်ခြင်း'**ဟူ၍ ဆိုပါ၏။

အမှန်အားဖြင့် အကုသိုလ်ကား ဘဝကို သံကြိုးဖြင့် ချုပ်နှောင် ၏။ ကုသိုလ်ကား ဘဝကို ရွှေကြိုးဖြင့် ချုပ်နှောင်၏။ ချုပ်နှောင်ခြင်း ကတော့ အတူတူ၊ သံကြိုးနှင့် ရွှေကြိုးသာ ခြားနားလေ၏။ ချုပ်နှောင်ခြင်း ဟူသမျှမှ လွတ်မြောက်အောင် အားထုတ်ရေးအတွက် လောက၌ **'ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း'** ဖြစ်ပါ၏။

(မဇ္ဈိမဓာတုဘာသာရေးမဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၃၊ ဇန်နဝါရီ၊ ၁၉၉၅)

❖ ❖ ❖

# ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း [၄]

ဝါဒရေးရာများတွင် ကြိယဝါဒများလည်း ရှိ၏။ အကြိယဝါဒ များလည်း ရှိ၏။ အညာဏဝါဒများလည်း ရှိ၏။ ဝိနယဝါဒလည်း ရှိ၏။ ဤဝါဒလေးမျိုးသည် ဗုဒ္ဓနှင့် ခေတ်ပြိုင် ထွန်းကားခဲ့သော ဝါဒများ ဖြစ်၏။ ဤသို့ ဒဿနသမိုင်းဆရာများက ဆိုကြသည်။

ထိုဝါဒလေးမျိုးတွင် ကြိယဝါဒသည် မဟာဝီရ၏ဝါဒ ဖြစ်၏။ မဟာဝီရဟူသည် နိဂဏ္ဌနာဋပုတ္တပင် ဖြစ်၏။ ကြိယဝါဒအရ ကောင်းမှုကို လုပ်လျှင် ကောင်းကျိုးကို ရ၏၊ မကောင်းမှုကို လုပ်လျှင် မကောင်းကျိုးကို ရ၏။ အပြောင်းအလဲဟူ၍ မရှိ။ ဤအယူဝါဒမှာ မှန်သလိုလို ရှိသော်လည်း တကယ်တမ်းအားဖြင့်မူ မမှန်။

ပဌာန်း ဥပနိဿယ ပစ္စည်းခန်း၌ အကုသိုလ်ကလည်း ကုသိုလ်ကို ကျေးဇူးပြုတတ်၏။ ကုသိုလ်ကလည်း အကုသိုလ်ကို ကျေးဇူးပြုတတ် ၏။ အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသောအခါ ကောင်းကျိုးကို ရ၏။ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုသောအခါ

မကောင်းကျိုးကို ရ၏။ ဤသဘောကို နားလည်လိုလျှင် ကံတို့၏ ဥပတ္ထမ္ဘကသတ္တိနှင့် ဇနကသတ္တိတို့ကို နားလည်မှ ဖြစ်၏။

မဟာဝီရကား အတ္တရှုထောင့်မှ ကြည့်သောအခါ ကုသိုလ်နှင့် အကုသိုလ်တို့၏ ဇနကသတ္တိကိုသာ နားလည်၏၊ ဥပတ္ထမ္ဘကသတ္တိကို နားမလည်။ ဥပတ္ထမ္ဘကသတ္တိနှင့် ဇနကသတ္တိတို့ကို နားလည်ဖို့ ဆိုသည်မှာလည်း အနတ္တ ရှုထောင့်မှ ကြည့်သောအခါမှသာ နားလည်နိုင်၏။

အကြိယဝါဒဟူသည်မှာ အဇိတကေသကမ္ဗလ၏ ဝါဒဖြစ်၏။ လောကာယတိကဝါဒဟူ၍လည်း ဆို၏။ စာရ်ဝကဂိုဏ်း၏ အယူပင် ဖြစ်၏။ ဤဝါဒအရ လောက၌ ကောင်းမှု မကောင်းမှုဟူ၍ တကယ်တမ်း ရှိသည် မဟုတ်၊ ဉာဏ်နှင့် ဝီရိယသာ ရှိ၏။ ကံဟူသည် မရှိ။ ဉာဏ်ကလည်း ကောင်းမည်၊ ဝီရိယလည်း ရှိမည်ဆိုလျှင် လောက၌ လိုချင်သည်ကို ရ၏။ လိုချင်သည်ကို ရသည်ဆိုပါလျှင် လောက၌ မကောင်းမှုဟူ၍ မရှိမှ ဖြစ်၏။

အညာဏဝါဒ ဟူသည်မှာ သဉ္စယဗေလဋ္ဌပုတ္တ၏ ဝါဒဖြစ်၏။ ယင်းကို အမရာဝိက္ခေပဝါဒဟူ၍လည်း ခေါ်၏။ သဉ္စယဗေလဋ္ဌပုတ္တသည် ဝါဒရေးရာ သမိုင်း၌ သူ၏ဝါဒကို အပြည့်စုံဆုံးဖြစ်အောင် တီထွင်ခြင်း ဖြစ်၏။ သူသည် အမြဲရှိဝါဒ၌ သက်ဝင်ယုံကြည်ကြသူ ဥပနိသျှဒ် ပညာရှင်များကိုလည်း တွေ့ဖူး၏။ အမြဲမရှိဝါဒ၌ သက်ဝင်ယုံကြည်ကြသူ ဗုဒ္ဓဝါဒီများကိုလည်း တွေ့ဖူး၏။ အချို့ အမြဲရှိ၊ အချို့ အမြဲမရှိ ဝါဒ၌ သက်ဝင်ယုံကြည်ကြသူ နိဂဏ္ဌနာဋပုတ္တဝါဒီ များကိုလည်း တွေ့ဖူး၏။

ယင်းဝါဒသုံးမျိုးလုံးထက် ပို၍ ပြည့်စုံသော ဝါဒတစ်ရပ်ကို သဉ္စယဗေလဋ္ဌပုတ္တက တည်ထောင်လိုက်ခြင်း ဖြစ်၏။ ထို့ကြောင့် သူ၏ဝါဒမှာ စတုတ္ထဝါဒအဖြစ် ထင်ရှား၏။ သူ၏ ပါဒအရ

(က) အမြဲ ရှိသည်ဟူ၍လည်း မဆိုနိုင်၊

(ခ) အမြဲ မရှိဟူ၍လည်း မဆိုနိုင်၊

(ဂ) အချို့ အမြဲရှိ၊ အချို့အမြဲမရှိဟူ၍လည်း မဆိုနိုင်၊

(ဃ) ဘာမျှ မရှိဟူ၍လည်း မဆိုနိုင်၊

(င) ဘာမျှ မရှိဘည် မဟုတ်ဟူ၍လည်း မဆိုနိုင်–

ဟူ၍ ဖြစ်၏။

သဉ္စယဗေလဋ္ဌပုတ္တသည် သစ္စာတရားနှင့် ပတ်သက်၍ ရှုထောင့်ငါးမျိုးဖြင့် တင်ပြထားခြင်း ဖြစ်၏။ အမှန်အားဖြင့် တက္ကာဝစရနယ်ပယ်၌ သစ္စာတရားဟူသည် သူ့ရှုထောင့်နှင့်သူ ယုတ္တိကို ပြနိုင်သည်သာ ဖြစ်၏။ သို့ဖြစ်၍လည်း ငြင်းခုံ၍ မဆုံးနိုင်သော အမျိုးမျိုးသော အမှန်များသည် လောက၌ ရှိနေခြင်း ဖြစ်၏။

နောက်ဝါဒမှာ ဝိနယဝါဒ ဖြစ်၏။ ဝိနယဝါဒကို လက်ခံယုံကြည် ကြသူတို့ကား များကြ၏။ ဝိနယဝါဒအရ သူတော်စင်တို့သည် မိမိတို့၏ အကျင့်သီလနှင့် အကျင့်ပဋိပတ်တို့၌ သက်ဝင်ယုံကြည်ကြသည်သာ ဖြစ်၏။ သို့ရာတွင် ထိုသို့ ယုံကြည်သက်ဝင်ရာ၌ လမ်းစဉ် အဖြစ် ယုံကြည်လျှင် အရေးမကြီးသော်လည်း ပန်းတိုင် အဖြစ် ယုံကြည်လျှင်ကား သီလဗ္ဗတပရာမာသ သဘောသို့ သက်ဝင်တတ်၏။

မြတ်စွာဘုရားကလည်း မဂ္ဂင်ရှစ်ပါးကိုပင် ပန်းတိုင်အဖြစ် သိမ်းပိုက်ပါက ဥပါဒါန်သဘော သက်ရောက်၍ 'ဖောင်' အဖြစ် သတ်မှတ်ပါက ကူးမြောက်ရာသာ ဖြစ်၏၊ ဥပါဒါန် မဖြစ်။ 'ပန်းတိုင်'အဖြစ် သိမ်းပိုက်လျှင် ဖက်တွယ် ထားတတ်၏၊ ကူးမြောက်ရာ 'ဖောင်' အဖြစ် သတ်မှတ်လျှင် ဖက်တွယ် မထားတတ်၊ စွန့်ချိန်ကျလျှင် စွန့်ပစ်ဖို့ အဆင်သင့် ဖြစ်၏။

ထို့ကြောင့် ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်သော ဝိနယဝါဒ ဟူသည်မှာလည်း သူတော်စင်အများက လိုက်နာကျင်သုံးကြသော ဝါဒဖြစ်သော်လည်း သီလဗ္ဗတပရာမာသ သဘော သက်ရောက်နိုင်သောကြောင့် ဗုဒ္ဓဝါဒနှင့် ခေတ်ပြိုင်ဝါဒတစ်မျိုး အဖြစ်သာ သမိုင်း၌ ထင်ရှား၏။

အဆိုပါ ဝါဒလေးရပ်ကို ချေဖျက်ရန် ပဋိစ္စသမုပ္ပါဒတရားသည် ပေါ်ထွန်းလာခြင်းဖြစ်၏၊ မြတ်စွာဘုရားသည် ခြောက်နှစ်တို့ကာလ ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်ခဲ့သော်လည်း ပဋိစ္စသမုပ္ပါဒ တရားကို တွေ့မြင်ခြင်း မရှိခဲ့၊ ဗောဓိပင်နှင့် ရွှေပလ္လင်ထက်သို့ ရောက်တော်မူသည့် ညဉ့်၌သာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့် ဒိဗ္ဗစက္ခုဉာဏ်တို့ကို ရတော်မူပြီး ပဋိစ္စသမုပ္ပါဒတရားကို တွေ့မြင်တော်မူခဲ့ခြင်း ဖြစ်၏။

ဗုဒ္ဓဝါဒအရ လောကတွင် သတ္တလောကသည်သာ အရေး အကြီးဆုံး ဖြစ်၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒတရားကို သတ္တ လောကအတွက် ရှာဖွေတွေ့ရှိခြင်း ဖြစ်၏။ သတ္တလောကတွင် ဗြဟ္မာလည်း ပါ၏။ နတ်လည်းပါ၏။ လူလည်းပါ၏။ တိရစ္ဆာန်

များလည်း ပါ၏။ ဗြဟ္မာ,နတ်,လူ, တိရစ္ဆာန်တို့သည်ကား အသွင်သဏ္ဌာန်များ ဖြစ်ကြ၏။ အသွင်သဏ္ဌာန်များ ဖြစ်ကြသည့် အလျောက် အရေအတွက်အရ အနန္တပင် ဖြစ်၏။ အနှစ်သာရအားဖြင့်မူ မများ၊ ပဋိစ္စသမုပ္ပါဒတရား (၁၂)ပါးသာ ရှိလေ၏။

ပဋိစ္စသမုပ္ပါဒတရားကိုပင် အနုလောမနည်းအရ သတ္တလောက ဖြစ်ပေါ်ပုံနှင့်ပတ်သက်၍ လည်းကောင်း၊ ပဋိလောမနည်းအရ သတ္တလောက ချုပ်ပျက်ပုံနှင့် ပတ်သက်၍လည်းကောင်း ဖော်ပြထား၏။ မချုပ်ပျက်မီ ကာလအတွင်း သံသရာလည်ပတ်ပုံနှင့် ပတ်သက်၍လည်း ပြ၏။ ပဋိစ္စသမုပ္ပါဒ တရားတော်အရ သတ္တဝါတို့သည် အကြောင်း ကင်း၍ ဖြစ်ကြသည် မဟုတ်၊ အကြောင်းကြောင့်သာ ဖြစ်ကြခြင်း ဖြစ်၏။

အကြောင်းဆိုရာ၌လည်း ထိုထိုဒဿနများ၏ အဆိုအရ ဖန်ဆင်း ရှင်က ဖန်ဆင်းခြင်းကြောင့်လည်း မဟုတ်၊ သင်္ချဒဿန၏ အဆိုအရ အဏုမြူနှင့် ပရမာဏုမြူတို့ကြောင့်လည်း မဟုတ်၊ ဝေဒန္တဒဿန၏ အဆိုအရ ဗြဟ္မာ သို့မဟုတ် အာတမာန်ကြောင့်လည်း မဟုတ်၊ အာဇီဝကဒဿန၏အဆိုအရ မူလသတ်မှတ်ချက် နိယတိကြောင့်လည်း မဟုတ်၊ အမှန်အားဖြင့် ပဋိစ္စသမုပ္ပါဒတရား (၁၂)ပါးတို့ကြောင့်သာ ဖြစ်၏။

ပဋိစ္စသမုပ္ပါဒတရားတော်အရ သတ္တဝါဟူသည် အမြဲ ရှိနေသည်လည်း မဟုတ်၊ အမြဲရှိနေသည် ဆိုလျှင် သဿတဝါဒ၌ ဝင်၏။ သဿတဝါဒကား အစွန်းရောက်ဝါဒ ဖြစ်၏။ သေလျှင် ပြီးပြတ်သွား

သည်လည်း မဟုတ်၊ ပြီးပြတ်သွားသည်ဆိုလျှင် ဥစ္ဆေဒဝါဒဒ္ဓိဝင်၏။ ဥစ္ဆေဒဝါဒသည်လည်း အစွန်းရောက် ဝါဒပင်ဖြစ်၏။

အမှန်အားဖြင့် အကြောင်းအကျိုးတို့၏ ဖြစ်စဉ်အရ သတ္တဝါဟူသည် အမြဲတစေ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်ပြုပြင်ပြောင်းလဲ၍သာ နေလေ၏။ ဤအမြင်သည်သာ သမ္မာဒိဋ္ဌိအမြင် ဖြစ်၏။ ထို့ကြောင့် သမ္မာဒိဋ္ဌိ အမြင်အရ ကြည့်ပါလျှင် ငါသည် ဖြစ်ခဲ့သည်ဟူ၍လည်း မမြင်၊ ငါသည် ဖြစ်ဆဲဟူ၍လည်း မမြင်၊ ငါသည် ဖြစ်လိမ့်မည်ဟူ၍လည်း မမြင်၊ ငါနှင့်ပတ်သက်၍ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ဟူသည်တို့ကား အတ္တကို အခြေခံ၍ တွေးခေါ်ထားခြင်းများသာ ဖြစ်ကြ၏။ အမှန်အားဖြင့် သတ္တဝါဟူ၍ပင် မရှိ။

အမှန်အားဖြင့် ပဋိစ္စသမုပ္ပါဒ တရားများကို ခန္ဓာဟူ၍လည်း ဆိုရ၏။ ခန္ဓာဟူ၍ ဆိုရလျှင် ယင်းခန္ဓာတို့သည် အမြဲတစေ ဖြစ်နေကြ၏၊ တည်နေကြ၏၊ ပျက်နေကြ၏၊ တစ်ခါတစ်ရံမျှ ရပ်နားသည် ဟူ၍ မရှိ။ ဖြစ်လိုက် တည်လိုက် ပျက်လိုက်ဖြင့် ဂိုဏ္ဍာန်မရမိ ကာလအတွင်း မြစ်ရေအလျဉ်ကဲ့သို့ တသွင်သွင် ဖြစ်နေသည်သာ ဖြစ်၏။

သို့ဖြစ်လျှင် အခိုင်အမာ အတ္တဟူ၍ မရှိသည်သာ ဖြစ်၏။ အခိုင်အမာ အတ္တဟူ၍ မရှိလျှင် ငါဟူ၍လည်းကောင်း၊ ငါ့ဥစ္စာဟူ၍လည်းကောင်း၊ ငါ၏အတ္တ ဟူ၍လည်းကောင်း၊ ငါ့ဥစ္စာပဟူ၍လည်းကောင်း ဆိုနိုင်စရာ ဘာမျှမရှိတော့။ ထို့ကြောင့် တွယ်တာစရာဟူ၍လည်းမရှိ။ မက်မောစရာဟူ၍လည်း မရှိ။ ထိုသို့ တွယ်တာမှု

မရှိခြင်းသည်ပင် ပဋိစ္စသမုပ္ပါဒ ပဋိလောမအရ နိဗ္ဗာန်ကို ရခြင်း မည်ပါ၏။

ပဋိစ္စသမုပ္ပါဒတရားတော်၌ ကမ္မသဘောသည် များစွာ အရေးကြီး ၏။ ကောင်းသော ကုသိုလ်ကံသည် ကောင်းကျိုးကို ဖြစ်စေ၏။ မကောင်းသော အကုသိုလ်ကံသည် မကောင်းကျိုးကို ဖြစ်စေ၏။ ကံ၏သဘောကို ဗြဟ္မဏတို့ကလည်း လက်ခံသည်ပင် ဖြစ်၏။ သို့ရာတွင် ဗြဟ္မဏတို့က ကံကိုလက်ခံရာ၌ အတ္တအပေါ် အခြေခံ၍ လက်ခံခြင်း ဖြစ်၏။ ဗုဒ္ဓဝါဒီတို့ကမူ ကံကို လက်ခံရာ၌ အနတ္တအပေါ် အခြေခံ၍ လက်ခံခြင်း ဖြစ်၏။

အတ္တအပေါ် အခြေခံ၍ ကံကို လက်ခံသောအခါ 'ယော ကရောတိ၊ သော ပဋိသံဝေဒယတိ–ပြုလုပ်သူသည်ပင် ကောင်းမှု၏ အကျိုးနှင့် မကောင်းမှုအကျိုးကို ခံစားရ၏'ဟူ၍ ယူ၏။

ဤအယူကား ယနေ့ မြန်မာနိုင်ငံ၌ လက်ခံယုံကြည်ကြသော အယူ ဖြစ်၏။ ဤအယူအရဆိုလျှင် အတ္တကို အမြဲရှိတရားအနေဖြင့် လက်ခံယုံကြည်ရာ ရောက်၏။ ဗြဟ္မဏအယူလည်း ဖြစ်၏။ သဿတအယူလည်း ဖြစ်၏။

နောက်အယူတစ်မျိုး ရှိသေး၏။ 'အညော ကရောတိ၊ အညော ပဋိသံဝေဒယတိ–ပြုလုပ်သူက တခြား၊ ခံစားသူကတခြား' ဟူသော အယူဖြစ်၏။ ကံပြုလုပ်စဉ်က ခန္ဓာတို့သည် ချုပ်သွားပြီ ဖြစ်၏။ ကောင်းမှုကံ၏ အကျိုးနှင့် မကောင်းမှုကံ၏ အကျိုးကို

ခံစားချိန်၌ ခန္ဓာကား အသစ်ဖြစ်သော ခန္ဓာဖြစ်၏။ ထို့ကြောင့် ပြုလုပ်သူက တခြား၊ ခံစားသူက တခြား ဖြစ်သည်ဟု ယူ၏။ ဤအယူသည်လည်း ဗြဟ္မာဏအယူ တစ်မျိုးပင် ဖြစ်၏။ ဥစ္ဆေဒအယူ ဖြစ်၏ ။

ဗုဒ္ဓဝါဒကား သဿတလည်း မဟုတ်၊ ဥစ္ဆေဒလည်း မဟုတ်၊ ဗုဒ္ဓဝါဒအရ ခန္ဓာတို့သည် အမြဲတစေ ဖြစ်ပျက် ပြုပြင် ပြောင်းလဲနေကြသည် မှန်၏။ ထိုသို့ ဖြစ်ပျက်ပြုပြင် ပြောင်းလဲနေကြသည် မှန်သော်လည်း အကြောင်းအကျိုး နိယာမအရ ဖြစ်ပျက်ပြုပြင် ပြောင်းလဲ နေကြခြင်း ဖြစ်၏။

ထို့ကြောင့် သဿတဝါဒအရ တစ်ဦးတည်းဟူ၍လည်း မဆိုနိုင်၊ ဥစ္ဆေဒဝါဒအရ သတ်သတ်စီ ဟူ၍လည်း မဆိုနိုင်။ ဤသဘောကို ပဲ့တင်သံ ဥပမာဖြင့် ပြလေ့ရှိပါ၏။ ဤသို့ တစ်ဦးတည်းလည်း မဟုတ်၊ သတ်သတ်စီလည်း မဟုတ်ဟူ၍ မြင်မှသာ 'မဇ္ဈိမပဋိပဒါ အမြင်'ဟူ၍ ဆိုရ၏။

ဗုဒ္ဓဝါဒအရ ကမ္မသဘောကို စဉ်းစားသောအခါ အမြဲတမ်း ဖြစ်ပျက် ပြုပြင်ပြောင်းလဲနေသော ခဏိကသဘောနှင့် ယှဉ်၍လည်း စဉ်းစားရ၏။ အကြောင်းအကျိုးတို့၏ ဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ သဘောနှင့်လည်း ယှဉ်၍ စဉ်းစားရ၏၊ ကမ္မသဘောချည်းသက်သက် စဉ်းစား၍ မရ။ ကမ္မသဘောချည်းသက်သက် စဉ်းစားလျှင် ဗုဒ္ဓဝါဒအရ စဉ်းစားခြင်းမဟုတ်၊ ဗြာဟ္မဏဝါဒအရ စဉ်းစားခြင်းသာ ဖြစ်၏ ။

ဗြာဟ္မဏဝါဒက ကမ္ဘာသဘောကို စဉ်းစားသောအခါ အမြဲတမ်း ရှိနေသော အတ္တကို အခြေခံ၍ စဉ်းစား၏။ ဗုဒ္ဓဝါဒက ကမ္ဘာသဘောကို စဉ်းစားသောအခါ အမြဲတမ်း ဖြစ်ပျက် ပြုပြင် ပြောင်းလဲနေသော အနတ္တကို အခြေခံ၍ စဉ်းစား၏။

ဗြာဟ္မဏဝါဒကလည်း ကံကိုယုံကြည်၏၊ လက်ခံ၏၊ ဗုဒ္ဓဝါဒ ကလည်း ကံကို ယုံကြည်၏၊ လက်ခံ၏။ သို့ရာတွင် အချင်းချင်း ယုံကြည်ပုံချင်းမတူ၊ လက်ခံပုံချင်းမတူ။ ဗုဒ္ဓဝါဒအရ ကံကို ပုံသေ မှတ်ယူထားခြင်းမရှိ။ အထောက်အပံ့ ပေးရုံသာပေးနိုင်သော အဆင့် လည်း ရှိ၏။ တိုက်ရိုက် အကျိုးပေးသော အဆင့်လည်း ရှိ၏။

အထောက်အပံ့ပေးရာတွင် ကောင်းသောကုသိုလ်ကံကလည်း မကောင်းသော အကုသိုလ်ကံကို အထောက်အပံ့ ပေးနိုင်၏။ ကောင်းသော ကုသိုလ်ကံက မကောင်းသော အကုသိုလ်ကံကို အထောက်အပံ့ ပေးသောအခါ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ပါလျက် ဆင်းရဲ မွဲတေခြင်းသဘောကို ပြ၏။ မကောင်းသော အကုသိုလ်ကံကလည်း ကောင်းသော ကုသိုလ်ကံကို အထောက်အပံ့ပေးနိုင်၏။ မကောင်းသော အကုသိုလ်ကံက ကောင်း သော ကုသိုလ်ကံကို အထောက်အပံ့ ပေးသောအခါ မကောင်းမှု ဒုစရိုက်လုပ်ငန်းများဖြင့် ကြီးပွားချမ်းသာခြင်း သဘောကို ပြ၏။

တိုက်ရိုက် အကျိုးပေးသော အဆင့်တွင်မူ ကောင်းသောကုသိုလ် ကံက ကောင်းကျိုးကို ပေး၍ မကောင်းသော အကုသိုလ်ကံက မကောင်းကျိုးကို ပေး၏။ ဤသည်မှာ ဗုဒ္ဓဝါဒအရ နားလည်ရသော ကမ္မနိယာမတို့ ဖြစ်၏။

အမှန်အားဖြင့် ဗုဒ္ဓဝါဒတွင် ဗြာဟ္မဏဝါဒများ ရောနှော ပါဝင်တတ်လေရာ ဝါဒနှစ်ရပ်တို့၏ ခြားနားချက်ကို နားလည်အောင် လေ့လာအပ်ပါ၏။ သို့မဟုတ်ပါက ဗုဒ္ဓဝါဒ အယောင်ဆောင်သော ဗြာဟ္မဏဝါဒနှင့် တိုးပေလိမ့်မည်။

**(မဏိဇောတဘာသာရေးမဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၄၊ ဖေဖော်ဝါရီ၊ ၁၉၉၅)**

❖ ❖ ❖

## မြတ်စွာဘုရား၏
## သာသနာတော် ပေါ်ထွန်းလာခြင်း

မြတ်စွာဘုရား လောက၌ ပွင့်တော်မူသော အချိန်ကား ဘီ၊စီ (၆)ရာစု ဖြစ်၏။ ဘီ၊စီ (၆)ရာစုကား ထူးခြားသော ရာစုနှစ် ဖြစ်၏။ အသိဉာဏ် နယ်ပယ်၌ ကလေးဘဝမှ လူကြီးဘဝသို့ ကူးပြောင်းသော ရာစုနှစ် ဖြစ်သည်ဟု သမိုင်းပညာရှင်များက ဆိုကြ၏။ ဘီ၊စီ (၆)ရာစု ရောက်မှသာ ကမ္ဘာ၌ အံ့သြဖွယ် ကောင်းသော ပညာရှင်များ ပေါ်ပေါက်လာကြခြင်း ဖြစ်၏။

တိုအလျှင်ကမူ အံ့သြဖွယ်ကောင်းသော ပညာရှင်များသည် ကမ္ဘာ့သမိုင်း၌ ပေါ်ပေါက်လာခြင်း မရှိသေးချေ။ ထို့ကြောင့် ဘီ၊စီ (၆)ရာစုကို အသိဉာဏ်နယ်ပယ်၌ ကလေးဘဝမှ လူကြီးဘဝသို့ ကူးပြောင်းသော ရာစုနှစ်အဖြစ် ကမ္ဘာ့သမိုင်းပညာရှင်များက ဆိုကြခြင်းဖြစ်၏။

ဘီ၊ စီ (၆)ရာစု၌ အိန္ဒိယ၊ တရုတ်၊ ပါရှား၊ ဂရိတို့၌ အံ့သြဖွယ်ကောင်းသော ပညာရှင်ကြီးများ ပေါ်ပေါက်ခဲ့ပါ၏။ ထိုပညာရှင်

များအနက် အိန္ဒိယ၌ ပေါ်ပေါက်ခဲ့သော ပညာရှင်များကို ဆိုရပါလျှင် မြတ်စွာဘုရား ပွင့်တော်မူချိန်၌ မဟာဝီရ စသော ဂိုဏ်းဆရာကြီး (၆)ဦးတို့နှင့် ပရိဗိုဇ်များသည် ထင်ရှားသော ပညာရှင်များဖြစ်ကြ၏။

သူတို့သည် သစ္စာတရားကို ရှာဖွေနေကြသူများလည်း ဖြစ်ကြ၏။ သူတို့၏ ဝါဒအမျိုးမျိုးကို ဖြန့်နေကြသူများလည်း ဖြစ်ကြ၏။ တွေးခေါ်မြော်မြင်မှုများသည် သူတို့၏ရင်တွင်း၌ ဂယက်ထ နေကြ၏။ သစ္စာတရားနှင့် ပတ်သက်၍ သိလိုစိတ်များသည်လည်း သူတို့၏ ရင်တွင်း၌ ပြင်းပြနေကြ၏။အမှန်အားဖြင့် သူတို့ သိလိုသော ပြဿနာများမှာ–

တမလွန်လောကဟူသည်

ရှိလေသလား၊ မရှိဘူးလား ?

သေပြီးနောက် သတ္တဝါဟူသည်

ဖြစ်လေသလား၊ မဖြစ်တော့ ဘူးလား?

ကံ၏အကျိုးတရားဟူသည်

ရှိလေသလား၊ မရှိဘူးလား?

ဟူသော ပြဿနာများပင် ဖြစ်၏။ ထိုပြဿနာများ၏ အဖြေကို သူတို့သည် တိတိကျကျ သိချင်ကြ၏။

အမှန်အားဖြင့် သူတို့သည် အသိဉာဏ်ကို မရသောကြောင့် ထိုပြဿနာများ၏ အဖြေကို တိတိကျကျ မသိနိုင်ခြင်းဖြစ်၏။ အကယ်၍သာ သူတို့သည် ပညာရှင်များ ဖြစ်ကြသည့်အလျောက်

အသိဉာဏ်ကိုသာ ရထားမည်ဆိုပါက ထိုပြဿနာများသည် ခဲယဉ်းသော ပြဿနာများ မဟုတ်ကြ။ အလွယ်တကူပင် ထိုပြဿနာများ၏ အဖြေကို သိနိုင်ကြမည် ဖြစ်၏။

သို့ရာတွင် သူတို့ကား သန္နိဋ္ဌိကအနေဖြင့် တရားများကို သိသူများ မဟုတ်ကြဘဲ တွေးခေါ်မြော်မြင်မှု တက္ကာဝစရ အနေဖြင့်သာ တရားများကို သိကြသူများသာ ဖြစ်ကြပါပေ၏။ ထို့ကြောင့်သာ သူတို့သည် ထိုပြဿနာများ၏ အဖြေကို တွေးခေါ်မြော်မြင်သည့် နည်းဖြင့် သိလိုကြခြင်း ဖြစ်၏။

ထိုခေတ် အတွေးအခေါ် မြော်မြင်မှုနှင့်ပတ်သက်၍ ဂိုဏ်းနှစ်ဂိုဏ်း ရှိ၏။ ထိုဂိုဏ်းနှစ်ဂိုဏ်းအနက် တစ်ခုသော ဂိုဏ်းမှာ သမဏဂိုဏ်းဖြစ်၍ အခြားသော ဂိုဏ်းမှာ ဗြာဟ္မဏဂိုဏ်း ဖြစ်၏။ သမဏဂိုဏ်းဆိုသော်လည်း မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဖြစ်ပေါ်လာသော သမဏ ဂိုဏ်းမျိုး မဟုတ်တတ်သေး၊ ရှေးဦး သမဏဂိုဏ်းသာ ဖြစ်၏။

ထိုဂိုဏ်းနှစ်ဂိုဏ်းတွင် သမဏဂိုဏ်းက ဝေဒကို မယုံကြည်၊ အကျင့်တပကိုသာ ယုံကြည်၏။ ဝေဒကို မယုံကြည်သောအခါ ဝေဒ၏ အဆိုအမိန့်အရ ယဇ်ပူဇော်မှုကိုလည်း မယုံကြည်တော့။ ယဇ်ပူဇော်ခြင်းအားဖြင့် ဘာမျှ အကျိုးမရှိ၊ အကျိုးရှိသည်ဆိုလျှင်လည်း မဖြစ်စလောက် အကျိုးသာရှိသည်ဟု ယုံကြည်၏။ တကယ်တမ်း သစ္စာတရားကို ရှာဖွေမည်ဆိုပါလျှင် တပအကျင့်ဖြင့် ရှာဖွေမှသာ သစ္စာတရားကို တွေ့နိုင်သည်ဟု သမဏဂိုဏ်းက ဆို၏။

ဗြာဟ္မဏဂိုဏ်းကမူ ဝေဒကို ယုံကြည်၏။ ဝေဒကို ယုံကြည်သောအခါ ဝေဒ၏ အဆိုအမိန့်အရ ယဇ်ပူဇော်မှုကိုလည်း ယုံကြည်လေတော့၏။ အရာရာကို ယဇ်က ဖန်တီး၏။ စီးပွားဥစ္စာဖြစ်ထွန်းချင်လျှင်လည်း ယဇ်ပူဇော်ရ၏။ ယဇ်ပူဇော်မှ စီးပွားဥစ္စာဖြစ်ထွန်း၏။ အသက် အန္တရာယ် မကျရောက်စေချင်လျှင်လည်း ယဇ်ပူဇော်ရ၏။ ယဇ်ပူဇော်မှ အသက်အန္တရာယ် ကွယ်ပျောက်၏။ အဆုံးစွန်အားဖြင့်ဆိုရလျှင် နတ်ပြည်သို့ ရောက်ချင်လျှင်ပင် ယဇ်ကို ပူဇော်ရ၏။ ယဇ်ပူဇော်မှ နတ်ပြည်သို့ ရောက်နိုင်၏။

သို့ရာတွင် ယဇ်ကား တစ်မျိုးတည်း မဟုတ်၊ သူ့အကျိုးနှင့်သူ့ယဇ်ဖြစ်၏။ အကျိုးအမျိုးမျိုး ရှိသည့်အလျောက် ယဇ်လည်း အမျိုးမျိုးရှိ၏။ ယဇ်ပူဇော်ရာတွင် မှန်မှန်ကန်ကန် ပူဇော်တတ်ဖို့လို၏။ ယဇ်ပူဇော်မှားလျှင် အကျိုးကို လိုချင်သည့်အတိုင်း မရသည့်အပြင် အပြစ်ပင် ဖြစ်တတ်၏။ ထို့ကြောင့် ယဇ်ပူဇော်နည်းကို စနစ်တကျတတ်ဖို့လို၏။ စနစ်တကျ တတ်အောင်လည်း နှစ်ပေါင်းများစွာ သင်ယူရ၏။

သမဏနှင့်ဗြာဟ္မဏတို့တွင်လည်း နောက်ပိုင်း ဒဿနပညာရှင်တို့၏ ခွဲခြားမှုအရ 'အတ္ထိကနှင့် နတ္ထိက' ဟူ၍ အုပ်စုနှစ်ခု ရှိပြန်၏။ အစပထမဦး အတ္ထိက၏ အနက်မှာ ဖန်ဆင်းရှင်ကို ယုံကြည်သူများဟူ၍ ဖြစ်ပြီး နတ္ထိက၏ အနက်မှာ ဖန်ဆင်းရှင်ကို မယုံကြည်သူများဟူ၍ ဖြစ်၏။နောက်ပိုင်း ပါဏိနိ သဒ္ဒါဆရာကြီး ခေတ်သို့ရောက်သောအခါ–

'နတ္ထိ ပရလောကော ယဿ သော'ဟူ၍ ဝိဂြိုဟ်ဆိုပြီး 'နတ္ထိကဟူသည်မှာ တမလွန်ကို မယုံကြည်သူ'ဟူ၍ အနက်ဖွင့်၏။ ထိုနှင့် ဆန့်ကျင်ဘက်အားဖြင့် 'အတ္ထိက ဟူသည်မှာ တမလွန်ကို ယုံကြည်သူ' ဟူ၍ ဖြစ်၏။

အမှန်အားဖြင့် သမဏနှင့် ဗြာဟ္မဏတို့တွင် ဗြာဟ္မဏတို့မှာ ဖန်ဆင်းရှင်ကိုလည်း ယုံကြည်ကြ၏။ တမလွန်ကိုလည်း ယုံကြည်ကြ၏။ ထို့ကြောင့် ဗြာဟ္မဏတို့သည် အတ္ထိကအုပ်စုများ ဖြစ်ကြ၏။ သမဏတို့တွင်သာ အချို့က ဖန်ဆင်းရှင်ကို မယုံကြည်သော်လည်း တမလွန်ကိုမူ ယုံကြည်ကြသူများလည်း ရှိ၏၊ မယုံကြည်သူများလည်း ရှိ၏။ ထို့ကြောင့် သမဏတို့သည် အတ္ထိက အုပ်စုလည်း ဟုတ်၏၊ နတ္ထိက အုပ်စုလည်း ဟုတ်၏၊ နှစ်မျိုးလုံး ဟုတ်ကြ၏။ ဤသို့ ဒဿနပညာရှင်များက ဆိုကြ၏။

သမဏနှင့်ဗြာဟ္မဏတို့သည် ယဉ်ကျေးမှုအားဖြင့် တစ်ဦးအပေါ် တစ်ဦးက လွှမ်းမိုးကြ၏။ အမှန်အားဖြင့် သမဏတို့သည် သံသရာလွန် ချမ်းသာကို ရှာဖွေကြ၍ ဗြာဟ္မဏတို့သည် သံသရာ ချမ်းသာကို ရှာဖွေကြ၏။ ဗြာဟ္မဏတို့သည် အိမ်ရာ ထောင်သူများ ဖြစ်ကြ၍ သမဏတို့သည် အိမ်ရာ မထောင်သူများ ဖြစ်ကြ၏။ သူတို့သည် အချင်းချင်း ရန်လိုကြ၏။ သူတို့၏ ရန်လိုမှုကား ကမ္ဘာ့ရန်လိုမှုများ ဖြစ်ကြ၏။ မငြိမ်းနိုင်သော ရန်လိုမှုများ ဖြစ်ကြ၏။

သမဏတို့သည် သစ္စာတရားကို ရှာဖွေရာတွင် အထီးတည်း ရှာဖွေသည် မဟုတ်၊ ဆရာနှင့် ရှာဖွေကြခြင်း ဖြစ်၏။ ဆရာ၏ သြဝါဒကို ခံယူကာ ဂိုဏ်းနှင့် နေထိုင်ကြ၏။ ဗြာဟ္မဏတို့ကား

ဂိုဏ်းနှင့် နေထိုင်ကြသည် မဟုတ်။ အထီးတည်း နေထိုင်ကြခြင်း ဖြစ်၏။ ဗြာဟ္မဏတို့သည် ဝေဒကျမ်းများအရ ယဇ်၏ ပဓာနကျမှုကို အစပထမ၌ လက်ခံကြ၏။ ယဇ်ကို ပူဇော်တတ်အောင် အားထုတ်ကြ၏။ ယဇ်ကို ပူဇော်တတ်အောင် အားထုတ်ခြင်းဟူသည်မှာ ဝေဒ ကျမ်းဂန်များကို နှစ်ပေါင်းများစွာ လေ့လာခြင်းပင် ဖြစ်၏။

ယဇ်ကို အဓိကထားခြင်းကို 'ကမ္မကဏ္ဍကို အဓိကထားခြင်း' ဟူ၍ ဆို၏။ ကမ္မကဏ္ဍတွင် မန္တြဇပဒါန, ဟောမ, မင်္ဂလတို့သည် အရေးကြီးကြ၏။ ထိုတွင် မန္တြဟူသည်မှာ မန္တန်ရွတ်ခြင်း ဖြစ်၏။ ဟောမဟူသည်မှာ တစ်ခုခုဖြင့် ပူဇော်ခြင်း ဖြစ်၏။ မင်္ဂလဟူသည်မှာ မင်္ဂလာယူခြင်း ဖြစ်၏။

ဗြာဟ္မဏတို့သည် အစပထမ၌ ဝေဒကို မြတ်နိုး၏။ ဝေဒကို အထင်ကြီး၏။ ထို့ကြောင့် ဝေဒကို အပတ်တကုတ် လေ့လာကြ၏။ ထိုအခါ ပရိသတ်က ဗြာဟ္မဏတို့အပေါ် ကြည်ညို၏။ နောက်ပိုင်း၌ သူတို့သည် ဝေဒထက် ဝေဒ၏ အဓိပ္ပာယ် ဖော်ဆောင်နိုင်မှု အပေါ် ကိုးစားလွန်းလာ၏။

အမှန်အားဖြင့် သူတို့သည် ဝေဒဆိုင်ရာ ယဇ်များကို ပူဇော်ရာ၌ မည်သူက ပူဇော်မှ အကျိုးအာနိသင်ကို ရ၍ မည်သူက ပူဇော်လျှင် အကျိုးအာနိသင်ကို ''ရဟူ၍ အယူရှိလာ၏။ ထိုအခါ ဘဝင်မြင့် ရောဂါသည် ဗြာဟ္မဏတို့၌ စွဲကပ်လာ၏။ ဝေဒထက် မိမိကိုယ်ကို အထင်ကြီးလာ၏။

ထိုစဉ်အခါက ပုရောဟိတ်များသည် လူသားစင်စစ်က 'ဒေဝတာ' များ ဖြစ်သွားကြ၏။ ထိုအခါ အတော်အတန် စဉ်းစား

နိုင်စွမ်း ရှိသူများသည် ဗြာဟ္မဏများအပေါ် စိတ်ပျက်လာကြ၏။ ဤသည်မှာ ဗြာဟ္မဏဝါဒအပေါ် ဗုဒ္ဓဝါဒက ချိုးဖောက်နိုင်ခြင်း၏ အကြောင်း တစ်ကြောင်း ဖြစ်၏။

အဟိံသာ တရားကို ဗြာဟ္မဏများက ယုံကြည်ကြ၏။ ယနေ့တိုင်အောင်ပင် အိန္ဒိယ၌ မဟတ္တမဂန္ဓီ၏ အဟိံသာဝါဒကို လက်ခံကျင့်သုံး ကြဆဲပင် ဖြစ်၏။ သို့ရာတွင် ထိုခေတ် အယူအဆအရ ဝေဒကျမ်း အဆိုအမိန့်အတိုင်း ယဇ်ပူဇော်ခြင်း ဖြစ်ပါက တိရစ္ဆာန်များကို ဖြစ်စေ၊ လူကို ဖြစ်စေ အသေသတ်၍ ပူဇော်စေကာမူ 'မကောင်းမှု မဖြစ်'ဟူ၍ ယုံကြည်ကြ၏။ ဤယုံကြည်ချက်ကား သာမန် အသိဉာဏ် ရှိသူ များအတွက်ပင် သံသယဖြစ်ဖွယ်ရှိသော ယုံကြည်ချက် ဖြစ်၏။ ထိုကဲ့သို့ သံသယ ဖြစ်ဖွယ်များကြောင့်ပင် ဗြာဟ္မဏဝါဒ မှေးမှိန်သွားခြင်း ဖြစ်၏။

နောက်ပိုင်း၌ ဗြာဟ္မဏတို့သည် ကမ္မကဏ္ဍလာ အဆိုအမိန့်များထက် ဉာဏကဏ္ဍလာ အဆိုအမိန့်များကို အလေးထား လာကြ၏။ ကမ္မကဏ္ဍလာ အဆိုအမိန့်များဟူသည် ယဇ်ပူဇော်ခြင်း ဖြစ်၏။ ဉာဏကဏ္ဍလာ အဆိုအမိန့်များဟူသည် သမထ ဘာဝနာ ပွားများမှု ဖြစ်၏။ သမထဘာဝနာကို ပွားများမှ ဗြာဟ္မဏဉာဏ်ကို ရ၏။ ဗြာဟ္မဏဉာဏ်ကို ရမှ ကိုယ်တိုင် ဗြာဟ္မာ ဖြစ်၏။

အမှန်အားဖြင့် ယဇ်ပူဇော်မှုသည် ဗဟိဒ္ဓကို အားကိုးခြင်း ဖြစ်၏။ သမထ ဘာဝနာ ပွားများမှုသည် အဇ္ဈတ္တကို အားကိုးခြင်း ဖြစ်၏။ ဗဟိဒ္ဓကို အားကိုးသော ခေတ်ကို 'ဝေဒခေတ်'ဟုဆိုပါ၏။ အဇ္ဈတ္တကို အားကိုးသောခေတ်ကို 'ဥပနိသျှဒ်ခေတ်'ဟု ဆိုပါ၏။

ဝေဒခေတ်မှ ဥပနိသျှဒ်ခေတ်သို့ ရောက်လာခြင်းသည် အယူအဆ ရေးရာ၌ တိုးတက်မှုသဘောကို ဆောင်၏။

အမှန်အားဖြင့် ဗြာဟ္မဏမှန်က ဝေဒကို လေးစားကြသည်ချည်း ဖြစ်၏။ သဒ္ဒပမာဏအဖြစ် ဝေဒကို ဗြာဟ္မဏများက လက်ခံကြ၏။ သဒ္ဒပမာဏဟူသည်မှာ ဝေဒက ဘာဆိုဆို ဝေဒအဆို မှန်သမျှသည် အမှန်ချည်း ဖြစ်သည်ဟူ၍ ဖြစ်၏။

ဝေဒကို သစ္စဓမ္မအဖြစ် လက်ခံသော်လည်း ဝေဒ၏ အနက်ကို ဖွင့်ဆိုရာ၌မူ တစ်ခေတ်နှင့်တစ်ခေတ် မတူကြ။ ဝေဒကို ဗြာဟ္မဏ ခေတ်က ယဇ်အဖြစ် အနက်အဓိပ္ပာယ် ဖွင့်ဆို၍ ဥပနိသျှဒ်ခေတ်ကမူ သမထဘာဝနာအဖြစ် အနက်အဓိပ္ပာယ် ဖွင့်ဆို၏။

ထို့ကြောင့် ဗြာဟ္မဏခေတ်ကို 'ကမ္မကဏ္ဍခေတ်'ဟု ခေါ်ပြီး ဥပနိသျှဒ်ခေတ်ကိုမူ 'ဉာဏကဏ္ဍခေတ်'ဟု ခေါ်ဆိုကြခြင်း ဖြစ်၏။ အမှန်အားဖြင့် ဉာဏကဏ္ဍသည် ကမ္မကကဏ္ဍထက် ပို၍ တိုးတက်လေ၏။

ဥပနိသျှဒ်၏ သမထဘာဝနာတွင် တောနေပုဂ္ဂိုလ်များနှင့် တောနေ ပုဂ္ဂိုလ်တို့၏ အကျင့်လည်း ပါဝင်၏။ တောနေပုဂ္ဂိုလ်ကို 'ဝေခါနသ'ဟု ခေါ်၍ တောနေပုဂ္ဂိုလ်တို့၏ အကျင့်ကို 'ဝေခါနသ သုတ္တ'ဟု ခေါ်၏။ ဘာသာရေးဆိုင်ရာ သမိုင်းဆရာတို့၏ အဆိုအရ ဝေခါနသသုတ္တကို ပြုပြင်ပြောင်းလဲ၍ ဗုဒ္ဓဘာသာ၌ ဓုတင်အကျင့်ကို ကျင့်သုံးခြင်း ဖြစ်၏။

ဗုဒ္ဓဘာသာသည် အရှေ့ဘက်မှ အနောက်ဘက်သို့ ပျံ့နှံ့ သွားခြင်း ဖြစ်လေရာ အရှေ့ဘက်၌ ရှိစဉ်က ရိုးရိုးပင် ဖြစ်၏။

အနောက်ဘက်သို့ ရောက်သောအခါမှ ဗြာဟ္မဏတို့၏ အကျင့်နှင့် ရောနှောပြီး မုတင်္ဂ အကျင့် ဝင်ရောက်လာခြင်း ဖြစ်၏။ မုတင်္ဂ အကျင့်သည် မူရင်းအားဖြင့် အနောက်ပိုင်းဒေသရှိ ဗြာဟ္မဏတို့၏ အကျင့်ဖြစ်၏။ ဗြာဟ္မဏတို့၏ ဝေခါနသသုတ္တအကျင့်ကို ပြုပြင် ပြောင်းလဲ၍ မုတင်္ဂအမည်ဖြင့် ဗုဒ္ဓဘာသာရဟန်းတော်များက လိုက်နာကျင့်သုံးခြင်း ဖြစ်၏။

ဤနည်းအားဖြင့် ဗြာဟ္မဏနှင့်ဗုဒ္ဓဝါဒသည် အချို့သော နေရာ၌ ထွေးရောယှက်တင် ဖြစ်ခဲ့ကြ၏။ ဝေခါနသသုတ္တမှ မုတင်္ဂ အကျင့်သို့ ပြောင်းလဲကျင့်သုံးသည်ဆိုသော်လည်း အသွင်သဏ္ဌာန် အားဖြင့်သာ တူချင်တူမည် ဖြစ်သော်လည်း အနှစ်သာရအားဖြင့်မူ များစွာ ခြားနား၏။

ဗြာဟ္မဏတို့သည် အကျင့်ကို ကျင့်သုံးရာ၌ သံသရာချမ်းသာကို ပန်းတိုင်အဖြစ် ထားပြီး ကျင့်သုံး၏။ ဗုဒ္ဓဘာသာဝင်တို့သည်ကား မည်သည့်အကျင့်ကို ကျင့်သုံးသည် ဖြစ်စေ သံသရာလွန် ချမ်းသာကို ပန်းဝိုင်အဖြစ် ထားပြီး ကျင့်သုံး၏။ ဤသို့လျှင် နောက်ဆုံး ရည်မှန်းချက်ချင်းကား ခြားနား၏။

အမှန်အားဖြင့် ဗြာဟ္မဏတို့သည်လည်း ကံနှင့် ကံ၏အကျိုးကို ယုံကြည်ကြသူများ ဖြစ်ကြ၏။ ဗုဒ္ဓဘာသာဝင်တို့သည်လည်း ကံနှင့် ကံ၏အကျိုးကို ယုံကြည်ကြသူများပင် ဖြစ်ကြ၏။ ဗြာဟ္မဏတို့သည် လည်း တမလွန်ကို ယုံကြည်ကြသူများ ဖြစ်ကြ၏။ ဗုဒ္ဓဘာသာဝင် တို့သည်လည်း တမလွန်ကို ယုံကြည်ကြသူများပင် ဖြစ်ကြ၏။

သို့ရာတွင် ဗြာဟ္မဏတို့ ယုံကြည်သည်ကား သံသရာချမ်းသာ ရရှိရေး အတွက် ဖြစ်၏။ ထို့ကြောင့် ကောင်းမှု ကုသိုလ်ကို လုပ်ရာ၌ ဗြာဟ္မဏတို့သည် သံသရာချမ်းသာကို ရည်စူး၍ လုပ်ကြ၏။

ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်သည်ကား သံသရာလွန် ချမ်းသာ ရရှိရေးအတွက် ဖြစ်၏။ ထို့ကြောင့် ကောင်းမှုကုသိုလ်ကို ပြုလုပ်ရာ၌ ဗုဒ္ဓဘာသာဝင်တို့သည် သံသရာလွန် ချမ်းသာကို ရည်စူး၍ လုပ်ကြ၏။ ကောင်းမှုကုသိုလ် လုပ်ပုံချင်း တူသော်လည်း ရည်ရွယ်ချက်ချင်း မတူ။

အမှန်အားဖြင့် မဇ္ဈိမဒေသ၌ သစ္စာတရားကို ရှာဖွေကြသူများ ယောက်ယက်ခတ်နေချိန်၌ သက္ကတိုင်း ကပိလဝတ်ပြည်၌ သိဒ္ဓတ္ထ မင်းသားကို ဖွားမြင်ခြင်း ဖြစ်ပါ၏။

(ဉာဏ်လင်းမမ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၉၄)

❖ ❖ ❖

ဒီပါဝီရိုစာပေတိုက်

## မြတ်စွာဘုရား၏
## သာသနာတော် ပေါ်ထွန်းလာခြင်း (၂)

သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် (၆၈)ခုနှစ် ကဆုန်လပြည့်နေ့တွင် သက္ကတိုင်း ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနနှင့် မယ်တော်မာယာဒေဝီတို့မှ ဖွားမြင်သော သားတော်ဖြစ်၏။ ဇာတိအားဖြင့် ခတ္တိယ ဖြစ်၏။ အနွယ်အားဖြင့် ဂေါတမဖြစ်၏။ အမျိုးအားဖြင့် သာကီယ ဖြစ်၏။ သိဒ္ဓတ္ထမင်းသားသည် ယသောဓရာဒေဝီနှင့် လက်ဆက်ကာ နန်းစည်းစိမ်ကို (၁၃)နှစ်တိုင်အောင် စံစားတော်မူ၏။ သက်တော် (၂၉)နှစ်အရွယ်တွင် သဗ္ဗညုတဉာဏ်တော်ကို ရဖို့အတွက် တောထွက်လေ၏။

ထိုစဉ်ကာလက မဇ္ဈိမဒေသ၏ အရှေ့ဘက်အပိုင်း၌ ခတ္တိယတို့သည် ပဓာနကျ၏။ အနောက်ဘက်အပိုင်း၌မူ ဗြာဟ္မဏတို့သည် ပဓာနကျ၏။ ပဓာနကျသည်ဆိုခြင်းမှာ အသိဉာဏ် နယ်ပယ်၌ ပဓာနကျခြင်းကို ဆိုခြင်းဖြစ်၏။ မိတ္ထိလာပြည့်ရှင် ဘုရင်ဇနကသည် ဗြာဟ္မဉာဏ်ကို ရသူအဖြစ် ထင်ရှား၏။ ဘုရင်ဇနကသည် သီတာ

ဒေဝီ၏ ဖခမည်းတော်လည်း ဖြစ်၏။ နိဂဏ္ဌနာဋပုတ္တခေါ် မဟာဝီရသည်လည်း ဘုရင်တစ်ပါးပင် ဖြစ်၏။ အမှန်အားဖြင့် အရှေ့ဘက်အပိုင်း၌ အမျိုးလေးပါးတို့တွင် ခတ္တိယဇာတ်ကို အမြင့်ဆုံးနေရာ၌ထားကြ၏။ အနောက်ဘက် အပိုင်း၌မူ ထိုသို့ မဟုတ်၊ ဗြာဟ္မဏဇာတ်ကို အမြင့်ဆုံးနေရာ၌ ထားကြ၏။

ကပိလဝတ္ထု ဟူသည်ကား တိုင်းငယ်ပြည်ငယ် အဆင့်၌ပင်ရှိ၏။ ထိုစဉ်ကာလ မဇ္ဈိမဒေသတွင် တိုင်းကြီး (၁၆)တိုင်း ရှိသည်ဟု ဆိုသော်လည်း တကယ်တမ်း ကြီးကျယ်သော တိုင်းကြီးကား (၄)တိုင်းသာ ရှိ၏။ တိုင်းကြီး(၄)တိုင်းတို့မှာ မဂဓတိုင်း၊ ကောသလတိုင်း၊ ကောသမ္ဗီနှင့် အဝန္တိတိုင်းတို့ပင် ဖြစ်ကြ၏။

ထိုတွင် မဂဓတိုင်း၏ဘုရင်မှာ ဗိမ္ဗိသာရ ဖြစ်၏။ ကောသလတိုင်း၏ ဘုရင်မှာ ပသေနဒီကောသလ ဖြစ်၏။ ကောသမ္ဗီ၏ဘုရင်မှာ ဥဒေနဖြစ်၏။ အဝန္တိတိုင်း၏ဘုရင်မှာ စန္ဒပဇ္ဇောတ ဖြစ်၏။ နောင်တွင် ဤတိုင်းကြီး (၄) တိုင်းတို့သည် ဗုဒ္ဓဓမ္မ ဖြန့်ဖြူးရာ အချက်အချာ ကျသော ဒေသများ ဖြစ်သွားကြ၏။

ဘုရင်သုဒ္ဓေါဒနမင်းကြီးသည် အစဉ်အလာအတိုင်း ဝေဒ၌ သက်ဝင်ယုံကြည်သူ ဖြစ်၏။ ထိုစဉ်ကာလက ရသေ့များသည် သစ္စာတရားကို ရှာဖွေကြသူများ စာရင်းတွင် ရှေ့တန်း၌ ရှိကြ၏။ ကာဠဒေဝိလရသေ့သည် သုဒ္ဓေါဒနဘုရင်၏ နန်းတော်သို့ ဆွမ်းခံကြွလေ့ ရှိ၏။ အာဠာရကာလာမရသေ့နှင့် ဥဒကရာမပုတ္တ ရသေ့တို့သည် ကပေါဝနခေါ် သင်ခန်းကျောင်း၌ သစ္စဉာဏ်ကို ရသူများအဖြစ် ထင်ရှားကြ၏။

သို့ရာတွင် သူတို့ရသော သစ္စာဉာဏ်ကား ပရမတ္ထသစ္စာဉာဏ်ကို မဟုတ်၊ ဈာန်သမာပတ်များသာ ဖြစ်၏။ ဈာန်သမာပတ်များကိုပင် ပရမတ္ထသစ္စာဉာဏ်အဖြစ် သူတို့က အထင် မှားနေကြခြင်း ဖြစ်၏။

သိဒ္ဓတ္ထမင်းသားသည် ဖခမည်းတော် ယုံကြည်နေသော ဝေဒ၌ ကျေနပ်သူ မဟုတ်၊ သူကား စဉ်းစားဉာဏ်နှင့် ပြည့်စုံသူဖြစ်၏။ ထို့ကြောင့် ဘဝ၏ လျှို့ဝှက်ချက်ကို သိချင်၏။ သံသရာချမ်းသာများကို ချမ်းသာဟု သူက မမြင်၊ ဘဝဟူသည် မျှော်လင့်ချက်ဖြင့် လွှမ်းခြုံထားသော သောကရုပ်တုသာ ဖြစ်သည်ဟု သိဒ္ဓတ္ထမင်းသားက သဘောပေါက်ထား၏။ ထို့ကြောင့် ဘဝ၏ လျှို့ဝှက်ချက်ကို သူက သိချင်နေခြင်း ဖြစ်၏။

ဘဝ၏ လျှို့ဝှက်ချက်ကို သိပါမှ ဘဝဟူသည်မှာ 'ဘာမျှမဟုတ်ပါတကား' ဟူ၍ သိမည်ဖြစ်၏။ ထိုအခါမှ ဘဝမှ လွတ်မြောက်မှုကို ရယူနိုင်မည် ဖြစ်၏။ သို့မဟုတ်ပါက မျှော်လင့်ချက်ဖြင့် လွှမ်းခြုံထားသော သောကရုပ်ထုကိုပင် ဘဝအဖြစ် တွယ်တာရင်း တွယ်တာရင်းဖြင့် သံသရာ၌ မျောပါနေရပေလိမ့်မည်။

သိဒ္ဓတ္ထမင်းသားသည် ပရမတ္ထသစ္စာကို ရှာရန်အတွက် ထိုစဉ်ကာလက ကျော်ကြားသော အာဠာရကာလာမ ရသေ့ကြီးထံ ချဉ်းကပ်၏။ သူ သိချင်သော မအိုရာ၊ မနာရာ၊ မသေရာဖြစ်သော တရားကို မေး၏။ ရသေ့ကြီးက ဈာန်သမာပတ်ကို ဖြေ၏။ အမေးက တခြား၊ အဖြေက တခြား၊ သိဒ္ဓတ္ထ မင်းသားသည် အာဠာရကာလာမ ရသေ့ကြီး၏ အဖြေကို မကျေနပ်သောအခါ ဥဒကရာမပုတ္တ ရသေ့ကြီးထံ ချဉ်းကပ်ပြန်၏။ ဥဒကရာမ ရသေ့ကြီး

ကလည်း ဈာန်သမာပတ်ကိုပင် ဖြေကြားပြန်၏။ ထိုအဖြေကိုလည်း သိဒ္ဓတ္ထမင်းသားက မကျေနပ်။

ထိုအခါ သိဒ္ဓတ္ထမင်းသားသည် သန္တိဝရမည်သော နိဗ္ဗာန်ကို ရှာဖွေရန် ဥရုဝေလတောသို့ ကြွသွားတော်မူ၏။ ဥရုဝေလတော၌ ပဉ္စဝဂ္ဂီငါးဦးတို့သည်လည်း သိဒ္ဓတ္ထမင်းသားနှင့်အတူ တရားကျင့်ကြ၏။ တရားကျင့်ရာတွင် သိဒ္ဓတ္ထမင်းသားကို ဆရာအဖြစ် ထား၍ တရားကျင့်ကြခြင်း ဖြစ်၏။ သူတို့သည် 'အနသနဝတ္တ' အကျင့်ဖြင့် ပရမတ္ထသစ္စာကို သိရန် ကျင့်ကြခြင်း ဖြစ်၏။ အနသနဝတ္တအကျင့် ဟူသည်မှာ အဟာမစားဘဲ ကျင့်ရသော ကျင့်ဝတ်ဖြစ်၏။

သိဒ္ဓတ္ထမင်းသားသည် (၆)နှစ်တာကာလပတ်လုံး အနသနဝတ္တ အကျင့်ဖြင့် သဗ္ဗညုတဉာဏ်ကို ရနိုင်ရန် ကျင့်ခဲ့ပါ၏။ သိဒ္ဓတ္ထ မင်းသား ကျင့်သော အနသနဝတ္တအကျင့်ကား လောကသုံးပါးတွင် မည်သူ တစ်ဦးတစ်ယောက်မှ မကျင့်ဝံ့ မကျင့်နိုင်သော အကျင့်ဖြစ်၏။ သို့ရာတွင် ထိုအကျင့်ဖြင့် တစ်စုံတစ်ရာ တရားထူးကို မရခဲ့ချေ။

ထိုအခါ သိဒ္ဓတ္ထမင်းသားသည် အနသနဝတ္တအကျင့်အားဖြင့် အားအင်နည်းရုံမှတစ်ပါး သမ္မာသမ္ဗောဓိဉာဏ်ကို မရနိုင်ကြောင်း သိမြင်လာသောအခါ ဆွမ်းကို ပြန်စားပြန်၏။ ထိုအခါ ကိုယ်ရော စိတ်ပါ ကြည်လင်ပြီး သမာဓိကို ရရှိတော်မူ၏။ သိဒ္ဓတ္ထမင်းသားသည် အနသနဝတ္တ အကျင့်ကို စွန့်လိုက်သောအခါ ပဉ္စဝဂ္ဂီတို့သည် ဘုရားအလောင်းအပေါ်၌ များစွာ စိတ်ပျက်သွားကြ၏။

ထို့ကြောင့် သူတို့သည် ဘုရားအလောင်းကို စွန့်ခွာကာ ဗာရာဏသီပြည်၊ မိဂဒါဝုန်တောသို့ ထွက်ခွာသွားကြ၏။ ထိုတော

၌ပင် သူတို့သည် အနုသနုဝတ္တအကျင့်ကို ဆက်၍ ကျင့်ကြ၏။ ရိုးရာယုံကြည်မှုခေါ် သီလဗ္ဗတုပါဒါန်သည် ကိုယ်တွေ့ကြုံရခြင်းခေါ် ဒိဋ္ဌုပါဒါန်အပေါ်၌ များစွာ လွှမ်းမိုးနိုင်ပါ၏။

ဘုရား အလောင်းတော်သည် ဥရုဝေလတောမှ ဗုဒ္ဓဂယာသို့ ကြွတော်မူပြီးလျှင် ဗောဓိညောင်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ ထိုသို့ ထိုင်နေတော်မူချိန်မှာ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့ ညနေချမ်း အချိန်ဖြစ်၏။ ထို့နောက် အာနာပါန စတုတ္ထဈာန်ကို ဝင်စားတော်မူကာ–

'အရေ အကြော အရိုးတို့သာ ကြွင်းကျန်လျှင် ကြွင်းကျန်ပါစေ၊ အသွေးအသားတို့ ခန်းခြောက်လျှင် ခန်းခြောက်ပါစေ၊ ဘုရားမဖြစ်သမျှ ဤထက်ဝယ်ဖွဲ့ခွေ နေခြင်းကို မဖျက်တော့အံ့'

ဟု အဓိဋ္ဌာန်တော်မူ၏။ အဓိဋ္ဌာန်တော်မူပြီးနောက် အာနာပါန စတုတ္ထဈာန်ကိုပင် ဆက်လက်ဝင်စားတော်မူ၏။ နေမဝင်မီ မာရ်နတ်ရန်ကို အောင်မြင်တော်မူ၏။

ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ကို ရပြီး ထိုဉာဏ်တော်ဖြင့် ဒိဋ္ဌိဝိသုဒ္ဓိကို ရတော်မူ၏။ ဒိဋ္ဌိဂိသုဒ္ဓိကို ရသောအခါ နာမ်နှင့်ရုပ်ကို ခွဲခြား၍ သိတော်မူသော နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရတော်မူ၏။

သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရပြီး ထိုဉာဏ်တော်ဖြင့် ကင်္ခါဝိတရဏာဝိသုဒ္ဓိကို ရတော်မူ၏။ ကင်္ခါဝိတရဏာဝိသုဒ္ဓိကို ရသောအခါ နာမ်ရုပ်တို့၏ အကြောင်းကို ခွဲခြား၍ သိတော်မူသော ပစ္စယပရိဂ္ဂဟဉာဏ်ကို ရတော်မူ၏။

မိုးသောက်ယံ၌ နာမ်ရုပ်တို့ကို ဝိပဿနာရှုရာမှ အာသဝက္ခယ ဉာဏ်ခေါ် အရဟတ္တမဂ်ဉာဏ်ကို ရတော်မူ၏။ အရဟတ္တမဂ်ဉာဏ်ကို ရတော်မူသည်နှင့် တစ်ပြိုင်နက် သဗ္ဗညုတ ဉာဏ်တော်ကိုရပြီး လောကသုံးပါးတွင် ဘုရားစင်စစ် ဖြစ်တော်မူ၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်တော်မူကာ တောင့်တခဲ့ရသော ဆန္ဒတော်မြတ်သည် ယခုတော့ ပြည့်လေပြီ။

မဇ္ဈိမဒေသတွင် မြတ်စွာဘုရားနှင့်ခေတ်ပြိုင် ဘုရားအမည်ခံ ပုဂ္ဂိုလ်ကြီး ခြောက်ဦးတို့သည်လည်း ရှိကြသေး၏။ ထိုပုဂ္ဂိုလ်ကြီး ခြောက်ဦးမှာ–

(၁) ပူရဏကဿပ

(၂) မက္ခလိ ဂေါသာလ်

(၃) အဇိတ ကေသကမ္ဗလ

(၄) ပကုဓ ကစ္စာယန

(၅) သဉ္စယ ဗေလဋ္ဌပုတ္တ

(၆) နိဂဏ္ဌနာဋပုတ္တ

တို့ ဖြစ်ကြ၏။

ထိုပုဂ္ဂိုလ်ကြီး ခြောက်ဦးတို့၏ ဝါဒကို အကျဉ်းချုပ်၍ ဖော်ပြရလျှင် ဘာဝဟူသည်–

(၁) အကြောင်းကြောင့်ဖြစ်၏– ဟူ၍လည်းကောင်း၊

(၂) အကြောင်းမဲ့ဖြစ်၏ –ဟူ၍လည်းကောင်း။

(၃) အကြောင်းကြောင့် ဖြစ်သည်လည်း ဟုတ်၏၊ အကြောင်းမဲ့ ဖြစ်သည်လည်း ဟုတ်၏ – ဟူ၍လည်းကောင်း၊

(၄) အကြောင်းကြောင့် ဖြစ်သည်ဟူ၍လည်း မဆိုနိုင်၊ အကြောင်းမဲ့ ဖြစ်သည်ဟူ၍လည်း မဆိုနိုင်–ဟူ၍လည်းကောင်း ဖြစ်လေ၏။

ဤသို့ယူခြင်းကို 'စတုကောဋိ နိယာမ'ဟူ၍ ဆို၏။ စတုကောဋိနိယာမဟူသည်မှာ အစွန်းလေးဘက် ထွက်နေသော နိယာမပင်ဖြစ်၏။ ဤနိယာမကို မြတ်စွာဘုရားသည် ပယ်တော်မူ၏။ မြတ်စွာဘုရား၏ဝါဒမှာ ပဋိစ္စသမုပ္ပါဒ်အပေါ်၌ သစ္စာလေးပါးကို အထွတ်တင်သော ဝါဒဖြစ်၏။

မြတ်စွာဘုရား၏ ဝါဒအရ ဘဝနှင့်ပတ်သက်၍ ဘဝကိုလည်း သိရ၏။ ဘဝသမုဒယကိုလည်း သိရ၏။ ဘဝနိရောဓကိုလည်း သိရ၏။ ဘဝနိရောဓဂါမိနီပဋိပဒါကိုလည်း သိရ၏။

ထိုတွင် ဘဝဟူသည်မှာ ဒုက္ခဖြစ်၏။ ဘဝသမုဒယဟူသည်မှာ ဒုက္ခ၏ အကြောင်းဖြစ်၏။ ဘဝနိရောဓဟူသည်မှာ ဒုက္ခချုပ်ငြိမ်းရာဖြစ်၏။ ဘဝနိရောဓဂါမိနီပဋိပဒါ ဟူသည်မှာ ဒုက္ခချုပ်ငြိမ်းရာသို့ရောက်စေသော မဂ္ဂင်ရှစ်ပါး အကျင့်တရား ဖြစ်၏။

အမှန်အားဖြင့် ဘဝဟူသည်မှာ အကြောင်းကြောင့် ဖြစ်သည်မှန်၏။ သို့ရာတွင် အကြောင်းကို နှစ်မျိုးခွဲရ၏။ 'ချုပ်'ကြောင်းနှင့် 'ဖြစ်'ကြောင်းတို့ပင် ဖြစ်၏၊ ချုပ်ကြောင်းကို ပဋိစ္စသမုပ္ပါဒ် ပဋိလောမ

နည်းဖြင့် ဖော်ပြ၏။ ဖြစ်ကြောင်းကို ပဋိစ္စသမုပ္ပါဒ် အနုလောမ နည်းဖြင့် ဖော်ပြ၏။ ဘဝနှင့်ပတ်သက်၍ ဖြစ်ကြောင်းကိုသာ နားလည်လျှင် ဗြာဟ္မဏဝါဒနှင့် ဘာမျှခြားနားတော့မည် မဟုတ်။ ဗြာဟ္မဏဝါဒကား သံသရာ ချမ်းသာကို ပန်းတိုင်အဖြစ် ထားပြီး သွန်သင်သော ဝါဒဖြစ်၏။

အမှန်အားဖြင့် သံသရာ ချမ်းသာဟူသည် သောကကို မျှော်လင့်ချက်ဖြင့် လွှမ်းခြုံထားသော ချမ်းသာဖြစ်၏။ ထို့ကြောင့် သောကကို မျှော်လင့်ချက်ဖြင့် လွှမ်းခြုံထားသော သံသရာချမ်းသာကို ပန်းတိုင်အဖြစ် ထား၍ ဟောကြားသော ဓမ္မကို 'ဒုရက္ခာတဓမ္မ' အဖြစ် မြတ်စွာဘုရားက သတ်မှတ်တော်မူ၏။ သံသရာလွန် ချမ်းသာကိုသာ ပန်းတိုင်အဖြစ်ထား၍ ဟောကြားသော ဓမ္မကိုသာ 'သွာက္ခာတ ဓမ္မ'အဖြစ် မြတ်စွာဘုရားက သတ်မှတ်ပါ၏။

ထိုတွင် ဒုရက္ခာတဟူသည်မှာ မကောင်းသဖြင့် ဟောအပ်သော ဟူ၍ အဓိပ္ပာယ်ရ၏၊ သွာက္ခာတဟူသည်မှာ ကောင်းစွာ ဟောအပ် သော ဟူ၍ အဓိပ္ပာယ်ရ၏။ ကောင်းစွာ ဟောအပ်သော ဓမ္မမှာ သံသရာလွန် ချမ်းသာကို ရစေနိုင်သော ဓမ္မဖြစ်၍ မကောင်းသဖြင့် ဟောအပ်သော ဓမ္မမှာ သံသရာလွန် ချမ်းသာကို မရစေနိုင်ဘဲ သံသရာတွင်း ချမ်းသာကိုသာ ရစေနိုင်သော ဓမ္မဖြစ်၏။

အမှန်အားဖြင့် သံသရာလွန် ချမ်းသာကို ရစေနိုင်ပါက သံသရာ တွင်း ချမ်းသာကိုလည်း မလွဲမသွေ ရစေနိုင်သည်သာ ဖြစ်၏။

အကျဉ်းအားဖြင့်ဆိုရလျှင် သံသရာတွင်း ချမ်းသာကို ရစေနိုင် သော ဓမ္မကား ပဋိစ္စသမုပ္ပါဒ် အနုလောမ နည်းအတိုင်း ဖြစ်၏။

သံသရာလွန် ချမ်းသာနှင့် သံသရာတွင်း ချမ်းသာနှစ်မျိုးလုံးကို ရစေနိုင်သော ဓမ္မကား ပဋိစ္စသမုပ္ပါဒ် အနုလောမ နည်းအတိုင်းလည်း ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ် ပဋိလောမ နည်းအတိုင်းလည်း ဖြစ်၏။

ဤသို့လျှင် မြတ်စွာဘုရား၏ဝါဒနှင့် အခြားဂိုဏ်း ဆရာကြီးတို့၏ဝါဒတို့သည် အချင်းချင်း ခြားနားကြ၏။ သို့မှသာ ဒုရက္ခာတဓမ္မနှင့် သွာက္ခာတဓမ္မတို့၏ ခြားနားမှုကို နားလည်နိုင်ပေလိမ့်မည်။

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်ပြီးနောက် ဗောဓိပင်၌ (၄၉)ရက်တိုင်တိုင် ဝိမုတ္တိသုခကို ခံစားတော်မူ၏။ နောင် (၄၅)ဝါတိုင်တိုင် ပူသည် မဟူ၊ အေးသည်မဟူ၊ မကျန်းမာသည် မဟူ ကိုယ်ခန္ဓာ ပင်ပန်းနွမ်းနယ်မှုကို ဂရုမထားဘဲ ဝေနေယျ သတ္တဝါတို့အား ချေချွတ်တော်မူရန် 'အား'ဖြည့်ခြင်းပင် ဖြစ်၏။

ဤလောက၌ သတ္တဝါတို့အတွက် အပင်ပန်း အခံနိုင်ဆုံးသူကို ဖော်ပြပါဆိုလျှင် မြတ်စွာဘုရားကိုသာ ဖော်ပြရမည် ဖြစ်၏။ မြတ်စွာဘုရားကား အရာရာ အနှိုင်းမဲ့ ဖြစ်ပါ၏။ ကရုဏာ အရာ၌လည်း အနှိုင်းမဲ့ဖြစ်၏။ ပညာအရာ၌လည်း အနှိုင်းမဲ့ ဖြစ်၏။

ဝါဆိုလပြည့်နေ့တွင် ပဉ္စဝဂ္ဂီတို့အား တရားဦးကို ဟောကြားတော်မူရန် မိဂဒါဝုန်တောသို့ ကြွတော်မူ၏။ ပဉ္စဝဂ္ဂီတို့ကား မြတ်စွာဘုရား အပေါ်၌ ယုံကြည်မှုလျော့ပါးကာ မြတ်စွာဘုရားကို စွန့်ခွာပြီး မိဂဒါဝုန်တော၌ တရားကျင့်နေသူများ ဖြစ်ကြ၏။ သူတို့ကျင့်သော အကျင့်ကား အတ္တကိလမထအကျင့်ပင် ဖြစ်ပါ၏။

(ဉာဏ်လင်းဓမ္မစာပဒေသာ၊ ဒီဇင်ဘာလ၊ ၁၉၉၄)

❖ ❖ ❖

အရာဝတ္ထုဟူသမျှသည်
သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ
တစ်ခုသော အချိန်တွင် ဖြစ်၍
တစ်ခုသော အချိန်တွင် ပျက်ရမည်ကား
ဓမ္မတာ ဖြစ်၏။
ထို့ကြောင့် ‘ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံ
ဖြစ်သော အရာဟူသမျှသည် ပျက်ခြင်းသဘောရှိသည်’ဟု
ဆိုခြင်း ဖြစ်ပါ၏။
ဤသို့သာ တကယ်တမ်း သဘောပေါက်ပါက
သံသယ နှင့် အမြင်မှားကို ပယ်ဖျောက်နိုင်ရာ၏။
အရှည်တည်တံ့ခြင်း၊ မတည်တံ့ခြင်းကား မိမိနှင့် မပတ်သက်။
မိမိနှင့်ပတ်သက်သည်ကား
ပစ္စုပ္ပန်တည့်တည့်၌ ကောင်းအောင် လုပ်ခြင်းသာပါတည်း။

## မြတ်စွာဘုရား၏
## သာသနာတော် ပေါ်ထွန်းလာခြင်း(၃)

မြတ်စွာဘုရား ကြွလာတော်မူသောအခါ ပဥ္စဝဂ္ဂီတို့က ခရီးဦး မကြိုကြရန် အချင်းချင်း ကတိကဝတ် ထားကြ၏။ တကယ်တမ်း မြတ်စွာဘုရား ကြွလာတော်မူသောအခါ မြတ်စွာဘုရား၏ မဟာ ကရုဏာ အင်အားကို သူတို့ မခံနိုင်ကြ။ ဤလောကတွင် မြတ်စွာ ဘုရား၏ မဟာကရုဏာ အင်အားကို တွန်းလှန် ခုခံနိုင်သောသူဟူ၍ လည်း မရှိနိုင်။

ထို့ကြောင့် ပဥ္စဝဂ္ဂီတို့သည် မြတ်စွာဘုရား ကြွလာတော်မူ သောအခါ ခရီးဦးကြိုကြလေ၏။ သူတို့အချင်းချင်း ထားသော ကတိ ကဝတ်ကိုပင် အမှတ်မရကြတော့၊ ကရုဏာ၏ အားသည် တကယ်ပင် အစွမ်းထက်ပါ၏။

မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီတို့အား ဓမ္မစက္ကပဝတ္တနသုတ်ခေါ် ဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော်မူ၏။ လောကတွင် အစွန်း နှစ်ပါးရှိ၏။ စိတ်ကို အထိန်းအကွပ်မရှိဘဲ လွှတ်ပေးခြင်းသည်

လည်း အစွန်းတစ်ပါး ဖြစ်၏။ စိတ်ကို အတင်းအကြပ် နှိပ်ကွပ် ပါကလည်း အစွန်း တစ်ပါးပင် ဖြစ်၏။

အမှန်အားဖြင့် စိတ်ကို လွှတ်ပေးခြင်းနှင့် နှိပ်ကွပ်ခြင်းသည် ပဓာနမဟုတ်၊ အာရုံကို အမှန်အတိုင်း သိရေးသည်သာ ပဓာနဖြစ်၏။ အာရုံကို အမှန်အတိုင်း သိရန် အားထုတ်ခြင်းကို မရှိမပဌိုပဒါကျကျ အားထုတ်ရန် ပဥ္စဝဂ္ဂီကို့အား မြတ်စွာဘုရားက သွန်သင်တော်မူခြင်း ဖြစ်၏။

အာရုံကို အမှန်အတိုင်း သိလာပါက ရုပ်နှင့်နာမ်ကို သိလာမည် ဖြစ်၏။ ထို့နောက် ရုပ်နှင့်နာမ်တို့၏ အကြောင်းကို သိလာမည် ဖြစ်၏။ ရုပ်နှင့်နာမ်တို့၏ ဖြစ်ခြင်းနှင့်ပျက်ခြင်းကို သိလာမည်ဖြစ်၏။ ဤနည်းအားဖြင့် ရုပ်နှင့်နာမ်တို့အပေါ် ဝိပဿနာ ရှုပွားနိုင်၏။ ဝိပဿနာ ရှုပွားရာတွင် ရုပ်နှင့်နာမ်မှတစ်ပါး အခြား ရှုပွားစရာဟူ၍ ဘာမျှမရှိ။

ဝိပဿနာရှုပွားရာတွင် အစဦး ရုပ်နှင့်နာမ်ကို မြင်သည်။ ထို့နောက် ရုပ်နှင့်နာမ်တို့၏ အကြောင်းကို မြင်မည်။ ထို့နောက် ရုပ်နှင့်နာမ်တို့၏ ဖြစ်ခြင်းနှင့် ပျက်ခြင်းကိုလည်းကောင်း၊ အနိစ္စ ဒုက္ခနှင့် အနတ္တ သဘောကိုလည်းကောင်း မြင်မည်။ ထို့နောက် ဖြစ်ခြင်းနှင့်ပျက်ခြင်း ကင်းရာ နိဗ္ဗာန်ကို မြင်မည်။ နိဗ္ဗာန်ကို မြင်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ကိလေသာများကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်ပြီး ဖြစ်မည်။ ဤသဘောကို မြတ်စွာဘုရားက ပဥ္စဝဂ္ဂီတို့အား ဟောကြားတော်မူ၏။

### ဒီပါဝိုးစာပေတိုက်

မြတ်စွာဘုရားက ပဉ္စဝဂ္ဂီတို့အား အစွန်း နှစ်ပါးကို ပယ်ရန် ဟောကြားပြီးနောက် သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်တို့ကို ဟောကြားတော်မူ၏။ သစ္စဉာဏ်ဟူသည် ခန္ဓာငါးပါးတို့ကို ဉာတပရိညာဖြင့် သိခြင်း ဖြစ်၏။ ဉာတပရိညာဖြင့် သိသောအခါ ခန္ဓာငါးပါးတို့ကို ရုပ်နှင့်နာမ်အဖြစ် လည်းကောင်း၊ ယင်းရုပ်နာမ်တို့၏ အကြောင်းကိုလည်းကောင်း သိ၏။

ကိစ္စဉာဏ်ဟူသည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တီရဏပရိညာဖြင့် သိခြင်း ဖြစ်၏။ တီရဏပရိညာဖြင့် သိသောအခါ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို သိ၏။ ကတဉာဏ်ဟူသည် ခန္ဓာ ငါးပါးတို့ကို ပဟာနပရိညာဖြင့် သိခြင်း ဖြစ်၏။ ပဟာနပရိညာဖြင့် သိသောအခါ ခန္ဓာငါးပါးတို့၌ တွယ်တာတတ်သော တဏှာကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်ခြင်း ဖြစ်၏။ တဏှာကို ပယ်သောအခါ ဆိုင်ရာကိလေသာများကိုလည်း ပယ်ပြီးဖြစ်၏။

ဝါဆိုလပြည့်နေ့၌ ကောဏ္ဍညသည် သောတာပန် ဖြစ်၏။ ဝါဆို လပြည့်ကျော် (၁) ရက်နေ့၌ ဝပ္ပသည် သောတာပန်ဖြစ်၏။ ဝါဆို လပြည့်ကျော် (၂) ရက်နေ့၌ ဘဒ္ဒိယသည် သောတာပန်ဖြစ်၏။ ဝါဆို လပြည့်ကျော် (၃) ရက်နေ့၌ မဟာနာမ်သည် သောတာပန် ဖြစ်၏။ ဝါဆိုလပြည့်ကျော်(၄)ရက်နေ့၌ အဿဇိသည် သောတာပန် ဖြစ်၏။ ဤသို့ အစဉ်အတိုင်း ဖြစ်၏။

သောတာပန် ဖြစ်သောအခါ ကောဏ္ဍည၏ လျှောက်ထားချက်သည် မှတ်သားဖွယ်ကောင်း၏၊ '**ဒိဋ္ဌ ဓမ္မော**'အရ ကောဏ္ဍညသည်

သစ္စာလေးပါးကို ကိုယ်တိုင် မြင်လေပြီ။ **'ပစ္စတ္တ ဝေဒိတဗ္ဗော'**အရ ကိုယ်တိုင် မြင်ရာ၌ အဝေးကနေ မြင်ခြင်းမျိုး မဟုတ်ဘဲ ကိုယ်တိုင် ရောက်သော အားဖြင့် မြင်ပြီ။ **'ဝိဒိတ ဓမ္မော'**အရ မြင်ရုံသာ မြင်ခြင်းမျိုး မဟုတ်ဘဲ သိခြင်းအားဖြင့် မြင်ပြီ။

**'ပရိယောဂါဠှ ဓမ္မော'**အရ ထက်ဝန်းကျင် စေ့စပ်သေချာစွာ ထွင်းဖောက်သောအားဖြင့် မြင်ပြီ။ **'တိဏ္ဏ ဝိစိကိစ္ဆော'**အရ သစ္စာ လေးပါးနှင့် ပတ်သက်၍ သိရာ၌ သံသယဟူ၍ လုံးဝမရှိတော့။ **'ဝိဂတ ကထံကထော'**အရ ဟိုလိုလား ဒီလိုလား ဟူ၍ သစ္စာလေးပါး နှင့် ပတ်သက်ပြီး ပြောစရာဟူ၍ ဘာမျှမရှိတော့။ **'ဝေသာရဇ္ဇ ပတ္တော'**အရ သစ္စာလေးပါးနှင့် ပတ်သက်၍ မှန်မှန်ကန်ကန်နှင့် ရဲရဲရင့်ရင့် ပြောဆိုနိုင်လေပြီ။ **'အပရပ္ပစ္စယော'**အရ သူများပြော၍ သိခြင်းမျိုး မဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ သိမြင်လေပြီ။

ပဉ္စဝဂ္ဂီတို့သည် ဓမ္မစက္ကပဝတ္တနသုတ်နှင့် သောတာပန်ဖြစ်သော အခါ ဒိဋ္ဌိအတ္တကိုသာ ပယ်နိုင်သေး၏။ မာနအတ္တနှင့် လောဘ အတ္တတို့ ကျန်သေး၏။ ထို့ကြောင့် မာနအတ္တနှင့် လောဘအတ္တတို့ကို ပယ်နိုင်ရန် အနတ္တလက္ခဏာသုတ်ကို ဝါဆိုလပြည့်ကျော်(၅)ရက်နေ့၌ မြတ်စွာဘုရားက ပဉ္စဝဂ္ဂီတို့အား ဟောကြားတော်မူခြင်း ဖြစ်၏။

ထိုအခါ ပဉ္စဝဂ္ဂီတို့သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ရဟန္တာ အရှင်မြတ်များ .ဖြစ်သွားကြလေ၏။ ပဉ္စဝဂ္ဂီတို့သည် သောတာပန် ဖြစ်ကတည်းက ဧဟိဘိက္ခု ရဟန်းများ ဖြစ်ကြ၏။ ဤလောက၌ ဘုရားလည်း ရှိပြီ။ တရားလည်း ရှိပြီ။ သံဃာတော် များလည်း ရှိကြလေပြီ။ ရတနာသုံးပါး စုံပြီ။

ယသသေဋ္ဌေးသားနှင့် သူငယ်ချင်း(၅၄)ယောက်တို့သည်လည်း မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသဖြင့် ရဟန္တာများ ဖြစ်သွားကြ၏။ သူတို့သည်လည်း ရဟန္တာ မဖြစ်မီ သောတာပန် ဖြစ်ကတည်းကပင် ဧဟိဘိက္ခု ရဟန်းများ ဖြစ်ကြ၏။ မြတ်စွာဘုရားသည် ယသသေဋ္ဌေးသားနှင့် သူငယ်ချင်း(၅၄)ယောက်တို့အား တရားဟောကြားရာတွင် ပဉ္စဝဂ္ဂီတို့အား သစ္စာတရားကို တိုက်ရိုက် ဟောကြားသကဲ့သို့ မဟော။ ပဉ္စဝဂ္ဂီတို့အား မြတ်စွာဘုရားက သစ္စာတရားကို တိုက်ရိုက်ဟောကြားတော်မူ၏။

ယသသေဋ္ဌေးသားနှင့် သူငယ်ချင်း(၅၄)ယောက်တို့အား ဒါနကထာကို ဟော၏။ နောက် သီလကထာကို ဟော၏။ နောက် သဂ္ဂကထာကို ဟော၏။ နောက်ဆုံးမှ မဂ္ဂကထာကို ဟော၏။ မဂ္ဂကထာကို ဟောသဖြင့် သစ္စာလေးပါးကို သိသွားသောအခါ ကာမဂုဏ်တို့၏ အပြစ်ကိုလည်း မြင်သွားကြ၏။ ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း အကျိုးအာနိသင်ကိုလည်း မြင်သွားကြ၏။ မြတ်စွာဘုရားဟ ပုဂ္ဂိုလ်တို့၏ အဇ္ဈာသယကို လိုက်၍ တရားတော်ကို ဟောကြားတော်မူခြင်း ဖြစ်၏။ တရားဟောပုံချင်း ခြားနား၏။

ရဟန္တာ(၆၀)လုံး ဗာရာဏသီပြည် မိဒဂါဝုန်တောဌ် မြတ်စွာဘုရားနှင့် အတူ ဝါဆိုကြ၏။ ဝါကျွတ်သောအခါ ရဟန္တာ(၆၀)လုံး မြတ်စွာဘုရား၏ တိုက်တွန်းချက်အရ တရားဟောထွက်ကြ၏။ မြတ်စွာဘုရားကမူ ဥရုဝေလတောသို့ ကြွတော်မူပြီး ဥရုဝေလ ကဿပ၊ နဒီ ကဿပနှင့် ဂယာ ကဿပတို့အား နောက်ပါအခြွေအရံ

တစ်ထောင်တို့နှင့်အတူ ချေချွတ်တော်မူ၏။ ထိုရသေ့တို့ကား ဆံကျစ်ထုံးသော ရသေ့များ ဖြစ်ကြ၏။

အမှန်အားဖြင့် ဥရုဝေလ ကဿပ ညီနောင်တို့သည် အင်္ဂတိုင်းနှင့်မဂဓတိုင်း နှစ်တိုင်းလုံး၌ ရဟန္တာများအဖြစ် ထင်ရှားကြသူများဖြစ်ကြ၏။ ထို့ကြောင့် ဗိမ္ဗိသာရ ဘုရင်မင်းကြီးနှင့်တကွ နန်းတော်ဝန်ထမ်း အားလုံးတို့က ကြည်ညိုကြ၏။ ကဿပ ညီနောင်တို့သည် မြတ်စွာဘုရား၏ တပည့်သာဝကများ ဖြစ်သွားကြသောအခါ မြတ်စွာဘုရား၏ သာသနာတော်သည် တရှိန်ထိုး မြင့်မားသွားလေ၏။

မြတ်စွာဘုရား ရာဇဂြိုဟ်သို့ရောက်သောအခါ ဗိမ္ဗိသာရ မင်းကြီးသည် သောတာပန် ဖြစ်သွား၏။ မင်းကြီးက ဝေဠုဝန်ကျောင်းတော်ကို လှူဒါန်း၏။ မြတ်စွာဘုရား၏ သာသနာတော်၌ ပထမဆုံး ကျောင်းအလှူပင် ဖြစ်၏။ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်ပင် ရှင်အဿဇိသည် ဒေသစာရီလှည့်လည်ရာမှ ဝေဠုဝန်ကျောင်းတော်သို့ ရောက်လာ၏။ ရှင်အဿဇိသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ရာမှ သဥ္စယဗေလဋ္ဌပုတ္တ၏တပည့် ဥပတိဿနှင့်တွေ့၏။ ဥပတိဿ မေးလျှောက်ချက်အရ ရှင်အဿဇိက–

**ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော။**
**တေသဥ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော–**

ဟူ၍ ဓမ္မ၊ ဓမ္မသမုဒယ၊ ဓမ္မနိရောဓနှင့် ဓမ္မနိရောဓဂါမိနီပဋိပဒါအားဖြင့် သစ္စာလေးပါးကို ဟောပြောလိုက်၏။

ဤနေရာ၌ ဓမ္မဟူသည် ဒုက္ခဓမ္မပင် ဖြစ်၏။ သစ္စာလေးပါး ဘရားကို ကြားနာရသောအခါ ဥပတိဿသည် သောတာပန် ဖြစ်သွား၏။ သူ၏အဖော် ကောလိတအား ပြန်၍ ဟောပြန်သောအခါ ကောလိတလည်း သောတာပန် ဖြစ်သွားပြန်၏။ ဥပတိဿနှင့် ကောလိတတို့ကား မြတ်စွာဘုရား၏ သာသနာတော်၌ အရှင်သာရိ ပုတ္တရာနှင့် အရှင်မောဂ္ဂလာန် ဟူသော အမည်တို့ဖြင့် လက်ယာ တော်ရံနှင့် လက်ဝဲတော်ရံ အဂ္ဂသသာဝက အစုံဖြစ်ကြ၏။

မြတ်စွာဘုရား၏ ဒေသနာတော်များကို အကျဉ်းချုပ်၍ တင်ပြ ကြသူများ ရှိကြ၏။ ထိုသို့ တင်ပြသူများအနက် ဒဿနဆရာ အရိယဒေဝ၏ တင်ပြချက်မှာလည်း တစ်နည်းတစ်ဖုံ မှတ်သားဖွယ် ကောင်း၏။ အရိယဒေဝ၏ တင်ပြချက်မှာ–

**ဓမ္မံသမာသတော ဟိံသံ၊ ဝဏ္ဏယန္တိ တထာဂတာ။**

**သုညတမေဝ နိဗ္ဗာနံ၊ ကေဝလံ တဒိဟောဘယံ။**

သမာသတော=အကျဉ်းအားဖြင့်။ကေဝလံ=တစ်ခုတည်းသော။ အဟိံသံ=မေတ္တာတရားကို။ ဓမ္မံ= ဓမ္မဟူ၍ လည်းကောင်း။ ကေဝလံ= တစ်ခုတည်းသော။ သုညတမေဝ= သုညတ တရားကိုသာလျှင်။ နိဗ္ဗာနံ=နိဗ္ဗာန်ဟူ၍ လည်းကောင်း။ ဣဟ=ဤလောက၌။ တဒုဘယံ= ထိုတရား နှစ်ပါးကို။ တထာဂတာ၊ ဘုရားရှင်တို့သည်။ ဝဏ္ဏယန္တိ၊ ဖွင့်ဆိုကြကုန်၏––ဟူ၍ ဖြစ်၏။

ဤလောကတွင် အကျဉ်းအားဖြင့် တရားနှစ်ပါးသာ ရှိ၏။ မေတ္တာနှင့် သုညတပင် ဖြစ်၏။ မေတ္တာဟူသည် လောကဓမ္မ

အားလုံးတို့၏ 'အနှစ်' ဖြစ်၏။ သုညတဟူသည် လောကုတ္တရာဓမ္မ အားလုံးတို့၏ 'အနှစ်' ဖြစ်၏။ အမှန်အားဖြင့် သုညတဟူသည် နိဗ္ဗာန်ပင်ဖြစ်၏။

လောက၏ အစီးအပွားအတွက် ဆောင်ရွက်မည်ဆိုပါက မေတ္တာပါမှ ဖြစ်၏။ လောကုတ္တရာ အစီးအပွားအတွက် ဆောင်ရွက်မည်ဆိုပါက သုညတ မပါဘဲနှင့် မဖြစ်။ သုညတပါမှ ဖြစ်၏။ သုညတဟူသည် အတ္တမှ ဆိတ်သုဉ်းမှုပင် ဖြစ်၏။ ထို့ကြောင့် သုညတကို နိဗ္ဗာန်ဟု ခေါ်ခြင်း ဖြစ်၏။ ဤသို့ အရိယဒေဝက ဖွင့်ဆိုခဲ့၏။

မေတ္တာနှင့်ပတ်သက်၍ မူလပဏ္ဏာသပါဠိတော်၊ စူဠဂေါသိင် သုတ်၌လည်း ဤသို့ ဖွင့်ဆိုထား၏။ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယနှင့် အရှင်ကိမိလတို့ သုံးပါးသည် ဂေါသိင် အင်ကြင်းတော၌ နေစဉ်က ဖြစ်၏။

သူတို့သုံးပါးသည် အချင်းချင်း ညီညွတ်ကြ၏။ အချင်းချင်း ဝမ်းမြောက်ဝမ်းသာ ရှိကြ၏။ အချင်းချင်း ငြင်းခုံမှုဟူ၍ မရှိကြ။ အချင်းချင်း နို့နှင့်ရေ ရောထားသကဲ့သို့ တစ်သားတည်း ဖြစ်ကြ၏။ အချင်းချင်း ချစ်သောမျက်စိဖြင့်သာ ကြည့်ကြ၏။ တစ်ဦးက တစ်ဦးအပေါ် ကာယကံ မေတ္တာကိုလည်း ထားကြ၏။ ဝစီကံ မေတ္တာကိုလည်း ထားကြ၏။ မနောကံ မေတ္တာကိုလည်း ထားကြ၏။ မိမိ၏ စိတ်ဆန္ဒကို ချိုးနှိမ်ပြီး အခြားသူတို့၏ စိတ်ဆန္ဒအတိုင်း နေထိုင်ကြ၏။

အမှန်အားဖြင့် သူတို့ (၃) ပါးသည် ကိုယ်ခန္ဓာ အားဖြင့်သာ (၃) ပါး ဖြစ်၏။ စိတ်အားဖြင့်မူ (၁) ပါးတည်းသာ ဖြစ်၏၊ ထိုအခါ မြတ်စွာဘုရားသည် သူတို့ (၃) ပါးနှင့် ပတ်သက်၍ ဤသို့ မိန့်တော်မူ၏။

ဤအမျိုးကောင်းသား သုံးယောက်တို သည် မိမိတို့၏ ဆိုင်ရာ အိမ်ထောင်စုမှ ရဟန်းပြုခဲ့သူ ဖြစ်အံ့၊ ထိုအိမ်ထောင်စုသည်လည်း ကောင်း၊ ဆိုင်ရာ အမျိုးအနွယ်မှ ရဟန်းပြုခဲ့သည် ဖြစ်အံ့၊ ထိုအမျိုးအနွယ်သည်လည်းကောင်း။ ဆိုင်ရာရပ်ရွာမှ ရဟန်း ပြုခဲ့ သည်ဖြစ်အံ့၊ ထိုရပ်ရွာသည်လည်းကောင်း၊ ဆိုင်ရာနိဂုံးမှ ရဟန်းပြုခဲ့ သည်ဖြစ်အံ့၊ ထိုနိဂုံးသည်လည်းကောင်း။ ဆိုင်ရာမြို့မှ ရဟန်းပြုခဲ့ သည်ဖြစ်အံ့၊ ထိုမြို့သည်လည်းကောင်း။ ဆိုင်ရာဇနပုဒ်မှ ရဟန်းပြုခဲ့ သည်ဖြစ်အံ့၊ ထိုဇနပုဒ်သည်လည်းကောင်း ထိုသုံးပါးတို့၏ ကိုယ်ကျင့် သိက္ခာများကြောင့် ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွား အလို့ငှာ၊ ချမ်းသာခြင်းငှာ ဖြစ်၏။

အမှန်အားဖြင့် နတ်နှင့်တကွသော လောကသည် ထိုရဟန်း သုံးပါးအပေါ်၌ ကြည်ညိုသော စိတ်ထား ရှိမည်ဆိုပါလျှင် ထိုနတ်နှင့် တကွသော လောကသည်ပင် အစီးအပွားအလို့ငှာ ချမ်းသာခြင်းငှာ ဖြစ်၏။

ထို့ကြောင့် သူတို့သုံးပါးသည် နတ်နှင့်တကွသော လောက၏ အစီးအပွားအလို့ငှာ၊ ချမ်းသာခြင်းအလို့ငှာ ကျင့်ရာရောက်ကြ၏။ မေတ္တာရှင်၏ မေတ္တာအားသည် မေတ္တာရှင်အတွက်သာ အစီးအပွားကို

ဆောင်သည်မဟုတ်၊ လောက တစ်ခုလုံးအတွက်ပါ အစီးအပွားကို ဆောင်ပါ၏။

ဂေါ်သိဂ် အင်ကြင်းတောသည် ဝဇ္ဇီ နိုင်ငံအတွင်း၌ ရှိ၏။ ဂေါ်သိဂ်အင်ကြင်းတော၌ သူတို့သုံးပါးကို ရခြင်းသည် ဝဇ္ဇီနိုင်ငံ အတွက် ကောင်းသောရခြင်း ဖြစ်ကြောင်းကို ဗြဟ္မာပြည်တိုင်အောင် ကောင်းချီးပေးကြ၏။ အမှန်အားဖြင့် မေတ္တာ၏ စွမ်းအားသည် ကြီးမားပါ၏။ ထို့ကြောင့် မေတ္တာကို လောကတစ်ခုလုံး၏ အနက်အဖြစ် အရိယဒေဝဟ ဆိုထားခြင်းဖြစ်၏။

မေတ္တာသည် လောက၏ 'အနှစ်'ဖြစ်လျှင် ကျန်သော တရားဓမ္မတို့သည် လောက၏ 'အကာ'သာ ဖြစ်ပေလိမ့်မည်။ မေတ္တာ ဆိုသော်လည်း မေတ္တာချည်း မဟုတ်၊ ယှဉ်ဖက် စေတသိက်များ၏ အထောက်အပံ့လည်း ပါသည်ပင်။

(ဉာဏ်လင်းဓမ္မစာပဒေသာ၊ ဇန်နဝါရီလ၊ ၁၉၉၅)

❖ ❖ ❖

# အဘိဓမ္မာ

အဘိဓမ္မာဟူသည် အဘိနှင့်ဓမ္မကို ပေါင်းစပ်ထားသော ပါဠိဝေါဟာရ ဖြစ်၏။ သဒ္ဒါနက်အားဖြင့် သုတ္တန်ဓမ္မထက် ပိုလွန်သော၊ ထူးခြားသော ဓမ္မ ဖြစ်၏။ ပိုလွန်ရာတွင် ခန္ဓာ၊ အာယတန စသော အရေအတွက်အားဖြင့် ပိုလွန်၏။ ထူးခြားရာတွင် သုတ္တန္တဘာဇနိယ စသော နည်းအားဖြင့် ထူးခြား၏။

အဘိဓမ္မာကို မြတ်စွာဘုရားသည် သတ္တမဝါတွင် တာဝတိံသာ နတ်ပြည်၌ ဟောတော်မူ၏။ ထို့နောက် လူ့ပြည် စန္ဒကူးတော၌ ရှင်သာရိပုတ္တရာအား ဟောတော်မူ၏။ တစ်ဖန် ရှင်သာရိပုတ္တရာက မိမိ၏တပည့် ရဟန်း ငါးရာတို့အား ဟောတော်မူ၏။ ဤသို့လျှင် အဘိဓမ္မာဒေသနာတော်သည် ပိဋက(၃)ပုံတွင် အဘိဓမ္မာပိဋက အနေဖြင့် ထင်ရှား၏။

သို့ရာတွင် အဘိဓမ္မာသည် ဘုရားဟော ဟုတ်-မဟုတ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုများအပေါ် အဋ္ဌကထာဆရာ ရှင်ဗုဒ္ဓ

ယောသက ဘုရားဟော ဖြစ်ကြောင်း အဋ္ဌသာလိနီ အဋ္ဌကထာ နိဒါန်း၌ ခိုင်လုံစွာ ရှင်းလင်းထား၏။

အဘိဓမ္မာကို စနစ်တကျ သဒ္ဓါ ပညာဖြင့် လေ့လာပါက သဗ္ဗညု ဘုရားရှင်မှ တစ်ပါး အခြားမည်သည့် ပုဂ္ဂိုလ်မျှ ထိုမျှလောက် နက်နဲသော အဘိဓမ္မာကို ဟောစွမ်းနိုင်ခြင်း မရှိကြောင်း မလွဲမသွေ ယုံကြည် သက်ဝင်မည်ပင် ဖြစ်၏။

ရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငါးရာတို့သည် ကဿပ မြတ်စွာဘုရားလက်ထက်တွင် လင်းနို့များ ဖြစ်ကြ၏၊ လင်းနို့များအနေဖြင့် ရဟန်းတော်နှစ်ပါး၏ အဘိဓမ္မာရွတ်ဆိုသံကို နာကြားကြရ၏၊ ထိုကောင်းမှုကံကြောင့် လင်းနို့ဘဝမှ စုတေသောအခါ နတ်ပြည်၌ ဖြစ်ကြရ၏။

ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူသောအခါမှသာ လူ့ပြည်၌ လူလာဖြစ်ပြီး ရှင်သာရိပုတ္တရာ၏ အတူနေ တပည့် ရဟန်းငါးရာ အဖြစ်သို့ ရောက်ကြရ၏၊ ရှင်သာရိပုတ္တရာ ဟောတော်မူသော အဘိဓမ္မာ ဒေသနာတော်ကို ပထမဆုံး နာကြားရသူများ ဖြစ်ကြ၏၊ သင်ယူမှုများ ဖြစ်ကြ၏၊ ဤကံကား သုတ္တန်တရားတို့ထက် ပိုလွန်သော၊ ထူးခြားသော အဘိဓမ္မာ တရားကို နာကြားရသည့် 'ကံ' ဖြစ်၏။

လင်းနို့တို့သည် အဘိဓမ္မာကို နာကြားရသောအခါ အနက်ကို မသိကြ၊ အဓိပ္ပါယ်ကို မသိကြ၊ သို့ရာတွင် ထို'ကံ'သည် လင်းနို့များအား ကဿပ မြတ်စွာဘုရားခေတ်နှင့် ဂေါတမမြတ်စွာဘုရား

ခေတ်တို့အကြား ရှည်စွာသော ကာလတစ်လျှောက်လုံး နတ်ပြည်၌ ဖြစ်စေ၏၊ ထို့နောက် လူ့ပြည်၌ ဖြစ်စေ၏။ ရှင်သာရိပုတ္တရာ၏ အတူနေ တပည့် ရဟန်းငါးရာ ဖြစ်စေ၏။ အဘိဓမ္မာကို ပထမဆုံး နာကြားစေ၏၊ သင်ယူစေ၏၊ သို့ဖြစ်လျှင် အဘိဓမ္မာကား မည်သို့သော တရားပေနည်း။

သဒ္ဒါဆရာတို့၏ အဆိုအမိန့်အရ စိစစ်လျှင် သက်ရှိ သတ္တဝါတို့၏ သန္တာန်၌ ပကတိအားဖြင့် အလွန်စင်ကြယ်သော သိခြင်းသဘော ရှိ၏။ ယင်းကို 'ပဋိဘာန' ဟု ခေါ်၏၊ 'ပဋိဘာန'ဖြစ်ပေါ်စေရန် အသံ (ဘာသာစကား) သဘောသည် ရှိ၏။ ယင်းကို 'နိရုတ္တိ'ဟု ခေါ်၏။ 'နိရုတ္တိ'တွင် 'ဓမ္မ (ဝေါဟာရ)'နှင့် 'အတ္ထ (အနက်)'ဟူသော သဘော(၂)မျိုးတို့သည် 'နိရုတ္တိ'၏ တစ်ဘက်စီ၌ မျက်နှာပြင် (၂)ခုသဖွယ် ဆက်စပ်လျက် ရှိ၏။

ဥပမာအားဖြင့် ဆိုရလျှင် ငွေစက္ကူတစ်ရွက်သည် 'နိရုတ္တိ'နှင့် တူ၏၊ ငွေစက္ကူ၏ 'ခေါင်း' ဘက်နှင့် 'ပန်း' ဘက်တို့ သည် 'ဓမ္မ' နှင့် 'အတ္ထ'နှင့် တူကုန်၏။ ငွေစက္ကူ၏ သတ်မှတ် တန်ဖိုးတို့သည် 'ပဋိဘာန'နှင့် တူ၏။ သတ်မှတ် တန်ဖိုးအတိုင်း အသုံးပြုနိုင်ရန် ငွေစက္ကူလည်း အစစ်ဖြစ်ဖို့ လို၏။ 'ခေါင်း' ဘက်နှင့် 'ပန်း'ဘက် တို့လည်း အစစ်ဖြစ်ဖို့ လို၏၊ သို့မဟုတ်ပါက ငွေစက္ကူသည် သုံးမရသော ငွေစက္ကူ ဖြစ်ပေလိမ့်မည်။

ဤအဆိုအမိန့်အရ အဘိဓမ္မာ၌ ပါဝင်သော 'အသံ' (ဘာသာ စကား) သဘောသည် သဘာဝနိရုတ္တိ ဖြစ်၏။ ယင်းတွင် ဓမ္မနှင့် အတ္ထတို့သည် သဘာဝဝေါဟာရနှင့် သဘာဝအနက်တို့ အနေဖြင့်

မျက်နှာပြင်(၂)ခုသဖွယ် ဆက်စပ်လျက်ရှိ၏။ ထို့ကြောင့် 'သဘာဝ ဓမ္မ'နှင့် 'သဘာဝအတ္တ'တို့ ပါဝင်သော 'သဘာဝနိရုတ္တိ' ဖြစ်သော အဘိဓမ္မာ တရားသံကို နားကြားရသောအခါ သက်ရှိ သတ္တဝါ၏ သန္တာန်၌ ပကတိအားဖြင့် အလွန်စင်ကြယ်သော 'ပဋိဘာန'ခေါ် သိခြင်း သဘောသည် ဖြစ်ပေါ်ရလေသည်။

ထိုပဋိဘာန၌ ပါဝင်သော ကုသိုလ်စေတနာကြောင့် လင်းနို့သား တို့သည် နတ်ပြည်၌ ကာလ ကြာမြင့်စွာ နတ်သားဘဝဖြင့် နေပြီး ဂေါတမ မြတ်စွာဘုရား၏ လက်ထက်တော်၌ 'လူ' လာဖြစ်ကာ ရှင်သာရိပုတ္တရာ၏ တပည့်ရဟန်း ငါးရာအဖြစ်ဖြင့် အဘိဓမ္မာ ဒေသနာတော်ကို ဦးစွာ နားကြားရခြင်း ဖြစ်သည်။ ဦးစွာ သင်ယူ ရခြင်း ဖြစ်သည်။

သုတ္တန် တရားများ၌ ပါဝင်သော 'အသံ (ဘာသာစကား)' သဘောကား သဘာဝကို မလိုက်၊ ပုဂ္ဂိုလ်ကို လိုက်၏။ စွမ်းအင် အနိမ့် အမြင့် ရှိ၏၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောလျှင် တစ်မျိုး ဖြစ်၏၊ မြန်မာက ဟောလျှင် တစ်မျိုးဖြစ်၏။ အင်္ဂလိပ်က ဟောလျှင် တစ်မျိုးဖြစ်၏။ သို့ဖြစ်၍ သုတ္တန်တရားများ၌ ပါဝင်သော 'အသံ (ဘာသာစကား)' သဘောသည် သဘာဝနိရုတ္တိ ဖြစ်ချင်မှ ဖြစ်၏။ ဝေါဟာရအနေဖြင့် ကြည့်လျှင်လည်း ပုဂ္ဂိုလ်ကို လိုက်၍ ပုဂ္ဂိုလ်က လုပ်သော ဝေါဟာရများ ဖြစ်ကြ၏။

ထို့ကြောင့် 'ဓမ္မ' သည် သဘာဝဝေါဟာရ ဖြစ်ချင်မှ ဖြစ်၏၊ အနက်အနေဖြင့် ကြည့်ပြန်ပါကလည်း ပုဂ္ဂိုလ်က မိမိတို့၏ ဘာသာ စကားအလိုက် လူ၊ ခွေး၊ မြင်း၊ ဆင်၊ နတ်၊ ဗြဟ္မာ စသည်ဖြင့်

သမုတ်ထားသော ပညတ်နက်များသာ ဖြစ်၏။ ဖဿ၊ ဝေဒနာ၊ သညာ စသည်ဖြင့် သဘာဝအတိုင်း ရှိနေသော ပရမတ္ထ အနက်များ မဟုတ်၊ ထို့ကြောင့် 'အတ္ထ' သည် သဘာဝအနက် မဖြစ်နိုင်တော့ချေ။

သို့ဖြစ်လျှင် သုတ္တန်တရားများ၌ ပါဝင်သော 'အသံ (ဘာသာ စကား)' သဘော၊ 'နိရုတ္တိ' တွင် ဓမ္မနှင့် အတ္ထတို့သည် မျက်နှာပြင်(၂)ခု သဖွယ် သဘာဝအနေဖြင့် ဆက်စပ်နိုင်ခြင်း မရှိတော့ဘဲ 'ဤဝေါဟာရ က အနက်ကို ဟော၏' ဟူ၍ ပုဂ္ဂိုလ်က ဆက်စပ်ပေးပါမှသာ ဆက်စပ်နိုင်ခြင်း ရှိတော့၏။

ထို့ကြောင့် သုတ္တန်တရားသံကို နာကြားရသောအခါ ဝေါဟာရ ကိုလည်း နားလည်ဖို့ လို၏၊ အနက်ကိုလည်း သိဖို့လို၏၊ အဘယ် ကြောင့်ဆိုသော် သုတ္တန်တရားသံသည် 'သဘာဝနိရုတ္တိ' မစစ်သဖြင့် ယင်းတွင် သဘာဝဓမ္မနှင့် သဘာဝအတ္ထတို့ မကွေမကွာ ဆက်စပ် ပါဝင်ခြင်း မရှိဘဲ ပုဂ္ဂိုလ်လုပ် ဓမ္မ(ဝေါဟာရ) နှင့် ပုဂ္ဂိုလ်လုပ် အတ္ထ (အနက်)တို့သာ ဆက်စပ် ပါဝင်ခြင်းကြောင့် ဖြစ်၏။ ထိုသို့ ပါဝင်နေမှလည်း ပဋိဘာနသည် ဖြစ်ပေါ်နိုင်လေသည်။

သို့ဖြစ်၍ သုတ္တန် တရားများနှင့် အဘိဓမ္မာ တရားများကို သဒ္ဒါ ဆရာတို့၏ အဆိုအမိန့်အတိုင်း နှိုင်းယှဉ် လေ့လာလိုက်သော အခါ အဘိဓမ္မာ တရားများ၌ သုတ္တန်တရားများထက် ပိုလွန်သော သဘောကိုလည်း တွေ့ရ၏။ ထူးခြားသော သဘောကိုလည်း တွေ့ရ၏။ 'မီး' ကို မီးမှန်း သိ၍ ကိုင်သည်ဖြစ်စေ၊ 'မီး'မှန်း မသိဘဲ ကိုင်သည်ဖြစ်စေ 'မီး' သည် သူ့သဘော သူဆောင်ကာ ကိုင်သူအား ပူလောင်စေသည်သာ ဖြစ်၏။

အဘိဓမ္မာ တရားများသည်လည်း ဤနည်းအတိုင်းပင် အနက်အဓိပ္ပာယ်ကို သိသည် ဖြစ်စေ၊ မသိသည် ဖြစ်စေ သဘာဝ နိရုတ္တိ ဖြစ်ခြင်းကြောင့် ရွတ်ဖတ်သူအား လည်းကောင်း၊ နာကြားသူအား လည်းကောင်း သူ့သဘောသူဆောင်ကာ 'ပဋိဘာန'သဘောအရ ကောင်းသော အကျိုးကို ပေးမည်သာ ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် အဘိဓမ္မာတရားများသည် ပရမတ္ထသစ္စာအရ ပုဂ္ဂိုလ် သတ္တဝါမဖက် သဘာဝ သက်သက်ကိုသာ ဖော်ပြသော တရားများ ဖြစ်သဖြင့် အတ္တဒိဋ္ဌိမှ လွတ်၍ မူလပကတိ အတိုင်း စင်ကြယ်သော သဘောရှိသောကြောင့် ဖြစ်၏။ 'စာတစ်လုံး ဘုရားတစ်ဆူ'ဟူ၍ ရှေးဆရာမြတ်တို့က မိန့်ဆိုခြင်းမှာလည်း 'သဘာဝ နိရုတ္တိ'ဖြစ်သော ပရမတ္ထဒေသနာကို ရည်၍ မိန့်ဆိုခြင်း ဖြစ်သည်ဟု ယူအပ်၏။

ပါဏိနီအဖွင့် မဟာဘာသမည်သော သဒ္ဒါကျမ်း (၁၊၁၊၁၊)၌ လည်း **'ဧကော သဒ္ဒေါ သုဋ္ဌု ပယုတ္တော သတ္ထာနိတော သဂ္ဂေ လောကေစ ကာမဓုတော ဘဝတိ–သဒ္ဒါကျမ်းနှင့်အညီ ကောင်းစွာ အသုံးပြုအပ်သော ဝေါဟာရတစ်ခုသည် နတ်ပြည်၌လည်းကောင်း၊ လူ့ပြည်၌လည်းကောင်း အလိုဆန္ဒအတိုင်း ပေးတတ်သော နွားမ (ပဒေသာပင်)သဖွယ် ဖြစ်၏'**–ဟူ၍ ဖော်ပြခြင်းမှာလည်း ဤသဘော အတိုင်းပင် ဖြစ်၏။

အဘိဓမ္မာ တရားတော်ကို ရွတ်ဖတ်သောအခါ သို့မဟုတ် နာကြားသောအခါ အနက် အဓိပ္ပာယ်ကိုပါ သိမည်ဆိုလျှင် အထူးဆို ဖွယ် မရှိ။ ပါရမီ များစွာ ဖြစ်လေသည်။

ထို့ကြောင့် ကဿပ မြတ်စွာဘုရား လက်ထက်တော်က ရဟန်းတော် (၂)ပါး၏ အဘိဓမ္မာ ရွတ်ဖတ်သံကို လင်းနို့သားငါးရာဘဝဖြင့် အနက် အဓိပ္ပာယ်ကို မသိဘဲ နာကြားရုံ သက်သက်မျှဖြင့် နတ်ပြည်၌ ရှည်မြင့်စွာသော ကာလ တစ်လျှောက်လုံး နတ်သားများ ဖြစ်ပြီး လူ့ပြည်၌ ရှင်သာရိပုတ္တရာထံမှ အဘိဓမ္မာကို ရှေးဦးစွာ နာယူသင်ကြားရသော ရဟန်းတော်ငါးရာတို့၏ သာဓကကို အထောက်အထား ပြု၍ ခိုင်မာသော သဒ္ဓါတရားဖြင့် အဘိဓမ္မာကို ရွတ်ဖတ်သင့်ကြောင်း၊ နာကြားသင့်ကြောင်း တင်ပြအပ်ပါသည်။

(မြတ်ဆုမွန်စာစောင်၊ ဩဂုတ်လ၊ ၁၉၉၆)

❖ ❖ ❖

သိပ္ပံပညာသည်
ရုပ်ပိုင်းဆိုင်ရာ သိမှုများနှင့် ပတ်သက်၍
စည်းစနစ်ကျသဖြင့် ကျေနပ်ဖွယ်ရှိသည်ဟု ဆိုနိုင်၏။
စိတ်ပိုင်းဆိုင်ရာသိမှုများနှင့် ပတ်သက်၍ကား
သိပ္ပံထက် အဘိဓမ္မာက ပို၍ စည်းစနစ်ကျပါ၏။
ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာနှင့်ပတ်သက်၍
'သိပ္ပံနည်းကျ အဘိဓမ္မာ' ဟု ဆိုလျှင်
စကားလုံးလှသည်မှတစ်ပါး
အခြားလေးနက်သည့် အနက်အဓိပ္ပာယ် မရှိ။

# ဗုဒ္ဓအဘိဓမ္မာ နှင့် သိပ္ပံပညာ

ယနေ့ခေတ်တွင် 'သိပ္ပံ' ဟူသော ဝေါဟာရ အလွန်ခေတ်စားသည်။ အရာရာတိုင်းကို သိပ္ပံဖြင့် တိုင်းတာကြသည်။ သိပ္ပံပညာသည် ရုပ်ပိုင်းဆိုင်ရာ သိမှုများနှင့်ပတ်သက်၍ စည်းစနစ်ကျသဖြင့် ကျေနပ်ဖွယ်ရှိသည်ဟု ဆိုနိုင်၏။ စိတ်ပိုင်းဆိုင်ရာသိမှုများနှင့် ပတ်သက်၍ကား သိပ္ပံထက် အဘိဓမ္မာက ပို၍ စည်းစနစ်ကျပါ၏။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာနှင့်ပတ်သက်၍ 'သိပ္ပံနည်းကျ အဘိဓမ္မာ'ဟု ဆိုလျှင် စကားလုံးလှသည်မှတစ်ပါး အခြားလေးနက်သည့် အနက် အဓိပ္ပာယ် မရှိ။

ဗုဒ္ဓအဘိဓမ္မာအရ အာရုံများကို အုပ်စုခွဲလိုက်လျှင် ပဉ္စာရုံနှင့် ဓမ္မာရုံဟူ၍ အုပ်စု နှစ်မျိုးရှိသည်။ ပဉ္စာရုံဟူသည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဟူသော ပြင်ပအာရုံ ငါးမျိုးဖြစ်သည်။ ဓမ္မာရုံကား ကျန်အာရုံများ အားလုံးဖြစ်သည်။ ဓမ္မာရုံတွင် စိတ်လည်း ပါ၏။ စေတသိက်လည်းပါ၏။ ပညတ်လည်းပါ၏။ နိဗ္ဗာန်လည်း ပါ၏။

သိပ္ပံသည် ပဋ္ဌာရုံနှင့် ဆိုင်သည်၊ ဓမ္မာရုံနှင့် မဆိုင်၊ ဓမ္မာရုံသည် အဘိဓမ္မာနှင့် ဆိုင်သည်။ ပဋ္ဌာရုံသည် လက်တွေ့ စမ်းသပ်၍ ရ၏။ စူးစမ်း၍ ရ၏။ လေ့လာ၍ ရ၏။ တတ်ခွဲ၍ ရ၏။ ထိုသို့ စမ်းသပ်ခြင်း၊ လေ့လာခြင်း၊ တတ်ခွဲခြင်းဖြင့် ပဋ္ဌာရုံကို သိ၏။ ထိုအသိသည် 'သိပ္ပံသိ'ဖြစ်လေသည်။ လက်တွေ့သိ ဖြစ်လေသည်။

ထို့ကြောင့် သိပ္ပံနည်းဖြင့် ပြင်ပ ရုပ်ပိုင်းဆိုင်ရာ အာရုံများကို စည်းစနစ်တကျ သိနိုင်၏–ဟူ၍ ဆိုရ၏။ သို့ရာတွင် အသိသည် ထိုမျှနှင့် မရပ်သေး၊ ထိုမျှသော အသိအဆင့်သည် 'အချက်အလက်သိ' အဆင့်သာ ဖြစ်၏။

ဗုဒ္ဓအဘိဓမ္မာ အရ အသိသည် ထိုထက် ပို၏။ အမှားနှင့် အမှန် အဆင့်အထိ သွား၏။ ထိုအဆင့်ကို ပါဠိဝေါဟာရဖြင့် 'အာသယ' ဟူ၍ ခေါ်၏။ လူတို့၏အသိသည် အာသယခေါ် အမှားနှင့်အမှန် အဆင့်သို့ မရောက်မချင်း ဆက်၍ ဆက်၍ သွား၏။ ရောက်မှသာ ရပ်တန့်၏။ သို့ရာတွင် သိပ္ပံသည် 'အချက်အလက်သိ' အဆင့်၌သာ ရပ်တန့်လေသည်။ ထိုထက်ကျော်၍ မလိုက်တော့ချေ။

သိပ္ပံအသိကို 'အာရုံသိ'ဟူ၍ ဆိုရ၏၊ အဆင့်အားဖြင့်ဆိုရလျှင် တစ်ဆင့်သိပင် ဖြစ်သည်။ တစ်ဆင့်သိဟူသည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ကိုယ် တည်းဟူသော ဒွါရငါးပေါက်၌ ထိုက်သင့်သလို ထင်လာသော ပဋ္ဌာရုံကို စည်းစနစ်တကျ သိခြင်း ဖြစ်၏၊ အဘိဓမ္မာ သိကား အာရမ္မဏိကကို အာရုံပြု၍ သိသော အသိဖြစ်၏။

အဆင့်အားဖြင့်ဆိုရလျှင် နှစ်ဆင့်သိဖြစ်၏။ နှစ်ဆင့်သိ ဟူသည် အာရုံကို သိသောအသိကို ထပ်ဆင့်၍ သိခြင်းဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရလျှင် အသိ၏အသိ ဖြစ်သည်၊ အာရုံကို သိသော အသိကို အာရမ္မဏိကဟူ၍လည်းကောင်း၊ ဓမ္မာရုံဟူ၍လည်းကောင်း ဆိုရ၏၊ ယင်းဓမ္မာရုံသည် မနောဒွါရ၌သာ ထင်လာ၏။ ပဉ္စဒွါရ၌ မထင်၊ ထို့ကြောင့် ပဉ္စဒွါရ၌ ထင်သော၊ အာရုံကိုသိသော အသိကို **'ထပ်ဆင့်၍ သိသော အသိ'** ဟူ၍ အသိအမျိုးအစားသည် နှစ်မျိုး ကွဲပြားသွားသည်။ ထိုနှစ်မျိုးတွင် ပထမအမျိုးကို 'သိပ္ပံသိ' ဟူ၍ခေါ်ပြီး ဒုတိယအမျိုးကို 'အဘိဓမ္မာသိ' ဟူ၍ ခေါ်ရ၏။

သိပ္ပံသိသည် အချက်အလက်ကို သိ၍ အဘိဓမ္မာသိသည် အမှားနှင့်အမှန်ကို သိလေသည်။ အမှားနှင့်အမှန်တွင် အကောင်းနှင့် မကောင်း၊ သင့်နှင့် မသင့်တို့သည်လည်း ပါဝင်သည်။ ဗုဒ္ဓအဘိဓမ္မာ အရ အမှားနှင့် အမှန်၊ အကောင်းနှင့် မကောင်း၊ သင့်နှင့်မသင့်တို့သည် အဝိဇ္ဇာနှင့်ဝိဇ္ဇာ၊ ကုသိုလ်နှင့် အကုသိုလ်တို့၏ အမည်ဖြစ်၍ သိပ္ပံသိနှင့် မဆိုင်၊ အဘိဓမ္မာသိနှင့်သာ ဆိုင်သည်။

အကျဉ်းအားဖြင့်ဆိုရလျှင် သိပ္ပံသိသည် ပြင်ပကိုသာအာရုံပြု၍ အဘိဓမ္မာသိသည် အတွင်းအပြင် နှစ်မျိုးလုံးကို အာရုံပြုသည်၊ အမှားနှင့်အမှန်၊ အကောင်းနှင့် မကောင်း၊ သင့်နှင့် မသင့်တို့သည် စိတ်စေတသိက်တို့၏ အမည်ဖြစ်၍ ပြင်ပ၌ မရှိ၊ အတွင်း၌သာ ရှိလေသည်။

သိပ္ပံသိနှင့် အဘိဓမ္မာသိကို ပြယုဂ်ပုံစံအားဖြင့် ဆိုရလျှင် 'ဤဟာသည် ကျောက်တုံးဖြစ်သည်၊ ဤကျောက်တုံးကို ငါသိသည်' ဟူ၍ နှစ်ဝါကျဖြင့် ဆိုနိုင်၏။ 'ဤဟာသည် ကျောက်တုံးဖြစ်သည်' ဟူသောအသိသည် အချက်အလက် (ပဉ္ဇာရုံ) အ ဖြစ်၍ 'သိပ္ပံသိ'

အမျိုးအစား၌ ပါဝင်သည်။ 'ဤကျောက်တုံးကို ငါသိသည်' ဟူသော အသိသည် အချက်အလက်ကို သိသောအသိကို ထပ်ဆင့်၍ သိသော အမှားနှင့် အမှန်၊ အကောင်းနှင့် မကောင်း၊ သင့်နှင့်မသင့် (ဓမ္မာရုံ) အသိဖြစ်၍ 'အဘိဓမ္မာသိ' အမျိုးအစား၌ ပါဝင်သည်။ သို့ဖြစ်၍ သိပ္ပံသိသည် မိမိ၏ ဗဟိဒ္ဓကို သိသော အသိဖြစ်၍ အဘိဓမ္မာသိသည် မိမိ၏ အဇ္ဈတ္တကိုပါ သိသော အသိဖြစ်သည်ဟူ၍ ဆိုရ၏။ မိမိ၏အဇ္ဈတ္တကိုသိလျှင် အမှားနှင့်အမှန်၊ မကောင်းနှင့် အကောင်း၊ သင့်နှင့် မသင့်တို့ကိုပါ သိကာ အမှား၊ မကောင်း၊ မသင့်ကို ရှောင်၍ အမှန်၊ ကောင်း၊ သင့်ကို ဆောင်နိုင်မည်ဖြစ်၏။

သိပ္ပံသည် အေဒီ (၂၀) ရာစုတွင် ခေတ်စား၍ လောက၏ ရုပ်ပိုင်းဆိုင်ရာ အရာရာကို လွှမ်းမိုး၏၊ လွှမ်းမိုးသည်နှင့်အမျှရုပ်ပိုင်း ဆိုင်ရာ ပစ္စည်းဝတ္ထုတို့သည် သိပ္ပံကြောင့်ပြည့်စုံလာ၏။ စားစရာ အစားအစာများ၊ ဝတ်စရာ အဝတ်အထည်များ၊ နေစရာ အဆောက် အအုံများ၊ မှီဝဲစရာ ဆေးဝါးများ၊ သွားစရာယာဉ်များ စသည်စသည် တို့သည် ရှေးကနှင့်မတူ တိုးတက်လာကြပါ၏။ သို့တိုးတက်လာ ကြသဖြင့် ယနေ့လောကသည် နတ်ဘုံနတ်နန်းသဖွယ် ဖြစ်သည်ဟု ဆိုနိုင်သော်လည်း လူသားတို့အနေဖြင့် ငြိမ်းချမ်းမှုကို မရကြ။ စစ်မှန်သော ချမ်းသာသုခကို မရကြ။

ဆန့်ကျင်ဘက်တို့၏ သဘာဝအတိုင်း ရုပ်ပိုင်းပြည့်စုံမှုများ ပို၍ ပို၍ တိုးပွားလာသောအခါ စိတ်ပိုင်းပြည့်စုံမှုများသည် ပို၍ပို၍ လျော့နည်းသွားလေ၏။ အမှားများ ပို၍ ပို၍ တိုးပွားလာသောအခါ အမှန်များ ပို၍ ပို၍ လျော့နည်းသွားလေ၏။ အကုသိုလ်တရားများ

ပို၍ ပို၍ တိုးပွားသောအခါ ကုသိုလ်တရားများ ပို၍ ပို၍လျော့နည်းသွားလေ၏။ မသင့်သောတရားများ ပို၍ ပို၍ တိုးပွားလာသောအခါ သင့်သောတရားများ ပို၍ ပို၍ လျော့နည်းသွားလေ၏။ ထိုသို့ ဖြစ်ရခြင်းမှာ သိပွဲသည် အချက် အလက်သိ၊ အာရုံသိကိုသာ ပေးနိုင်ပြီး ယင်းအချက်အလက်နှင့် အာရုံတွင် အမှားနှင့်အမှန် မရှိသောကြောင့် ဖြစ်သည်။ ဗုဒ္ဓအဘိဓမ္မာအရ အမှားနှင့်အမှန်သည် စိတ်စေတသိက်တို့၏ အမည်ဖြစ်၍ ယင်းအမှားနှင့် အမှန်သည် ဗဟိဒ္ဓသန္တာန်၌ မရှိဘဲ အဇ္ဈတ္တသန္တာန်၌သာ 'ဇော'အနေဖြင့် ဖြစ်နိုင်လေသည်။

ဗုဒ္ဓအဘိဓမ္မာသည် ဘီ၊ စီ (၆) ရာစုမှ စတင် ခေတ်စား၍ လောက၏ စိတ်ပိုင်းဆိုင်ရာ အရာရာကို လွှမ်းမိုး၏။ လွှမ်းမိုးသည်နှင့် အမျှ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံမှုများသည် အထွတ်အထိတ်သို့ ရောက်ခဲ့၏။ ဗုဒ္ဓအဘိဓမ္မာသိသည် အချက်အလက်ကို စည်းစနစ်တကျ သိ၏။

ထိုအခါ အချက်အလက်၏ သဘာဝကို နားလည်လာလေသည်။ ထို့ထက်ကျော်၍ အချက်အလက်ကို သိသော အသိကိုလည်း ထပ်ဆင့်၍ သိပြန်၏၊ ထိုအခါ အချက်အလက်ကို သိသောအသိ၏ သဘာဝကို နားလည်လာလေသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အသိ၏အသိကို နားလည်လာလေသည်။

ထိုအခါ အချက်အလက်ကို သိသော အသိသည် သညာလား၊ ဝိညာဏ်လား၊ ပညာလား ဟူ၍ ခွဲခြားလာနိုင်၏။ ကုသိုလ်လား၊ အကုသိုလ်လား ဟူ၍ စိစစ်နိုင်၏။ ဝိဇ္ဇာလား၊ အဝိဇ္ဇာလားဟူ၍ ဆုံးဖြတ်နိုင်၏။ ယင်းသဘောသည် သိပွဲသိအမျိုးအစား မဟုတ်၊

အဘိဓမ္မာသိ အမျိုးအစား ဖြစ်၏။ တစ်ဆင့်သိ၏အရာ မဟုတ်၊ နှစ်ဆင့်သိ၏အရာ ဖြစ်သည်။ သိပ္ပံသိသည် တစ်ဆင့်ကိုသာသိနိုင်၏။ အဘိဓမ္မာသိသာလျှင် နှစ်ဆင့်သိနိုင်သည်။

သိပ္ပံသိကြောင့် ပဋ္ဌာရုံ၏နယ်ပယ်သည် ကျယ်ဝန်းလာ၏၊ အနန္တစကြဝဠာသို့တိုင်အောင် ကျယ်ဝန်းကောင်းကျယ်ဝန်းလာနိုင်၏။ ပဋ္ဌာရုံကို တစ်နည်းအားဖြင့် ကာမဂုဏ်ဟူ၍ ဆို၏။ ကာမဂုဏ်အမည်ရသော ပဋ္ဌာရုံတရားများ ကျယ်ဝန်းလာသည်နှင့်အမျှ တဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော အယုတ်တရားများ တိုးပွားလာမည်ဖြစ်၏။ ထိုအခါ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ် အမြတ်တရားများ လျော့ပါးသွားမည်ဖြစ်၏။ ထိုအခါ ဤကမ္ဘာလောက၌ စစ်မှန်သောချမ်းသာနှင့် စစ်မှန်သောငြိမ်းချမ်းမှုသည် ဝေး၍ ဝေးသွားပြီး စစ်မှန်သောဆင်းရဲနှင့် စစ်မှန်သော သောကတို့သည် သာလျှင် နီး၍နီး၍ လာပေလိမ့်မည်။

ထိုသို့ဖြစ်ရခြင်းမှာ သိပ္ပံသည် မိမိ၏ဗဟိဒ္ဓဖြစ်သော ပဋ္ဌာရုံတို့ကိုသာ စည်းစနစ်တကျ အာရုံပြု၍ သိနိုင်ပြီး မိမိ၏ အဇ္ဈတ္တဖြစ်သော တဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော ဓမ္မာရုံကို အာရုံပြု၍ မသိနိုင်သောကြောင့် ဖြစ်လေသည်။

ထိုသို့မသိနိုင်လျှင် မိမိ၏သန္တာန်၌ရှိသော တဏှာ၊ မာန၊ ဒိဋ္ဌိတို့၏ အန္တရာယ်ကို အဘယ်သို့လျှင် တားဆီး ပိတ်ပင်နိုင်မည်နည်း။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ မလျော့ပါးလျှင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ် တရားတို့သည် အဘယ်သို့လျှင် တိုးပွား လာနိုင်မည်နည်း။ ထိုသို့ မတိုးပွားလျှင်

စစ်မှန်သော ချမ်းသာနှင့် စစ်မှန်သောငြိမ်းချမ်းမှုသည် အဘယ်သို့လျှင် ဖြစ်ထွန်းပေါ်ပေါက် လာနိုင်မည်နည်း။ ဤကမ္ဘာမြေအပြင်သည် ထာဝစဉ် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတို့နှင့် ပြည့်နှက်နေမည်သာ ဖြစ်၏။ ဤသို့မဖြစ်အောင် မည်သို့ ဆောင်ရွက်ကြလေသနည်း။

ဤကမ္ဘာမြေပြင်သည် လူသားများ စတင်ပေါ်ပေါက်ချိန်မှစ၍ လူတို့သည် တစ်ဦးနှင့် တစ်ဦး မဖွဲ့သော မရှောင်သာ ဆက်သွယ်ကြရ၏။ ကာယကံဖြင့်လည်း ဆက်သွယ်ကြရ၏။ ဝစီကံဖြင့်လည်း ဆက်သွယ်ကြရ၏။ မနောကံဖြင့်လည်း ဆက်သွယ်ကြရ၏။ ထိုသို့ ဆက်သွယ်ရာတွင် အနိုင်အထက် ဆက်သွယ်ကြသည်လည်း ရှိ၏။ ရင်းရင်းနှီးနှီး ဆက်သွယ်ကြသည်လည်း ရှိ၏။

အမှန်အားဖြင့် မိမိတို့ ဆက်သွယ်ချင်သလို ဆက်သွယ်ကြသည်သာ ဖြစ်၏။ သတ်မှတ်ထားသော ဆက်သွယ်မှုပုံစံဟူ၍ မရှိ။ ထိုအခါ လူသားတို့သည် မိမိတို့ အချင်းချင်း မငြိမ်းချမ်းသော အသွင်ကို ဆောင်ကြ၏။ လူ့ဘဝ ဟူသည်မှာလည်း ရေရာသော သဘောမရှိ၊ မြင့်မြတ်သော သဘော မရှိ၊ ခဏအတွင်း ပျက်စီးနိုင်၏။ အရိုင်းသဖွယ်သာဖြစ်၏။

ထိုအခါ လူသားများကို အမျိုးအစားများ ခွဲပြီး ယင်းတို့၏ အချင်းချင်း ဆက်သွယ်ရေးနှင့်ပတ်သက်၍ စည်းကမ်းများသတ်မှတ်လာ၏။ ယင်းကို ကျင့်ဝတ်များဟူ၍ ခေါ်၏။ ဆရာနှင့်တပည့်တို့၏ ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ မိဘနှင့် သားသမီးတို့၏ ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ မင်းနှင့် ပြည်သူတို့၏

ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ ခင်ပွန်းနှင့်ဇနီးတို့၏ ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ ညီအစ်ကိုမောင်နှမချင်း ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ သူစိမ်းတရံဆံချင်း ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ အိမ်နီးချင်း ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ ပြည်ထောင်ချင်း ဆက်သွယ်ရေးဆိုင်ရာကျင့်ဝတ်များ စသည်တို့ဖြင့် လူသားအချင်းချင်း အုပ်စုအလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များကို သတ်မှတ်ခဲ့ကြသည်။

ထိုသို့သတ်မှတ်ခြင်းသည် ဤလောက၌ လူသားအချင်းချင်း မလွဲသာ မရှောင်သာ ဆက်သွယ်နေကြရချင်း အတူတူ စစ်မှန်သော ချမ်းသာနှင့် စစ်မှန်သောငြိမ်းချမ်းမှုသို့ ဦးတည်သော လူ့ဘဝကို ထူထောင်ရန် ရည်ရွယ်၍သတ်မှတ်ခြင်းဖြစ်၏။ ထို့ကြောင့် ကျင့်ဝတ်များ၏ မူလရည်ရွယ်ချက်သည် ကောင်းမွန် မြင့်မြတ်လေသည်။

လူ့လောကကျင့်ဝတ်များကို သတ်မှတ်ရာတွင် ခေတ်အလိုက်၊ လူ့အဖွဲ့အစည်းအလိုက် ပစ္စက္ခ အခြေအနေနှင့် အချက်အလက်များပေါ် အခြေခံ၍ သတ်မှတ်ခြင်းဖြစ်ရာ ခေတ်တစ်ခုနှင့် အခြားခေတ်တစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခုနှင့် အခြားလူ့အဖွဲ့အစည်း တစ်ခုတို့အတွင်း ကျင့်ဝတ်ပုံ သဏ္ဍာန်ချင်း မတူညီကြကြောင်း တွေ့ရှိလာရာမှ ကျင့်ဝတ်များနှင့် ပတ်သက်၍ ဝါဒ ကွဲပြားမှုများ ပေါ်ပေါက်ခဲ့၏။

အချို့က ကျင့်ဝတ်များကို သမုတိသစ္စာအနေဖြင့် ဆို၍ အချို့က ကျင့်ဝတ်များကို ပရမတ္ထသစ္စာအနေဖြင့် ဆိုလာကြလေသည်။ အချို့က ကျင့်ဝတ်များကို အတ္တာဟိတ အနေဖြင့် ဆို၍

အချို့က ကျင့်ဝတ်များကို ပရဟိတအနေဖြင့် ဆိုလာကြလေသည်။ အချို့က ကျင့်ဝတ်များကို ကျင့်စဉ်ပဓာနအနေဖြင့် ဆို၍ အချို့က ကျင့်ဝတ်များကို ရည်မှန်းချက် ပဓာနအနေဖြင့် ဆိုလာကြလေသည်။ အချို့က ကျင့်ဝတ်များကို ပုဂ္ဂလဓိဋ္ဌာန်သဘောဖြင့် ဆို၍ အချို့က ကျင့်ဝတ်များကို ဓမ္မဓိဋ္ဌာန် သဘောဖြင့် ဆိုလာလေသည်။

ဗုဒ္ဓ၏ အဘိဓမ္မာအရ ဆိုပါမူ ကျင့်ဝတ်သည် သိပ္ပံသိ၏ နယ်ပယ်မဟုတ်၊ အဘိဓမ္မာသိ၏ နယ်ပယ်ဖြစ်၏။ အချက်အလက်သိ၏ နယ်ပယ်မဟုတ်၊ အမှားနှင့် အမှန်သိ၏ နယ်ပယ်ဖြစ်၏။ အချက်အလက်သည် သိပ္ပံသိ၏ ပဓာနကျက်စားရာဖြစ်၏။ အမှားနှင့် အမှန်သည် အဘိဓမ္မာ၏ ပဓာနကျက်စားရာ ဖြစ်၏။

သိပ္ပံသိသည် ပထမဆင့် အသိဖြစ်၏။ အဘိဓမ္မာသိသည် ဒုတိယဆင့် အသိဖြစ်၏။ သိပ္ပံသိသည် အဘိဓမ္မာသိ၌ အဆုံးသတ်ရ၏။ သိပ္ပံသိသည် အဘိဓမ္မာသိ၌ အဆုံးမသတ်ပါက ကျင့်ဝတ်သဘောသို့ မရောက်ဘဲ ကာမဂုဏ်၏ ညွတ်ကွင်း၌ တန်းလန်းကြီးမိ၍ ဒုက္ခတ်တိုက် ပါသွားမည် ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် လူသား၏ ပဋိသန္ဓေစိတ်သည် အဝိဇ္ဇာနုသယ ခြံရံ၍ တဏှာနုသယ အခြေခံသော 'ကံ'တရား၏ အကျိုးတရား ဖြစ်၍ မွေးကတည်းက 'ဘဝ'ကို တပ်မက်သည့် 'လောဘ'ဇောကို ဦးစွာ ဖြစ်ပေါ်စေခဲ့သောကြောင့် ဖြစ်၏၊ ထို့ကြောင့် လူသားသည် သဘာဝအားဖြင့် မကောင်းမှု၌ မွေ့လျော်တတ်၏။ မကောင်းမှု၌ ပျော်ပိုက်တတ်၏၊ အတ္တစိတ် လွန်ကဲ၏၊ တစ်ကိုယ်ကောင်း ကျင့်ကြံတတ်၏။ ထို့ကြောင့် လူသားသည် ပင်ကိုဗီဇအားဖြင့် လောကကို မငြိမ်းချမ်းစေသူ ဖြစ်၏။

သိပ္ပံသည် ဂြဟ္ဘာရုံ၏နယ်ပယ်ကို ချဲ့၍ ကာမဂုဏ်တို့ကို အတောမသတ်နိုင်အောင် ဖန်တီးလိုက်သောအခါ လူ့လောကသည် ကာမဂုဏ်၏ ဆွဲဆောင်မှုကြောင့် အချင်းချင်း အပေါ်စီးရအောင် ကြိုးပမ်းကြရ၏။ အဏုမြူဗုံးများကို လုပ်ကြရ၏။ အာကာသယာဉ်များကို ဆောက်ကြရ၏။ ထိုအခါ ဤလောကသည် မငြိမ်းမချမ်း ဖြစ်လေသည်။ ရွှေနန်းတော်၌ စံရင်း အိပ်မပျော်မှုများ၊ မွန်မြတ်သော ခံဖွယ် ဘောဇဉ်ကို သုံးဆောင်ရင်း ခံတွင်းမတွေ့မှုများ စသည် စသည်ဖြင့် စစ်မှန်သော ချမ်းသာသုခသည် ဝေး၍ ဝေး၍ သွားလေသည်။ ထိုသို့ဖြစ်ခြင်း၌ သိပ္ပံသိသည် အထိုက်အလျောက် တာဝန်ရှိလေသည်။ ထို့ကြောင့် သိပ္ပံသိကို သူ့ချည်းလွှတ်မထားဘဲ ထိန်းချုပ်ရန် လိုအပ်လာ၏။ သိပ္ပံသိကို ထိန်းချုပ်နိုင်သောအသိကား အဘိဓမ္မာသိဖြစ်၏။

အဘိဓမ္မာသိတွင် အဆင့် နှစ်ဆင့်ရှိ၏။ ပထမဆင့်သည် အချက်အလက်ကို အာရုံပြု၍ သိသော အဆင့်ဖြစ်၏။ ယင်းအဆင့်ကို သိပ္ပံနည်းဖြင့်လည်း သိသောကြောင့် သိပ္ပံသိဟူ၍လည်း ဆိုရ၏။ ဒုတိယဆင့်ကား အချက်အလက်ကို သိသော အသိကို အာရုံပြု၍ သိသောအဆင့် ဖြစ်၏။ ယင်းအဆင့်သည် သိပ္ပံနှင့်မဆိုင်။

ဥပမာအားဖြင့် အဏုမြူဗုံးကို အဏုမြူဗုံးမှန်းသိ၏။ ထိုသို့ သိရာတွင် သူ၏သန္တာန်၌ ဖြစ်သော အသိသည် ကုသိုလ်ဖြစ်သည်၊ အကုသိုလ်ဖြစ်သည်ကိုမူ သူမသိ။ အဘယ်ကြောင့်ဆိုသော် သူသည် အဏုမြူဗုံးကိုသာ အာရုံပြု၍ သူ့သန္တာန်၌ ဖြစ်သော အသိကို အာရုံ မပြုသောကြောင့် ဖြစ်သည်။ ဗုဒ္ဓအဘိဓမ္မာအရ ကုသိုလ်နှင့်

အကုသိုလ်သည်သာ အကျင့်သိက္ခာနှင့် ဆိုင်၏။ အချက်အလက်သည် အကျင့်သိက္ခာနှင့် မဆိုင်ချေ။ အကျင့်သိက္ခာနှင့်မဆိုင်လျှင် လူ့လောက ငြိမ်းချမ်းရေးအတွက် တန်ဖိုးမကြီး။

အဘိဓမ္မာနည်းဖြင့် သိသော ဒုတိယအဆင့် အသိသည်သာ ကုသိုလ်နှင့်အကုသိုလ်ကို အာရုံပြု၍ ကုသိုလ်ဖြစ်လျှင်လည်း ကုသိုလ် ဖြစ်မှန်းသိ၏။ အကုသိုလ်ဖြစ်လျှင်လည်း အကုသိုလ် ဖြစ်မှန်းသိ၏။ ထို့ကြောင့် အဘိဓမ္မာသိသည်သာ အကျင့်သိက္ခာနှင့်ဆိုင်၍လူ့လောက ငြိမ်းချမ်းရေးအတွက် တန်ဖိုးကြီးလေသည်။

အဘိဓမ္မာနည်းအရ အသိသည် ယထာဘူတကျဖို့သာ အရေး ကြီးသည်။ စိတ္တာနုပဿနာအရ မိမိသန္တာန်၌ အကုသိုလ် ဖြစ်လျှင် လည်း အကုသိုလ် ဖြစ်မှန်းသိအောင် ကြိုးပမ်းရ၏။ ကုသိုလ်ဖြစ်လျှင် လည်း ကုသိုလ် ဖြစ်မှန်းသိအောင် ကြိုးပမ်းရ၏။ ဘာမျှ မသိလျှင် လည်း ဘာမျှ မသိမှန်းသိအောင် ကြိုးပမ်းရ၏။ ထိုကဲ့သို့ကြိုးပမ်းခြင်း သည် သတိနှင့် သမာဓိကို ထူထောင်ခြင်းပင် ဖြစ်၏။ သမာဓိရလျှင် ယထာဘူတဉာဏ် ဖြစ်လေသည်။

ယထာဘူတဉာဏ် ဖြစ်လျှင် ဤလောကကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မသိမ်းပိုက်တော့ချေ။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ နည်းပါးသွား သည်နှင့်အမျှ ဤလောက၌ စစ်မှန်သော ငြိမ်းချမ်းမှုလည်း ပေါ်ပေါက် လာမည် ဖြစ်၏။ စစ်မှန်သော ချမ်းသာသုခကို ခံစားရမည်ဖြစ်၏။

ယနေ့ ဗုဒ္ဓဘာသာဝင်တို့ တောင့်တနေသော နိဗ္ဗာန်သည် အနက်အဓိပ္ပာယ်အားဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ ကင်းခြင်းပင်ဖြစ်၏။ ထို့ကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ နည်းနည်းကင်းလျှင် နည်းနည်း ချမ်းသာ၏။ နည်းနည်းငြိမ်းချမ်း၏။ များများကင်းလျှင် များများ

ချမ်းသာ၏။ များများ ငြိမ်းချမ်း၏။ အကြွင်းမဲ့ ကင်းလျှင်ကား အထူးဆိုဖွယ် မရှိ။ ငြိမ်းချမ်းမှု သန္တိသုခ အပြည့်အဝ ခံစားရမည် ဖြစ်လေသည်။ ဤသည်ပင်လျှင် အဘိဓမ္မာသိဖြင့် ကျင့်ဝတ်သိက္ခာကို တည်ဆောက်ခြင်းဖြစ်၏။

ဗုဒ္ဓအဘိဓမ္မာအရ အကျင့်သိက္ခာနှင့်ပတ်သက်၍ ဝါဒကွဲပြားမှု မရှိ၊ အကျင့် သိက္ခာဟူသည် သီလ၊ သမာဓိ၊ ပညာပင် ဖြစ်၏။ ယင်းကိုပင် သိက္ခာသုံးပါးဟူ၍ ခေါ်၏။ သိက္ခာသုံးပါး ပွားများလာလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ လျော့နည်းသွားမည် ဖြစ်၏။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ လျော့နည်းသွားလျှင် လျော့နည်းသွားသလောက် 'ငါမှငါ၊ ငါ့ဥစ္စာမှ ငါ့ဥစ္စာ' ဟူသော သိမ်းပိုက်မှုများသည်လည်း လျော့နည်းသွားမည် ဖြစ်၏။ ထိုအခါ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားများ ပွားများလာပြီး ဤလောက၌ စစ်မှန်သောချမ်းသာနှင့် စစ်မှန်သော ငြိမ်းချမ်းမှုသည် ပေါ်ပေါက်လာပေလိမ့်မည်။

သို့ဖြစ်၍ ဗုဒ္ဓအဘိဓမ္မာအရ အကျင့်သိက္ခာ၏ အနှစ်သာရဖြစ်သော သိက္ခာသုံးပါးကို မည်သည့်ပုံသဏ္ဍာန်ဖြင့် တည်ဆောက် တည်ဆောက် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် သိမ်းပိုက်မှု လျော့နည်း၍ ဗြဟ္မစိုရ် လေးပါးတို့ဖြင့် လူသားအချင်းချင်း ဆက်သွယ်မှုဆိုင်ရာ ကျင့်ဝတ်မှန်သမျှကို လက်ခံသည်သာဖြစ်၏။

ရွှေကို လက်ကောက် ပုံစံဖြင့် လုပ်လုပ်၊ လက်စွပ်ပုံစံဖြင့် လုပ်လုပ်၊ ဘယက်ပုံစံဖြင့် လုပ်လုပ်၊ ရွှေလက်ကောက်၊ ရွှေလက်စွပ်၊ ရွှေဘယက်စစ်မှန်လျှင် ရွှေအဖြစ် လက်ခံသကဲ့သို့ ကျင့်ဝတ်များကိုလည်း မည်သည့်ပုံစံဖြင့် ပြဋ္ဌာန်း ပြဋ္ဌာန်း တဏှာ၊ မာန၊

ဒိဋ္ဌိတို့ဖြင့် သိမ်းပိုက်မှုမှန်သမျှ လျော့နည်းပြီး ဗြဟ္မစိုရ်လေးပါးတို့နှင့် ဆက်သွယ်မှုမှန်သမျှ ပွားများလာလျှင် ဗုဒ္ဓအဘိဓမ္မာက မှန်ကန်သော ကျင့်ဝတ်အဖြစ် လက်ခံသည်သာ ဖြစ်၏။

အနှစ်သာရနှင့် အသွင်သဏ္ဌာန်တို့၏ ဆက်သွယ်မှုကို ဗုဒ္ဓ အဘိဓမ္မာက မဇ္ဈိမပဋိပဒါ နည်းဖြင့် နားလည်သည်။ အနှစ်သာရကို လည်း အစွန်းရောက်အောင် မမြင်၊ အသွင်သဏ္ဌာန်ကိုလည်း အစွန်း ရောက်အောင် မမြင်၊ ယင်းတို့၏ ဆက်သွယ်မှုကိုသာ ကြောင်းကျိုး ဖြစ်စဉ် အဖြစ်ဖြင့် မြင်လေသည်။

ထို့ကြောင့် သိပ္ပံနည်းဖြင့် အဏုမြူဗုံးကို လုပ်လုပ်၊ လ,ကို သွားသွား၊ အာကာသယာဉ်ကို ဆောက်ဆောက် ကိစ္စမရှိ၊ အသုံးချ တတ်လျှင် အဆိပ်ပင်ကိုပင် ဆေးအဖြစ် အသုံးချလို့ ရ၏။ ကိစ္စရှိ သည်ကား သိပ္ပံပစ္စည်းများကို သိကြသော ထိုထိုပုဂ္ဂိုလ်တို့၏ မိမိတို့သိပ္ပံသိကို သူ့ချည်းလွှတ်မထားဘဲ မိမိတို့အဘိဓမ္မာသိဖြင့် ထိန်းချုပ်ကွပ်ကဲ၍ လောက၏ အစီးအပွားအတွက် လူ့ကျင့်ဝတ် သိက္ခာများကို လိုက်နာကျင့်သုံးကာ ဤလောက၌ စစ်မှန်သော ချမ်းသာနှင့် စစ်မှန်သော ငြိမ်းချမ်းရေးကို ရရှိနိုင်စေရန် ဆောင်ရွက် တတ်ရေးပင် ဖြစ်ပေသည်။

အေဒီ(၂၀)ရာစုတွင် ပေါ်ပေါက်လာသော သိပ္ပံပညာကြောင့် ယနေ့ကမ္ဘာသည် ရှေးနှင့်မတူ တမူထူးခြား၍ ပျော်မွေ့ဖွယ်ကောင်း ပါ၏။ သို့ရာတွင် ယင်းပျော်မွေ့ဖွယ်ကား သူ့ချည်းလွှတ်ထားလျှင် အိန္ဒိယစာရ်ဝကဆရာတို့ ဆိုသည့်အတိုင်း ကာမဂုဏ်ပျော်မွေ့ဖွယ်၊ ကာမဂုဏ်ကစားကွင်းကြီး 'ကြီဍာသ္ထလ'သဖွယ်သာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် သိပ္ပံသိကို သူ့ချည်း လွှတ်မထားဘဲ ဘီ၊ စီ(၆) ရာစုတွင် ပေါ်ပေါက်လာသော အဘိဓမ္မာသိဖြင့် ထိန်းချုပ် ကွပ်ကဲ၍ လောက အစီးအပွားအတွက် ကိုယ်ကျင့်သိက္ခာများကို တည်ဆောက်ရန် လိုအပ်၏။ ထိုသို့ တည်ဆောက်နိုင်သောအခါ အရာရာကို 'ငါ'ဖြင့် မတိုင်းတာတော့ဘဲ အရာရာကို 'လောက'နှင့် တိုင်းတတ်သည့် အကျင့်ကောင်းများ ရရှိလာပေလိမ့်မည်။

ထိုအခါ ကမ္ဘာလောကမြေအပြင်သည် စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော ငြိမ်းချမ်းမှုတို့နှင့် ပြည့်စုံလာပေလိမ့်မည်။ ဒုလ္လဘ စာရင်းဝင်ဖြစ်သော လူ့ဘဝသည်လည်း ပို၍ အနက်အဓိပ္ပာယ် ရှိပေလိမ့်မည်။

နယ်ပယ်အားဖြင့် သိပ္ပံသိသည် ကျဉ်း၏။ အဘိဓမ္မာသိသည် ကျယ်၏။ သိပ္ပံသိ သွားတိုင်း အဘိဓမ္မာသိက လိုက်နိုင်၏။ သိပ္ပံသိ သွားတိုင်း အဘိဓမ္မာသိက မလိုက်သော် လောကသည် ဒုက္ခဘုံသို့ ဦးတည်၏။ သိပ္ပံသိ သွားတိုင်း အဘိဓမ္မာသိက လိုက်သော် လောကသည် သုခဘုံသို့ ဦးတည်၏။

သိပ္ပံနှင့် အဘိဓမ္မာသည် ဆန့်ကျင်ဘက်ရန်သူ မဟုတ်၊ စစ်မှန်သော ငြိမ်းချမ်းရေး မုခ်ဦးသို့ ချီတက်ရာ၌ သိပ္ပံသည် 'ရှေ့တော်ပြေး' ဖြစ်၍ အဘိဓမ္မာသည် 'မင်းကေရာဇ်' ဖြစ်၏။ ဤသို့လျှင် သိပ္ပံနှင့် အဘိဓမ္မာတို့၏ ဆက်သွယ်မှုကို သိအပ်ပါ၏။

---

**(ဤဆောင်းပါးမှာ မြတ်ပန်းဝေစာစောင်၊ စုလိုင်၊ ၁၉၉၀တွင် 'မင်းဝေအောင်' ကလောင်အမည်ဖြင့်လည်းကောင်း၊ ကသစ်ပန်းမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၈၈တွင် 'သိပ္ပံနှင့်အဘိဓမ္မာ'အမည်ဖြင့်လည်းကောင်း ရေးသားခဲ့သည့် ဆောင်းပါးဖြစ်သည်။)**

❖ ❖ ❖

# မြန်မာနိုင်ငံနှင့် ထေရဝါဒအုတ်မြစ်

နိုင်ငံတော် အစိုးရသည် ယနေ့ မြန်မာနိုင်ငံ၌ ဘက်စုံဖွံ့ဖြိုးမှု အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရ၏၊ ထိုဆောင်ရွက်ချက်ထဲမှ စေတီပုထိုးများနှင့် ကျောင်းကန်များ ပြုပြင် တည်ဆောက်ခြင်းသည် ရှေးခေတ် ပုဂံပြည်ကို အမှတ်ရ စေပါ၏။ ထိုအခါ ရှေးခေတ်ပုဂံပြည်နှင့် ယနေ့မြန်မာနိုင်ငံကို နှိုင်းယှဉ်ကြည့်လိုသော စိတ်ကို ဖြစ်ပေါ်စေပါ၏။

ပုဂံပြည်တွင် ထေရဝါဒ အုတ်မြစ်ကို ခိုင်မာစွာ ချခဲ့သူများ ထဲတွင် ဆရာများ၏ဘက်မှ ရှင်အရဟံ ဦးဆောင်၏၊ ဒါယကာ များဘက်မှ အနော်ရထာ ဦးဆောင်၏။ ထိုအုတ်မြစ်သည် မည်မျှ ခိုင်မာလေသနည်း။

ထိုအုတ်မြစ်ကြောင့်ပင် ပုဂံ၌ မင်းမြတ် အနော်ရထာအား ဓမ္မ ဝိနယနှင့် အညီ မှန်ကန်စွာ လမ်းညွှန်နိုင်သော ရှင်အရဟံလို ရဟန်းတော်များကို တွေ့ရခြင်း ဖြစ်၏။ မင်းမြတ် အနော်ရထာလို နိုင်ငံတော်ကို ဦးဆောင်နိုင်သော ခေါင်းဆောင်ကောင်းများကို တွေ့ရ

ခြင်း ဖြစ်၏။ မင်းအဖြစ် တင်မြှောက်ခြင်း ခံရပါလျက် ငြင်းပယ်သော ကျန်စစ်သားလို သူရဲကောင်းများကို တွေ့ရခြင်း ဖြစ်၏။ သူ့ကျေးဇူးကို အလွန် သိတတ်သော ရာဇကုမာရ မင်းသားလို သူတော်စင်များကို တွေ့ရခြင်း ဖြစ်၏။

ဤဖြစ်ရပ်များကို ကြည့်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံသားတို့သည် အစဉ်အလာအားဖြင့် အလွန် ယဉ်ကျေးသူများ ဖြစ်ကြောင်း ထင်ရှားပါ၏။

ခိုင်မာသော ထေရဝါဒ အုတ်မြစ်ကြောင့် ယနေ့ မြန်မာနိုင်ငံ၌လည်း ရှင်အရဟံလို ဓမ္မဝိနယနှင့်အညီ မှန်ကန်စွာ လမ်းညွှန်နိုင်သော ရဟန်းကောင်း ရဟန်းမြတ်များ မရှိသလော။ ရှိပါ၏။ နိုင်ငံတော်ကို ဦးဆောင်နိုင်သော မင်းမြတ်အနော်ရထာလို ခေါင်းဆောင်ကောင်းများ မရှိသလော။ ရှိပါ၏။ မင်းအဖြစ် တင်မြှောက်ခြင်း ခံရပါလျက် ငြင်းပယ်သော ကျန်စစ်သားလို သူရဲကောင်းများ မရှိသလော။ ရှိမည်သာ ဖြစ်ပါ၏။

သူ့ကျေးဇူးကို အလွန် သိတတ်သော ရာဇကုမာရမင်းသားလို သူတော်စင်များ မရှိသလော၊ ရှိမည်သာ ဖြစ်ပါ၏။ ထိုသို့ ရှိကြောင်းကို ယနေ့မြန်မာနိုင်ငံ၌ ကျောင်းကန်ဘုရားနှင့် စေတီပုထိုးများကို တည်ဆောက် မွမ်းမံနေခြင်းက သက်သေ ပြပါ၏။

မြန်မာနိုင်ငံသည် ဘာသာရေးအရလည်း အစဉ်အလာ ကြီးသော နိုင်ငံ ဖြစ်၏။ မိမိ၏ မိသားစုကို ချစ်တတ်၏။ မိမိ၏ မိသားစုမှ တစ်ပါး အခြားသော နိုင်ငံသားများကိုလည်း ချစ်တတ်

ပါ၏၊ ကမ္ဘာ့ လူသား အားလုံးနှင့်တကွ သတ္တဝါ မှန်သမျှကိုလည်း ချစ်တတ်ပါ၏။ ထို့ကြောင့် မြန်မာနိုင်ငံသည် ဘာသာရေးအရလည်း အစဉ်အလာ ကြီးသော နိုင်ငံဖြစ်သည်ဟု ဆိုခြင်း ဖြစ်ပါ၏။

ယဉ်ကျေးမှုအရလည်း မြန်မာနိုင်ငံသည် အဉ်အလာ ကြီးပါ၏။ အဆောက်အအုံများဆိုင်ရာ 'ဗိသုကာ' ပညာရပ်နှင့် ပတ်သက်လျှင်လည်း ရှေးခေတ် ပုဂံပြည်၏ စေတီများနှင့် ကျောင်းဘုရားများ၏ တည်ရှိမှုများက သက်သေခံလျက် ရှိပါ၏။ ဤသည်မှာ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု ရှုထောင့်မှ ဖော်ပြခြင်း ဖြစ်၏။

နာမ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့်ပတ်သက်လျှင်လည်း လက်ရှိစာပေအပေါ်၌ ဗုဒ္ဓစာပေနှင့် နိုင်ငံခြားစာပေတို့၌ သြဇာသည်များစွာ လွှမ်းမိုးလျက် ရှိပါ၏။ ဗုဒ္ဓစာပေအရ ဆိုလျှင် ခံစားမှုဆိုင်ရာ အပိုင်းတို့၌ လည်းကောင်း၊ သိမှုဆိုင်ရာ အပိုင်းတို့၌ လည်းကောင်း၊ တီထွင်မှုဆိုင်ရာ အပိုင်းတို့၌ လည်းကောင်း၊ ကျင့်ကြံမှုဆိုင်ရာ အပိုင်းတို့၌ လည်းကောင်း ကိုယ်ကျင့်သိက္ခာ မြင့်မားမှုကို ဦးစားပေး၍ ဖော်ပြ၏။ သွန်သင်၏။ ဆိုဆုံးမ၏။

ကိုယ်ကျင့် သိက္ခာ မြင့်မားပါမှ စိတ်သည် ယဉ်ကျေးမည် ဖြစ်၏။ စိတ်သည် ယဉ်ကျေးပါမှ ချမ်းသာကို ဆောင်နိုင်မည် ဖြစ်၏။ ဤသည်ကို ရည်၍ 'စိတ္တံ ဒန္တံ သုခါဝဟံ' ဟူ၍ ကျမ်းဂန်များ၌ ဖော်ပြခြင်း ဖြစ်၏။

ဗုဒ္ဓစာပေအရ စိတ်ကို ယဉ်ကျေးအောင် ဆောင်ရွက်ရာတွင် စိတ်ကို အထိန်းအကွပ် မရှိဘဲ လွှတ်ပေးခြင်း နည်းကိုလည်း

အသုံးမပြု။ ထိုနည်းသည်လည်း အစွန်းတစ်ဖက်သို့ ရောက်၏။ စိတ်ကို အတင်းအဓမ္မ ထိန်းကွပ်ခြင်းနည်းကိုလည်း အသုံးမပြု။ ထိုနည်းသည်လည်း အစွန်းတစ်ဖက်သို့ ရောက်သည်ပင် ဖြစ်၏။

ထို့ကြောင့် ထိုနည်းမျိုးကို ရှောင်၍ 'သတိ သမ္ပဇဉ်'ဖြင့် ထိန်းသိမ်းသော နည်းကို အသုံးပြု၏။ ထိုနည်းသည်သာလျှင် အစွန်းနှစ်ဖက် လွတ်သော မဇ္ဈိမပဋိပဒါ နည်းဖြစ်၏၊ ဤနည်းဖြင့်သာ စိတ်ကို ယဉ်ကျေးအောင် ဆုံးမပါ၏။ ထို့ကြောင့် မြန်မာနိုင်ငံ၏ နာမ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုသည်လည်း ဒုစရိုက်ကင်း၍ သုစရိုက် ဖြစ်ပေါ်လာရေးလို့ ဦးတည်သဖြင့် မြင့်မားပါ၏။ သို့ဖြစ်၍ ယဉ်ကျေးမှုအရလည်း မြန်မာနိုင်ငံသည် အစဉ်အလာ ကြီးသည်ဟု ဆိုခြင်း ဖြစ်ပါ၏။

ပစ္စည်းဘဏ္ဍာ ထိန်းသိမ်းရေးနှင့် ပတ်သက်လျှင် လည်းကောင်း၊ စားရေး သောက်ရေး၊ နေထိုင်ရေးတို့နှင့် ပတ်သက်၍ လည်းကောင်း လိုက်နာ ကျင့်သုံးနိုင်ရန် ရှင်သာမဏေဘဝ၌ 'စုဒ္ဒသ ခန္ဓကဝတ်'နှင့် 'သေခိယ သိက္ခာပုဒ်'များကို သင်ကြား ပေးလိုက်၏။ ဘဝနေနည်းနှင့် ပတ်သက်၍လည်း လိုက်နာ ကျင့်သုံးနိုင်ရန် မင်္ဂလသုတ်၊ သိင်္ဂါလောဝါဒ သုတ်တို့ကို သင်ကြား ပေးလိုက်၏။

ထိုသို့ သင်ကြားပေးရာ၌ ယနေ့ခေတ် ကျောင်းသင်ဘာသာရပ်များကို သင်ကြားပေးသလို သင်ကြား ပေးခြင်းမျိုးတော့ မဟုတ်။ ကိုယ်ကျင့်သိက္ခာ ဖြူစင်မှု'သီလဝိသုဒ္ဓိ'၊ စိတ်ထား ဖြူစင်မှု 'စိတ္တဝိသုဒ္ဓိ'နှင့် အမြင်ကြည်လင်မှု'ဒိဋ္ဌိ ဝိသုဒ္ဓိ'တို့၏ အပေါ်၌ အခြေခံ၍ သင်ကြားပေးခြင်းမျိုး ဖြစ်၏။

မြန်မာနိုင်ငံသည် ဤစာပေသင်နည်းကို ရှေးခေတ်က အစဉ်တစိုက် လိုက်နာကျင့်သုံးခဲ့ပါ၏။ ထို့ကြောင့်ပင် မြန်မာနိုင်ငံသည် ထေရဝါဒ အုတ်မြစ် ခိုင်မာသောနိုင်ငံ ဖြစ်သဖြင့် ခေါင်းဆောင်ကောင်းများ၊ သူရဲကောင်းများ၊ သူတော်စင်များကို မွေးထုတ်နိုင်ခြင်း ဖြစ်သည်ဟု ယုံကြည်နိုင်ပါ၏။ 'တပည့်ကောင်းပါက ဆရာကောင်း ရှိ၍သာ'ဟူသော နိယာမအတိုင်းဆရာကောင်းများလည်း ရှိခဲ့ပါ၏။

သို့ဖြစ်လျှင် ယနေ့မြန်မာနိုင်ငံ၌ ထေရဝါဒ၏ အုတ်မြစ်သည် 'ခိုင်မာပြီလား'ဟူ၍ မေးရန် ရှိပါ၏။ ခိုင်မာသင့်သလောက်တော့ ခိုင်မာ၏။ မပြိုပျက်လောက်အောင်တော့ မခိုင်မာသေး။ မပြိုပျက်လောက်အောင် ခိုင်မာရန် ဆက်၍ အားထုတ်ဖို့ ရှိသေး၏၊ ဤသို့ပင် ဖြေရမည် ဖြစ်၏။

မြန်မာနိုင်ငံသည် ကိုယ့်မင်းကိုယ့်ချင်းဘဝမှ သူတစ်ပါးလက်အောက်သို့ ကျရောက်သွားသော'ဒဏ်'ကို ခံခဲ့ရ၏။ ကျရောက်သွားသဖြင့် ခံရသော 'ဒဏ်'များအနက် ကိုယ်ကျင့်သိက္ခာ ယိုယွင်းသွားမှုဆိုင်ရာ 'ဒဏ်'သည် များစွာ ပြင်းထန်ပါ၏။ ထို 'ဒဏ်'ကို ကုစားရပေဦးမည်။ ထို'ဒဏ်'ကို ကုစားရာ၌ ထေရဝါဒဆိုင်ရာ ကိုယ်ကျင့်သိက္ခာ တည်ဆောက်မှုတည်းဟူသော ဆေးကောင်းဖြင့် ကုစားရုံမှတစ်ပါး အခြားကုစားနည်းဟူ၍ မရှိကောင်းပါချေ။

မြန်မာနိုင်ငံ၌ စာရိတ္တ ယိုယွင်းမှု 'ဒဏ်'ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဖြစ်သူများသည် မိစ္ဆာဒိဋ္ဌိ၏ အမူအကျင့်များအတိုင်း ကျင့်ကြံကြသည်ကိုလည်း တွေ့ရ၏။

ဤနေရာ၌ မိစ္ဆာဒိဋ္ဌိဟူသည်မှာ 'နတ္ထိက ဒိဋ္ဌိ၊ အကြိယဒိဋ္ဌိနှင့် အဟေတုက ဒိဋ္ဌိတို့ကို ဆိုခြင်း ဖြစ်၏။ 'နတ္ထိကဒိဋ္ဌိ'၏ မူရင်းဝါဒရှင်မှာ 'အဇိတကေသကမ္ဗလ' ဖြစ်၏။ 'အဇိတကေသကမ္ဗလ'သည် မြတ်စွာဘုရား လက်ထက်တော် အခါက ထင်ရှားသော တိတ္ထိကြီး (၆)ယောက်တို့အနက် တစ်ယောက် အပါအဝင် ဖြစ်၏။

သူ၏ဝါဒမှာ ကံ၏အကျိုး 'ကမ္မဖလ'ကို မယုံကြည်သော ဝါဒ ဖြစ်၏။ ပစ္စုပ္ပန် တည့်တည့်ကိုသာ အာရုံစိုက်၏၊ အနာဂတ်ကို ရှိသည် ဟူ၍ပင် မခံယူပါချေ။ မြန်မာနိုင်ငံ၌ ဤဝါဒ အတော်ပင် ခေတ်စားသည်ကို တွေ့ရ၏။

ယနေ့ မြန်မာနိုင်ငံတွင် ဤဝါဒသည် နေရာတိုင်း၌ ရှိ၏။ လူ့အလွှာတိုင်း၌လည်း ရှိ၏။ မော်တော်ယာဉ်စီးရန်အတွက် နောက်မှ ရောက်လာသူက ရှေ့က ရှိနှင့်သူကို ကျော်၍ နေရာလု၏။ စာအုပ်ထုတ်ဝေခွင့် ရရန် လျှောက်ထားသူများအနက် နောက်မှ လျှောက်ထားသူက ရှေ့မှလျှောက်ထားသူထက် အလျင်ဦးစွာ ရနိုင်ရန် ဖြစ်သည့်နည်းဖြင့် ကြိုးစား၏။

ဗုဒ္ဓဂယာ ဘုရားဖူးသွားရန်အတွက်ပင် နောက်မှ လျှောက်ထားသူက ရှေ့က ရှိနှင့်ပြီးသူများကို ကျော်လွှားနိုင်ရန် အရှိန်အဝါကို သုံး၏။ ကုန်ပစ္စည်းများ ဝယ်ရန် လျှောက်ထားရာ၌လည်း အရှိန်အဝါ ရှိသူများက အရှိန်အဝါကို သုံး၍ လည်းကောင်း၊ ငွေအားဖြင့် လည်းကောင်း ရှေ့က ရှိနှင့်ပြီးသူများကို ကျော်၍ တက်ကြ၏၊ သူတို့အတွက် 'နက်ဖြန်' ဟူ၍ မရှိ၊ ယခု ချက်ချင်းသာ ရှိ၏။

ဝန်ထမ်းများလောက၌ ရာထူးတက်အောင် အားထုတ်ရာတွင်လည်း ထိုနည်းအတိုင်းပင် ဖြစ်၏။ ထိုနည်းသည် နတ္ထိကဒိဋ္ဌိဝါဒီ အဇိတကေသကမ္ဗလ၏နည်း ဖြစ်၏။ ထိုနည်းကို ယနေ့မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များက ကျင့်သုံးလျက် ရှိကြ၏။ ဤသည်မှာ ဘာရိတ္တာ ချွတ်ယွင်းမှုဖြစ်၏။ ယင်းချွတ်ယွင်းမှုမျိုးကိုလည်း ကုစားရန် အမှန်ပင် လိုအပ်ပါ၏။

နောက်တစ်နည်းမှာ 'ပုရာဏကဿပ'၏ နည်းဖြစ်၏။ပုရာဏကဿပသည်လည်း မြတ်စွာဘုရားလက်ထက်တော်အခါက ထင်ရှားသော တိတ္ထိဆရာကြီး (၆)ယောက်တို့အနက် တစ်ယောက် အပါအဝင် ဖြစ်၏။ ပုရာဏကဿပ၏ဝါဒကို 'အကြိယ ဒိဋ္ဌိ'ဟု ခေါ်၏။ အကြိယဒိဋ္ဌိသည် 'ကံ'ကို မယုံကြည်၊ လိုအပ်သော အကျိုးကို ရလျှင် ပြီးရော၊ ဘယ်လို နည်းဖြင့် ရရ၊ ရခြင်းသာ ပဓာန ဖြစ်၏။ ဤသို့သာ ယုံကြည်၏။ ဤနည်းကို 'မက္ခိယ ဗေလိ' မည်သော အီတလီ နိုင်ငံရေး သုခမိန်ကြီးကလည်း သုံးသည်ဟု ဆိုကြ၏။

အကျိုးကို ရမည်ဆိုလျှင် ဘာကိုပဲ လုပ်ရလုပ်ရ လုပ်ကြမည်သာ ဖြစ်၏။ ရာထူးတက်ရေးနှင့် ပတ်သက်လျှင်လည်း ရာထူးတက်ပေးနိုင်သူအား နည်းအမျိုးမျိုးဖြင့် ချဉ်းကပ်ကြ၏၊ အခြားကိစ္စတွင်လည်း အလားတူပင် သဘောထားကြ၏။ ဆောင်ရွက်ကြ၏။ အကြောင်း 'မှန် မမှန်'ကို အကျိုးတရား 'ရခြင်း'နှင့် တိုင်းတာကြ၏။ အကယ်၍ လိုအပ်သော အကျိုးကို ရရှိရိုး မှန်လျှင် အကြောင်းမှန်၍သာဖြစ်သည်ဟူသော သဘောဖြစ်၏။

အကယ်၍ အဇာတသတ်လို အဖကို သတ်သဖြင့် ထီးနန်းကို ရလျှင် အဖကို သတ်ခြင်းသည် မှန်ကန်သည်ဟူ၍ ခံယူသော ဝါဒ ဖြစ်၏။ ဤဝါဒသည်လည်း ကိုယ်ကျင့် သိက္ခာကို ဖျက်ဆီးသောဝါဒ ဖြစ်သဖြင့် ယင်းဝါဒကိုလည်း ဤမြန်မာနိုင်ငံ၌ မထွန်းကားအောင် ဆောင်ရွက်ရန် တာဝန် ရှိပါ၏။ ကြိုးပမ်းရန် တာဝန် ရှိပါ၏။ တာဝန်ရှိသည် အားလျော်စွာ ဆောင်ရွက်ကြရမည် ဖြစ်၏။ ကြိုးပမ်း ကြရမည် ဖြစ်၏။

နောက်ဝါဒတစ်ခုမှာ ကြောင်းကျိုးမဲ့ဝါဒ ဖြစ်၏။ ပါဠိဝေါဟာရ အားဖြင့် 'အဟေတုက ဒိဋ္ဌိ'ဟူ၍ ဆို၏။ ဤဝါဒကို တည်ထောင် သူမှာ 'မက္ခလိဂေါသာလ'ဖြစ်၏။ မက္ခလိဂေါသာလသည် မြတ်စွာ ဘုရား လက်ထက်တော်အခါက ထင်ရှားသော တိတ္ထိကြီး (၆) ယောက်တို့တွင် တစ်ယောက် အပါအဝင် ဖြစ်၏။ ဤဝါဒကို အိန္ဒိယ ဒဿနကျမ်းများ၌ 'စာရိဝက'အမည်ဖြင့်လည်း တွေ့ရ၏။

ဤဝါဒအရ လောက၌ အကြောင်းဟူ၍လည်း မရှိ၊ အကျိုး ဟူ၍လည်း မရှိ၊ အကြောင်းနှင့် အကျိုးတို့၏ ဆက်သွယ်မှုဟူ၍ လည်း မရှိ၊ ထို့ကြောင့် 'ကံ'ဟူ၍လည်း မရှိ။ အမှန်အားဖြင့် လောကဟူသည် ကစားကွင်း 'ကီဠာထလ'သာ ဖြစ်၏။ ထို့ကြောင့် လောကတည်းဟူသော ကစားကွင်း၌ အနိုင်ရအောင်သာ ကစားကြ ရမည်ဖြစ်၏။ အနိုင် ရရှိရေးသို့သာ ဦးတည်ကြရမည် ဖြစ်၏။ ထိုသို့ ကစားရာတွင် သက်ရှိနှင့်လည်း ကစားရသည့်အခါ ရှိမည်။ သက်မဲ့နှင့်လည်း ကစားရသည့်အခါ ရှိမည်။ ဘာနှင့်ပဲ ကစား ကစား

နိုင်အောင်သာ ကစားရန် ကြိုးပမ်းရမည်ဟု ဤဝါဒက သွန်သင်၏၊ ညွှန်ကြား၏။

ဤဝါဒအရ မိမိတို့ အသက်ရှင်နေသရွေ့ ကာလပတ်လုံး ဂုဏ်တွေ သိက္ခာတွေ ကိုယ်ကျင့်တရားတွေ ပတ်ဝန်းကျင်တွေ စည်းကမ်း ဥပဒေတွေကို လိုက်နာနေစရာ မလို၊ အကယ်၍ လိုက်နာနေလျှင် အနိုင် ရရှိရေး၌ 'နှောင့်နှေး'နေမည်သာ ဖြစ်၏။ ထို့ကြောင့် အခြေအနေအရ 'လစ်'လျှင် 'လစ်' သလိုသာ ဆောင်ရွက်ရန် ဖြစ်၏။ သို့မှသာ မြန်မြန် အနိုင်ရရှိမည်ဖြစ်၏။ အနိုင်ရရှိမှုသည် သာလျှင် ဘဝ၏ ပန်းတိုင်ဖြစ်၏။

ဤဝါဒကိုလည်း မြန်မာနိုင်ငံ၌ ကျင့်သုံးနေသည်ကို တွေ့ရ၏။ 'အမြီး'ကျက်လျှင် 'အမြီး'ကို စားနေသူများ ရှိကြ၏။ 'ခေါင်း'ကျက်လျှင် ခေါင်းကို စားနေသူများ ရှိကြ၏။ သူတို့၌ 'စောင့်ထိန်းမှု' ဟူ၍ ဘာမျှ မရှိ။ သစ္စာဟူသည် 'ဝေးလေ'နေသေး၏။ ဤဝါဒ၊ ဤအမြင်၊ ဤအယူအဆသည်လည်း ဗုဒ္ဓဘာသာ မြန်မာနိုင်ငံ၌သာမက လူ့လောက၌ မရှိသင့် မရှိကောင်းသော ဝါဒ၊ အမြင်၊ အယူ ဖြစ်ပါ၏။

ထို့ကြောင့် ဤဝါဒ ဤအမြင် ဤအယူကို မြန်မာနိုင်ငံ၌ မရှိရလေအောင် အားထုတ်ရမည် ဖြစ်၏။ လူ့လောက၌ မရှိအောင် အားထုတ်ရာတွင်လည်း မြန်မာနိုင်ငံက ပံ့ပိုးရမည် ဖြစ်၏။

ထေရဝါဒ ဗုဒ္ဓဘာသာအရ ဤလောက၌ လူဖြစ်လာရခြင်းသည် လောကကို မိမိ အတွက် အသုံးချရန် မဟုတ်ဘဲ မိမိကိုသာ

လောကအတွက် အသုံးချရန် ဖြစ်၏။ ထိုသို့ အသုံးချရာတွင် ထိရောက်စွာ အသုံးချနိုင်ရေးအတွက် မိမိကိုယ်ကို ထက်မြက်အောင် လေ့ကျင့်အပ်၏၊ လေ့ကျင့်ခြင်းဟူသည် ပါရမီ ကုသိုလ် မြောက်အောင် အားထုတ်ခြင်းပင် ဖြစ်၏။

ပါရမီကုသိုလ် မြောက်အောင် အားထုတ်ခြင်းဟူသည် (၁) လိုအပ်သော အကူအညီကို စွမ်းနိုင်သလို ပေးခြင်း၊ (၂) ကိုယ်ကျင့်သိက္ခာကို မြင့်မားအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (၃) တုန့်ပြန်မှုကို မျှော်လင့်ခြင်းမရှိဘဲ စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ခြင်း၊ (၄) အသိဉာဏ် တိုးတက်၍ ထက်မြက်လာအောင် အားထုတ်ခြင်း၊ (၅) မလျှော့သော ဇွဲလုံ့လရှိခြင်း၊ (၆) အရာရာကို သည်းခံခွင့်လွှတ်ခြင်း၊ (၇) သစ္စာ ရှိခြင်း၊ (၈) အဓိဋ္ဌာန်ဖြင့် ဆောင်ရွက်ခြင်း၊ (၉) လောကကို ချစ်တတ်ခြင်း၊ (၁၀) ဘက်မလိုက်ဘဲ တသမတ်တည်းနှင့် တည့်တည့်မတ်မတ် ဆောင်ရွက်ခြင်းတို့ပင် ဖြစ်သည်။

ထေရဝါဒဗုဒ္ဓဘာသာအရ ဤကဲ့သို့ ပါရမီကုသိုလ် မြောက်အောင် အားထုတ်ရင်း အားထုတ်ရင်း မိမိကိုယ်ကို ထက်မြက်အောင် ပြုအပ်၏။ မိမိကိုယ်တိုင် ထက်မြက်ပါမှ ပတ်ဝန်းကျင်၏ အကျိုးကို ဆောင်ရွက်ရာ၌ ထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်၏။

ထိုကဲ့သို့သော ပုဂ္ဂိုလ်များ မြန်မာနိုင်ငံ၌ ပေါများလာပါမှ မြန်မာနိုင်ငံသည် ဒုစရိုက်များ တဖြည်းဖြည်း ပပျောက်ပြီး သုစရိုက်များ တဖြည်းဖြည်း တိုးပွားလာမည် ဖြစ်ပါ၏။ သုစရိုက်များ တိုးပွားလာသည်နှင့်အမျှ မြန်မာနိုင်ငံသည် ငြိမ်းချမ်းသာယာလာမည် ဖြစ်၏။

ထိုသို့ ဖြစ်လာနိုင်စေရန် လူတိုင်း ပုဂ္ဂိုလ်တိုင်း၌ ကိုယ်ကျင့်သိက္ခာ မြင့်မားအောင် တည်ဆောက်မှုကို အလေးအနက်ထားသော ထေရဝါဒအုတ်မြစ်ကို မြန်မာနိုင်ငံ၌ ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ရန်မှ တစ်ပါး အခြားနည်းကောင်းဟူ၍ မရှိပါကြောင်း အလေးအနက် ခံယူအပ်ပါ၏။

**(မြတ်ပန်းဝေစာစောင်၊ အတွဲ ၂၊ အမှတ် ၁၊ နိုဝင်ဘာ၊ ၁၉၉၁)**

❖ ❖ ❖

ဗြာဟ္မဏာတို့သည်
အကျင့်ကို ကျင့်သုံးရာ၌ သံသရာချမ်းသာကို
ပန်းတိုင်အဖြစ် ထားပြီး ကျင့်သုံး၏။
ဗုဒ္ဓဘာသာဝင်တို့သည်ကား
မည်သည့်အကျင့်ကို ကျင့်သုံးသည် ဖြစ်စေ
သံသရာလွန် ချမ်းသာကို
ပန်းတိုင်အဖြစ်ထားပြီး ကျင့်သုံး၏။
ဤသို့လျှင်
နောက်ဆုံး ရည်မှန်းချက်ချင်းကား ခြားနား၏။

# မြန်မာနိုင်ငံနှင့် ဘန္တရဝါဒ

တန္တရဝါဒ အကြောင်း ပြောရမည်ဆိုလျှင် မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ညဉ့်၏ နောက်ဆုံးယံကို ဇဟိုပြု၍ ပြောရမည်ဖြစ်၏။ ထိုကာလတွင် ရှေ့ပိုင်းလည်းရှိ၏။ နောက်ပိုင်းလည်း ရှိ၏။ ရှေ့ပိုင်းကာလတွင် အတ္တသည် အရာရာကို စိုးမိုး၏။ ဤသို့ ယူကြ၏။ နောက်ပိုင်းကာလတွင် အနတ္တသည် အရာရာကို စိုးမိုး၏။ ဤသို့ ယူကြ၏။

ရှေ့ပိုင်းကာလအရ အတ္တဟူသည် မပျက်မစီး အမြဲရှိနေသော ဓမ္မဖြစ်၏။ ယင်းကို ဗြဟ္မာဟူ၍လည်း ခေါ်၏။ ထို့ကြောင့် အရာဝတ္ထုတစ်ခုသည် မပျက်မစီး အမြဲရှိသော ဓမ္မဖြစ်ရိုးမှန်လျှင် အတ္တ သို့မဟုတ် ဗြဟ္မာဖြစ်ရမည်။ မပျက်မစီးဘဲ အမြဲရှိနေနိုင်မှတော့ ထိုဓမ္မသည် အတိုင်းမသိသောစွမ်းအားကို ပိုင်ဆိုင်မည်မှာ ယုံမှားစရာ ဘာမျှမရှိ။

လက်တွေ့ မျက်မြင်အားဖြင့် မပျက်မစီးဘဲ အမြဲတည်ရှိနိုင်သော ဓမ္မကိုရှာလျှင် 'အသံ'ကို တွေ့ရ၏။ 'အသံ' ဟူသည်

အစိတ်အပိုင်းလည်း မရှိ၊ အားလုံးတစ်ခုတည်းဖြစ်၏။ ယင်းသဘော ကို 'နိရဝယဝ' ဟု ဆို၏။ ထိုအပြင် နေရာတိုင်း၌ရှိ၏။ ယင်း သဘောကို 'သဗ္ဗဗျာပီ' ဟု ဆို၏။ နိရဝယဝနှင့် သဗ္ဗဗျာပီ ဟူသော ဝေါဟာရတို့သည် ဤအတ္တ သို့မဟုတ် ဗြဟ္မာတို့နှင့် ပတ်သက်၍ ပြောရာဆိုရာ၌ သုံးနှုန်းသော ဝေါဟာရများဖြစ်ကြ၏။ ထို့ကြောင့် 'အသံ' ဟူသည် အတ္တ သို့မဟုတ် ဗြဟ္မာဖြစ်လေ၏။

'အသံ'သည် အတ္တ သို့မဟုတ် ဗြဟ္မာဖြစ်သဖြင့် ဓမ္မတာ အတိုင်း လောကကို ဖန်ဆင်း၏။ ထိုသို့ ဖန်ဆင်းရာ၌ လောကရှိ အရာရာတိုင်း၏အနှစ်သာရအနေဖြင့် ဖန်ဆင်းခြင်း ဖြစ်၏။ ဤလောက၌ တွေ့နေ မြင်နေရသော သက်ရှိ သက်မဲ့ အရာဝတ္ထု ဟူသမျှ သည် 'အခွံ'များနှင့် 'အကာ'များသာ ဖြစ်ပါ၏။ ထိုကြောင့် အနှစ်သာရဖြစ်သော 'အသံ'ကို ဖယ်လိုက်၊ နှုတ်လိုက်လျှင် လောကရှိ အရာဝတ္ထု မှန်သမျှသည် 'အခွံ'ချည်း သို့မဟုတ် 'အကာ'ချည်း ကျန်ရှိတော့သဖြင့် ဘာမျှ တန်ဖိုးဟူ၍ မရှိတော့ချေ။

'အသံ' ဟူသည် နေရာတိုင်း၌ ရှိ၏။ အရာရာတိုင်း၌ ရှိ၏။ သစ်သားတုံးကို ခေါက်ကြည့်ပါက ဒေါက်ဒေါက်ဟူ၍ အသံထွက်၏။ ထိုသို့ သစ်သားတုံးမှ 'အသံ'ထွက်လာခြင်းမှာ သစ်သားတုံး၌ မူလကတည်းက 'အသံ' ရှိနေသောကြောင့် ဖြစ်၏။ လူတို့သည်လည်း ဘာသာစကားကို ပြောကြ၏၊ ဆိုကြ၏။ ထိုသို့ ပြောကြ ဆိုကြ ခြင်းမှာ လူတို့၌ မူလကတည်းက 'အသံ'ရှိနေသောကြောင့်ဖြစ်၏။

သို့ရာတွင် 'အသံ'ထွက်ရာ၌မူ ခြားနားခြင်းတော့ ရှိ၏။ ထိုသို့ ခြားနားခြင်းမှာလည်း အကြောင်းတရားများ အနေဖြင့်

ခြားနားကြသောကြောင့် ဖြစ်၏။ ဘာသာစကားအနေဖြင့် အသံထွက်ရာ၌ ဌာန် ကရိုဏ်း ပယတ်တို့ကြောင့် ဖြစ်၏၊ သက်မဲ့အရာဝတ္ထုများမှ အသံထွက်ရာ၌မူ ဌာန် ကရိုဏ်း ပယတ်တို့ကြောင့် မဟုတ်၊ အရာဝတ္ထုများအချင်းချင်း ထိခိုက်သောကြောင့် ဖြစ်၏။

သက်ရှိမှ ဖြစ်စေ၊ သက်မဲ့မှ ဖြစ်စေ အသံထွက်ရာ၌ သက်ရှိပဲဖြစ်ဖြစ်၊ သက်မဲ့ပဲ ဖြစ်ဖြစ် ထိုထိုအရာဝတ္ထုများက 'အသံ'ကို မရှိသော သဘောမှ ရှိသော သဘောသို့ ဖြစ်ပေါ်လာအောင် လုပ်ခြင်းသာ မဟုတ်၊ မထင်ရှားသော သဘောမှ ထင်ရှားသောသဘော ဖြစ်ပေါ်လာအောင်သာ လုပ်ခြင်း ဖြစ်၏။

'မရှိသော သဘောမှ မရှိသော သဘောဖြစ်ပေါ်လာနိုင်၏။ ရှိသော သဘောသည် ဖြစ်ပေါ် မလာနိုင်ချေ' ဟူ၍ ဆိုကြသော ဒဿနပညာရှင်တို့၏ အဆိုအမိန့်အရ အကယ်၍သာ အသံသည် မူလကတည်းက ကြိုတင်ပြီး ရှိမနေဘူးဆိုပါလျှင် သက်ရှိ ဖြစ်စေ၊ သက်မဲ့ဖြစ်စေ မည်သည့်အရာဝတ္ထုကမျှ အသံကိုဖြစ်ပေါ်လာ အောင် ဆောင်ရွက်နိုင်စွမ်းရှိမည် မဟုတ်၊ ဤသို့သော အဓိပ္ပာယ်ကို ရည်၍ ဒဿနပညာရှင် နီလဏ္ဍက--

**'အဟမပိ ပုဗ္ဗကမ္မပေက္ခာယေ၀ တံ ပ၀တ္တာယာမိ'**

**အဟမပိ**='ငါ'ဖန်ဆင်းရှင်သော်မှ။ **ပုဗ္ဗကမ္မပေက္ခာယ ဧ၀**= မဖန်ဆင်းမီ မူလက ရှိနှင့်နေသော ဖန်ဆင်းစရာ အရာဝတ္ထုကို မြင်သဖြင့်သာလျှင်။ **တံ**= ဖန်ဆင်းအပ်သော ထိုထိုသက်ရှိ သက်မဲ့ အရာဝတ္ထုကို။ **ပ၀တ္တာယာမိ** = ဖန်ဆင်းနိုင်ပါ၏။' ဟူ၍ ဆိုခြင်း ဖြစ်တန်ရာ၏။

ထို့ကြောင့် အသံဟူသည် မူလရှိပြီးသား နိစ္စတရားဖြစ်၏။ အကြောင်းကင်းသော တရားလည်း ဖြစ်၏။ အမှန်အားဖြင့် အကြောင်းကင်းမှ နိစ္စ ဖြစ်၏။ သို့ရာတွင် ကြားနေကြရသော အသံများကား အကြောင်း မကင်းကြ၊ အကြောင်းတို့၏ ပေါင်းဆုံမှုကြောင့်သာ ဖြစ်ရခြင်းဖြစ်၏။ အကြောင်းမကင်းသဖြင့်လည်း အနိစ္စ ဖြစ်ရလေ၏။

သို့ဖြစ်လေရာ မူလရှိနှင့်သော အသံသည် နိစ္စ ဖြစ်၏။ အစိတ်စိတ်ဟူ၍ မရှိ။ နေရာတိုင်း အရာဝတ္ထုတိုင်း၌ ရှိ၏။ မပျက် မစီး အမြဲတည်၏။ အကြောင်းကင်း၏။ ထို့ကြောင့် ထိုနိစ္စဖြစ်သော အသံကို ဖြစ်ပေါ်လာအောင် လုပ်၍ မရ။ ထင်ရှားလာအောင်သာ လုပ်၍ ရလေ၏။ ဖြစ်ပေါ်လာအောင် လုပ်ခြင်းကို 'ဥပ္ပါဒက'ဟူ၍ ဆို၏။ ထင်ရှားလာအောင် လုပ်ခြင်းကို 'အဘိဗျဉ္ဇက' ဟူ၍ဆို၏၊

နိစ္စဖြစ်သော အသံသည် ဖြစ်တည်ပျက် သဘောမရှိ၊ အားလုံးမှ 'တစ်ခု'တည်း ဖြစ်၏။ ထို'တစ်ခု'တည်းမှ အင်္ဂလိပ်သံ မြန်မာသံ၊ သက်ရှိသံ၊ သက်မဲ့သံ စသည်အားဖြင့် အမျိုးမျိုးဖြစ်လာ၏

အမျိုးမျိုးသည် ဖြစ်တည်ပျက် သဘောရှိ၏။ အနိစ္စ ဖြစ်၏

နိစ္စ အသံသည် တကယ်ရှိသော အတ္တ သို့မဟုတ် ဗြဟ္မ ဖြစ်၏။ အတ္တ သို့မဟုတ် ဗြဟ္မာဖြစ်၍လည်း တန်ခိုးတော်အနန္တနှ ပြည့်စုံ၏။

အနိစ္စအသံကား တကယ်မရှိဘဲ အထင်ရှိသော 'လောဂ ဖြစ်၏။ တကယ်မရှိဘဲ အထင်ရှိသာ ဖြစ်သော်လည်း ယင်း၊

အတွင်း၌ အနန္တ စွမ်းအင်နှင့် ပြည့်စုံသော တကယ်ရှိသော အသံသည် ပျံ့နှံ့၍ တည်၏။ ထို့ကြောင့် အနိစ္စအသံသည်လည်း နိစ္စအသံမှ အနန္တ စွမ်းအင်ကို ရရှိလေ၏။

သို့ဖြစ်လေရာ အနန္တ စွမ်းအင်ရှိသော အသံကို မန္တန်အဖြစ် စနစ်တကျ အသုံးချတတ်ပါက မိမိလိုချင်သော အကျိုးတရားကို ရနိုင်၏။ ဤသို့သော အယူသည် အထဗ္ဗဝေဒ၌ စတင်၍ ဖြစ်ပေါ်လာ၏။ ဤအယူကို 'တန္တ ရဝါဒ'ဟု ဆို၏။

တန္တ ရဝါဒအရ စီးပွားဖြစ်လိုလျှင်လည်း မန္တန်ကို ရွတ်ရ၏။ ရာထူးတက်လိုလျှင်လည်း မန္တန်ကို ရွတ်ရ၏။ အန္တ ရာယ်ကင်းလိုလျှင်လည်း မန္တန်ကို ရွတ်ရ၏။ ကောက်ပင်ကို သန်စွမ်းစေလိုလျှင်လည်း မန္တန်ကို ရွတ်ရ၏။ အယုတ်ဆုံးအားဖြင့် ချစ်ခြင်းမေတ္တာကို ရလိုလျှင်တောင်မှ မန္တန်ကို ရွတ်ရ၏။ ဤသို့လျှင် မန္တန်သည် ဖြစ်စေချင်သမျှ ဖြစ်စွမ်းစေနိုင်သော၊ ရစေချင်သမျှကို ရစွမ်းစေနိုင်သော အနန္တ စွမ်းအားရှင် ဖြစ်လာလေ၏။

တန္တ ရဝါဒ၏ အဆိုအမိန့်အတိုင်း မန္တန်သည် တကယ်တမ်း အစွမ်းထက်သည် မထက်သည်ကိုမူ ထိုထိုမန္တန်ကို ရွတ်ဆိုဖူးသူများသာ သိကြပေမည်။ သို့မဟုတ် ထိုသူများသည်ပင် သိချင်မှ သိကြပေမည်။ အဘယ့်ကြောင့်ဆိုသော် လောကရေးသည် သိနိုင်ခဲသောကြောင့် ဖြစ်၏။

အမှန်အားဖြင့် တန္တ ရဝါဒသည် ဖြတ်လမ်း၌ သက်ဝင်ယုံကြည်သော ဝါဒဖြစ်၏။ စပါး အထွက်ကောင်းအောင် အားသွန်

ခွန့်ဖိုက် ထွန်ယက် စိုက်ပျိုးဖို့ မလို၊ မန္တန်ကိုသာ ရွတ်ဖို့ လို၏။ ရာထူးတက်အောင် အလုပ်ကြိုးစားဖို့ မလို၊ မန္တန် ရွတ်ဖို့သာလို၏။ ဤသို့လျှင် တန္တရဝါဒသည် ဘာသာရေး၌ ဖြတ်လမ်းကို ဖောက်လုပ်ပေး၏။

မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညဥ့်၏ ပစ္ဆိမယာမ်၌ အလောင်းတော် သိဒ္ဓတ္ထ မင်းသားသည် သဗ္ဗညုတ ဉာဏ်တော်ကို ရ၍ လောကသုံးပါး၌ အနှိုင်းမဲ့ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ထိုကာလ၏ နောက်ပိုင်းသည် ရှေ့ပိုင်းနှင့် မတူ၊ လုံးလုံး ထူး၏။

ထိုနှစ် ဝါဆိုလပြည့် စနေနေ့မှ စ၍ (၄၅)ဝါတို့ ကာလ ပတ်လုံး တရားဓမ္မများကို မနားမနေ ဟောကြားတော်မူခဲ့၏။ ထိုတရားတော်များအရ အနန္တ စွမ်းအားကို 'အသံ' မှ 'စေတနာ' သို့မဟုတ် 'ကံ'အပေါ်၌ ပြောင်းရွှေ့၍ ထားတော်မူခဲ့၏။ စေတနာဆိုသော်လည်း စေတနာသက်သက်ကို ဆိုသည်မဟုတ်၊ သိက္ခာသုံးပါးပေါ်၌ တည်ဆောက်ထားသော စေတနာကို ဆိုခြင်းဖြစ်၏။

သိက္ခာသုံးပါးပေါ်၌ တည်ဆောက်ထားရုံမက တန်ခိုးဣဒ္ဓိပါဒ်ရှိလာအောင်လည်း လုပ်ဖို့ လိုသေး၏။ တကယ်ဖြစ်လိုသော ဆန္ဒလည်း ရှိမည်၊ မလျှော့သော ဝီရိယလည်း ရှိမည်၊ စိတ်ဓာတ်လည်း ခိုင်မာမည်၊ အသိဉာဏ်ပညာနှင့်လည်း ပြည့်စုံမည် ဆိုပါလျှင် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသည် မည်၏။

ထိုကဲ့သို့ သိက္ခာ သုံးပါးလည်း မြင့်မားမည်။ တန်ခိုးဣဒ္ဓိပါဒ် လေးပါးနှင့်လည်း ပြည့်စုံမည်ဆိုလျှင် ယင်းတို့အပေါ်၌ တည်ဆောက်

ထားသော စေတနာသည် မိမိတို့ အလိုရှိသော အကျိုးကို ပေးစွမ်းနိုင်၏။ ဤသို့ မြတ်စွာဘုရားက ဟောကြားတော်မူ၏။

ဤသည်မှာ ဗုဒ္ဓဝါဒ ဖြစ်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ရှင်မဟာကဿပစသော မထေရ်ကြီးများသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဒေသနာတော်များကို လိုက်နာကျင့်သုံးရေးနှင့်ပတ်သက်၍ 'မူ' ချမှတ်တော်မူခဲ့၏။ မထေရ်ကြီးများချမှတ်တော်မူခဲ့သော 'မူ'မှာ–

'နောက်ထပ် အသစ်လည်း မထည့်ရန်၊ မူလ ရှိပြီးသားကိုလည်း မဖြုတ်ရန် ဟူ၍ ဖြစ်၏။ အမှန်အားဖြင့် မြတ်စွာဘုရား၏ ဒေသနာတော်သည် တိုးစရာလည်း မလို၊ ဖြုတ်စရာလည်း မလို၊ ပြုပြင်စရာလည်း မလို၊' အဘက်ဘက်မှ အားလုံးပြီးပြည့်စုံသော ဒေသနာတော်ဖြစ်၏။ ယင်းသို့ ဖြစ်ခြင်းကို 'ကေဝလပရိပုဏ္ဏ'ဟူ၍ ဆို၏။

အမှန်အားဖြင့် မြတ်စွာဘုရားသည် အလုံးစုံကို သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားထက် မည်သူမျှ ပို၍ စာတတ်သည်မှာ ထင်ရှားပါ၏။ အကယ်၍ သဗ္ဗညုတ ဉာဏ်တော်ကို ယုံကြည်ပါသည်ဆိုလျှင် သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောကြားတော်မူထားသော ဒေသနာတော်၌ အသစ်ထပ်ထည့်စရာလည်း မလို၊ ရှိပြီးသားကို ဖြုတ်စရာလည်း မလို၊ ပြုပြင်စရာလည်း မလို၊ ရှင်မဟာကဿပ စသော မထေရ်ကြီးများ ချမှတ်တော်မူထားသည့် 'မူ'အတိုင်း လိုက်နာရန်သာ ရှိပါ၏။

မြတ်စွာဘုရား၏ ဒေသနာတော်၌ 'မန္တန်'ဟူသော ဝေါဟာရကို တွေ့နိုင်ပါ၏။ ထိုသို့တွေ့ရာတွင် မြတ်စွာဘုရား၏ ဒေသနာတော်သည်လည်း တန္တရဝါဒလာ မန္တန်နှင့် တစ်တန်း တစ်စားတည်း အနေဖြင့် 'မန္တန်'ပင် ဖြစ်သည်ဟု ဆိုလိုသည် မဟုတ်၊ တန္တရဝါဒလာ မန္တန်က ပေးသည်ဟု ယုံကြည်ကြသော အကျိုး အာနိသင်များကိုလည်း ဒေသနာတော်များက ပေးပါ၏။ ထိုထက် ပို၍လည်း ပေးပါ၏။

ထို့ကြောင့် တန္တရဝါဒလာ မန္တန်များကိုသာ အားကိုး မနေကြနှင့်၊ မိမိကိုယ်ကိုသာ အားကိုးကြ၊ မိမိကိုယ်ကို အားကိုးဖို့ဆိုသည်မှာ ပိဋကတော်များ၌ လာရှိသည့်အတိုင်း သိက္ခာသုံးပါးကို မြင့်မားအောင် ဆောက်တည်ကြရန် ဖြစ်၏။ ဣဒ္ဓိပါဒ်လေးပါးကို ပွားများကြရန် ဖြစ်၏။ ထိုအခါ မန္တန်ကပေးနိုင်သော အကျိုးကိုလည်း ရ၏။ ထိုထက်ပို၍လည်း ရ၏။ ဤသို့ ဆိုလိုရင်းဖြစ်၏။

ဗုဒ္ဓဝါဒ၌ ဖြတ်လမ်းမရှိ၊ အစဉ်အတိုင်း လျှောက်ရသော လမ်းသာရှိ၏။ အစဉ်အတိုင်း လျှောက်ရသောလမ်းကို 'အနုပုဗ္ဗပဋိပဒါ' ဟူ၍ ဆို၏။ တန္တရဝါဒ၌ စွမ်းအင်ကို မန္တန်၌ ထား၏။ ဗုဒ္ဓဝါဒ၌ စွမ်းအင်ကို စေတနာသို့မဟုတ် 'ကံ'၌ ထား၏။

သို့ဖြစ်လေရာ တန္တရဝါဒအရ မန္တန်က အကျိုးပေးသည်ဟု ဆိုနိုင်၏၊ ဗုဒ္ဓဝါဒအရမူ 'ကံ'က သို့မဟုတ် စေတနာ အကျိုးပေးသည်ဟု ဆိုပါ၏။ မန္တန်က အကျိုးပေးလျှင် မန္တန်ကို ထက်မြက်အောင် လုပ်ဖို့လို၏။ စေတနာက အကျိုးပေးလျှင် စေတနာကို ထက်မြက်အောင် လုပ်ဖို့လို၏။

ဗုဒ္ဓဝါဒသည် တန္တရဝါဒအပေါ် စစ်မှန်သော ချမ်းသာ ရရှိရေး နှင့်ပတ်သက်ပြီး မယုံကြည်၍ ဖြစ်ပေါ်လာသော ဝါဒ ဖြစ်၏။ ထို့ကြောင့် ချမ်းသာသုခ ရရှိရေးနှင့် ပတ်သက်၍ လုပ်နည်းလုပ်ဟန် လည်း မတူ၊ မိမိ အလိုရှိသော ချမ်းသာသုခကို ရရှိနိုင်ရန် ရှာရာ တွင် တန္တရဝါဒက မိမိအတွက် 'ပန်းတိုင်'အဖြစ် ခံယူ၍ တဏှာဖြင့် သိမ်းပိုက်ရန် ရှာခြင်းဖြစ်၏။

ဗုဒ္ဓဝါဒက မိမိအတွက် ရရှိသော ချမ်းသာသုခကို 'လက်နက် ကောင်း'အဖြစ် အသုံးပြု၍ တဏှာကို ဖျက်ဆီးရန် ရှာခြင်းဖြစ်၏။ တန္တရဝါဒသည် ပစ္စည်းဥစ္စာ ပြည့်စုံခြင်း၊ ထင်ပေါ် ကျော်ကြားခြင်း၊ တန်ခိုးအာဏာ ထက်မြက်ခြင်း၌ မြတ်နိုးဖွယ်ကို ရှာ၏။ ဗုဒ္ဓဝါဒကား 'အကျင့်သိက္ခာ ဖြူစင်မြင့်မြတ်မှု၌ မြတ်နိုးဖွယ်'ကို ရှာ၏။ အကျင့်သိက္ခာ ဖြူစင်မြင့်မြတ်လေသောအခါ လောကအတွက် မိမိ၏စည်းစိမ်ဥစ္စာကိုသာမက မိမိ၏ခန္ဓာ အစိတ် အပိုင်းများကို ဖြစ်စေ၊ မိမိ၏ အသက်ကိုပင်ဖြစ်စေ စွန့်လွှတ်ရခြင်း၌ 'မြတ်နိုး ဖွယ်'ကို ရှာနိုင်လာ၏။ ဝါဒနှစ်ရပ်သည် အချင်းချင်း ဤသို့ ဆန့်ကျင်၏။

တန္တရဝါဒသည် လောလောဆယ် အသက်မွေးမြူရာ၌ ဘဝစည်ပင်ရေးအတွက် ချမ်းသာကို ရှာပေးနိုင်သဖြင့် လူအပေါင်း တို့၏ စိတ်ကို ဆွဲဆောင်နိုင်၏။ ဗုဒ္ဓဝါဒကား အသက်မွေးမြူရာ၌ ဒုက္ခကို တွေ့ပြီး ဘဝ ချုပ်ငြိမ်းရေး၌သာ ချမ်းသာကို ရှာပေးနိုင်သဖြင့် လူအပေါင်းတို့၏စိတ်ကို ဆွဲဆောင်ခြင်း မပြုနိုင်ပေ။ ရှာမှ ရှားသော လူမွန် လူမြတ်များ၏ စိတ်ကိုသာ ဆွဲဆောင်နိုင်ပါ၏။ ထို့ကြောင့်

လူညံ့များ ပျော်မွေ့လေရာ ဤလောက၌ တန္တရဝါဒ စိုးမိုးနိုင်ခြင်း ဖြစ်ပါ၏။

တန္တရဝါဒသည် အထဗ္ဗဝေဒ၌ သန္ဓေတည်ခဲ့၏၊ ဗြာဟ္မဏ ဝါဒ၌ လူလားမြောက်ခဲ့၏။ မဟာယာနဝါဒ၌ အသက်မွေးမြူခဲ့၏။ ထိုနည်းဖြင့် တန္တရဝါဒသည် မဇ္ဈိမဒေသမှ မြန်မာနိုင်ငံသို့ ရောက်လာ၏။ တန္တရဝါဒသည် မြန်မာနိုင်ငံအတွင်း၌ မိမိပိုင် ဂါထာ မန္တန် များဖြင့် မိမိကိုယ်ကို ထင်စွာပြသည်လည်း ရှိ၏။ ဗားမဲ့ ဗားတမော့ ဟူသော အမည်များသည် တန္တရဝါဒနှင့် စပ်၍ ထင်ရှားသော အမည်များ ဖြစ်ကြ၏။

တန္တရဝါဒသည် မဟာယာနအသွင်ဖြင့် မိမိကိုယ်ကို ထင်စွာပြ သည်လည်း ရှိ၏၊ **'ဥုံ မဏိ ပဒ္မေဟုံ**' ဟူသော မန္တန်သည် ထင်ရှားသော သာဓကပင် ဖြစ်၏။ သို့ရာတွင် တန္တရဝါဒသည် ထိုမျှလောက်နှင့် အားမရသေးဘဲ ထေရဝါဒအတွင်းသို့ပါ ချဉ်းနင်း ဝင်ရောက်လာ၏။ ထေရဝါဒအတွင်းသို့ ချဉ်းနင်း ဝင်ရောက်သောအခါ၌မူ မိမိ ကိုယ်ကို ထင်စွာ မပြဝံ့၊ အရိပ်အနေဖြင့်သာ ပြဝံ့၏။ အကယ်၍ တန္တရဝါဒသည် ထေရဝါဒ အတွင်း၌ မိမိကိုယ်ကို ထင်စွာ ပြမိပါ ချေက ထေရဝါဒ၌ သက်ဝင်ယုံကြည်ကြသော မြန်မာနိုင်ငံသား များက လက်မခံမည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။ ဤသည်မှာ တန္တရဝါဒ၏ သိမ်မွေ့သော နည်းပရိယာယ် ဖြစ်၏။

'ဖုဋ္ဌဿ လောကဓမ္မေဟိ' ဂါထာရွတ်လျှင် မွေ့ပြီးသည် ဟု ဆို၏။ 'သမ္ဗုဒ္ဓေ' ဂါထာရွတ်လျှင် မကောင်းဆိုးဝါးများ၏

အန္တရာယ်မှ လွတ်သည်ဟု ဆို၏။ "အဋ္ဌာန မေတံ ဘိက္ခဝေ'ကို ရွတ်လျှင် ကပ်ရောဂါများမှ ကင်းသည်ဟု ဆို၏။

ဤအဆိုများသည် 'မမှန်ဘူးလား' ဟု မေးလျှင် 'မှန်ပါသည်' ဟုပင် ပြောရမည် ဖြစ်ပါ၏။ သို့ရာတွင် ထိုထက် ပို၍ မှန်သော 'အမှန်'လည်း ရှိပါသေး ၏။ မူရင်း ညွှန်ပြသူများ၏ အာဘော်မှာ 'နတ်သမီးများကို လိုချင်လျှင် သာသနာတော်၌ မြတ်သောအကျင့် 'ဗြဟ္မစရိယ' ကျင့်လော့' ဟူ၍ နန္ဒမင်းသားအား ညွှန်ပြသောမြတ်စွာ ဘုရား၏ အာဘော်မျိုး အတိုင်းသာ ဖြစ်တန်ရာ၏။

သို့ရာတွင် နောက်ပိုင်း ဆရာတို့၏ ညွှန်ပြခြင်းမျိုးကား တန္တရ ဝါဒအတိုင်း လိုက်နာ ကျင့်သုံးရန် ညွှန်ပြခြင်းမျိုး ဖြစ်နေကြောင်း တွေ့ရပါ၏။ ထိုကဲ့သို့သော ညွှန်ပြခြင်းမျိုး၌ တန္တရဝါဒကို ထင်စွာ မတွေ့ရသော်လည်း တန္တရဝါဒ၏ အရိပ်ကိုကား ကြည့်တတ်သူများက မြင်နေကြပါ၏။ ကြည့်တတ်သူများသည် မိမိကိုယ်ကို ထင်စွာမပြဘဲ အရိပ်အနေဖြင့်သာ ထေရဝါဒအတွင်းသို့ ဝင်ရောက်လာသော တန္တရဝါဒ၏ သိမ်မွေ့သော နည်းပရိယာယ်ကို မြင်အောင် ကြည့်တတ်သူများ ဖြစ်ကြလေ၏။

မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်၊ ဒေသနာဉာဏ်တော်ဖြင့် ဟောကြားတော်မူထားသည့်အတိုင်း ပုံမပျက် ပန်းမပျက် ရှိနေရလေအောင် အမြီး တပ်ခြင်း၊ ခေါင်း တပ်ခြင်းအားဖြင့် တစ်စုံတစ်ရာကိုမျှ မပြုဘဲ မြတ်စွာဘုရားကိုယ်စား သံဃာတော်များ အဆက်ဆက်ဆောင်ယူလာခဲ့သော 'ဓမ္မ'ကို ပူဇော်သောအားဖြင့် ရွတ်ဆိုမည်

ဆိုပါက 'လောကီ သစ္စာလေးပါးသိ' အဆင့်သို့ ရောက်အောင် ရွတ်ဆို၍ ပူဇော်အပ်ပါ၏။

သို့မဟုတ်ပါလျှင် ထေရဝါဒ သာသနာတော်ကို ဖျက်ဆီးရာ ရောက်ပေလိမ့်မည်။ လောကီ သစ္စာလေးပါးသိနည်းကို နားလည်စေရန် ဥပမာဖြင့်ဆိုရလျှင်-

ငွေစက္ကူ တစ်ရွက်တွင် (၁) စက္ကူလည်း ပါ၏၊ (၂)ခေါင်းနှင့် ပန်းလည်း ပါ၏၊ (၃) ရေးထားသော တန်ဖိုးလည်းပါ၏၊(၄)စက္ကူ ပင် ဖြစ်စေကာ 'ငွေ' အဖြစ် 'ဥပဒေ'အရ သတ်မှတ်ထားသော သဘောလည်း ပါ၏။ ထိုအင်္ဂါလေးရပ်နှင့် ပြည့်မှသာ ငွေ စက္ကူ သည် တန်ဖိုး ရှိပါ၏။ သို့မဟုတ်ပါက တန်ဖိုးဟူ၍ မရှိ။

ဤနည်းအတိုင်းပင် ဂါထာမူရင်းအကြောင်းအရာ သဒ္ဒါနက် သည် 'ဒုက္ခသစ္စာ'သဘော ရှိ၏၊ အဓိပ္ပါယ်နက်အားဖြင့် ထိုအကြောင်း အရာ၌ ဆောင်စရာနှင့် ရှောင်စရာကို တွေ့ရ၏။ ထိုတွင် ခံစားမှု အနက် 'ဘာဝတ္ထ'အားဖြင့် မိမိနှင့်စပ်ပြီး မိမိသဏ္ဍာန်၌ ရှောင်စရာ သည် သမုဒယသစ္စာ သဘောရှိ၏။ ဆောင်စရာသည် 'မဂ္ဂသစ္စာ' သဘော ရှိ၏၊ မိမိ၌ လောဘ ဒေါသနှင့် မာန်မာနများ ပါးသွားခြင်း သည် 'နိရောဓသစ္စာ' သဘောရှိ၏။

ငွေစက္ကူဥပမာနှင့် ဟပ်လိုက်သော် ဒုက္ခသစ္စာသည် စက္ကူသား နှင့်တူ၏။ သမုဒယ သစ္စာသည် ခေါင်းနှင့် ပန်းနှင့် တူ၏။ မဂ္ဂ သစ္စာသည် ရေးထားသော တန်ဖိုးနှင့် တူ၏။ နိရောဓ သစ္စာသည် ဥပဒေအရ 'ငွေ' အဖြစ် သတ်မှတ်ထားသော သဘောနှင့် တူ၏။

ထို့ကြောင့် တန္တရဝါဒ ပိဋကတ်တော်လာ ဂါထာကို ဖြစ်စေ၊ စကားပြေကို ဖြစ်စေ ရွတ်ဆိုပါက 'လောကီ သစ္စာလေးပါးသိ' အဆင့်သို့ ရောက်အောင် ရွတ်ဆိုအပ်ပါ၏။ ဤသည်မှာ တန္တရဝါဒထက် ပို၍ မှန်သော 'အမှန်' ဖြစ်ပါ၏။

ထို'အမှန်'ကို ထိန်းပါမှသာ ထေရဝါဒ သာသနာတော်ကို သန့်ရှင်းအောင်၊ တည်တံ့အောင်၊ ပြန့်ပွားအောင် ဆောင်ရွက်ရာ ရောက်မည် ဖြစ်ကြောင်း ခံယူအပ်ပါ၏။

**(မဓ္ဓရသစာစောင်၊ အတွဲ ၁၊ အမှတ် ၂၊ နိုဝင်ဘာ၊ ၁၉၉၁)**

❖ ❖ ❖

**ဦးရွှေအောင်**

ပုထုဇဉ်သိဟူသမျှကို
တိရစ္ဆာန် သိပဲဖြစ်ဖြစ်၊ လူသိပဲဖြစ်ဖြစ်
နတ်သိပဲဖြစ်ဖြစ်၊ ဗြဟ္မာသိပဲဖြစ်ဖြစ်
'အမှားသိ'ဟူ၍သာ ဆိုရ၏။
အမှားသိဟူသည် အဝိဇ္ဇာသိပင် ဖြစ်၏။
အိပ်မက်သိပင် ဖြစ်၏။

# မြန်မာနိုင်ငံနှင့်ဇင်ဝါဒ

## ယနေ့မြန်မာနိုင်ငံနှင့် ဗုဒ္ဓစာပေ

ယနေ့ မြန်မာနိုင်ငံ၌ ရှိနေသည့် ပိဋကသုံးပုံ၊ နိကာယ်ငါးရပ် ပါဠိတော်များသည် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည့် မူရင်းဒေသနာတော်အစစ်အမှန်များ ဖြစ်ကြောင်း မြန်မာဗုဒ္ဓဘာသာများအားလုံးက လက်ခံယုံကြည်ထားကြပါ သည်။

ပါဠိတော်များ၏ အဖွင့်ဖြစ်သည့် အဋ္ဌကထာ၊ ဋီကာစသည်တို့သည်လည်း မြတ်စွာဘုရား၏ အလိုတော်အတိုင်း ဖွင့်ဆိုထားသည့် အဖွင့်ကျမ်းများ ဖြစ်သည်ဟု ယုံကြည်ယူမှတ်ကာ ထိုထိုအဖွင့်ကျမ်းများ၌ လာရှိသည့် အနက်အဓိပ္ပာယ်များအတိုင်း သံသယကင်းစွာ လိုက်နာကျင့်ကြံလျက် ရှိပါသည်။

လိုက်နာကျင့်ကြံသောအခါ အဋ္ဌကထာ၊ ဋီကာစသည့် အဖွင့်ကျမ်းများနှင့်တကွ ပါဠိတော်များသည် ပရိယတ္တိဉာဏ်၊ ပဋိပတ္တိဉာဏ်၊ ပဋိဝေဓဉာဏ်ဟူသော ဉာဏ်သုံးမျိုးကို အဆင့်ဆင့်

ပေးစွမ်းနိုင်သဖြင့် မြန်မာနိုင်ငံ သာသနာတော်သမိုင်း၌ ရဟန္တာ ပုဂ္ဂိုလ်များ မဆိတ်သုဉ်းခဲ့ကြောင်း လက်တွေ့ အားဖြင့်လည်း အခိုင် အမာ သက်သေပြနိုင်ခဲ့ပါသည်။

သို့ဖြစ်၍ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာနိုင်ငံများ အားလုံးအနက် မြန်မာနိုင်ငံသည် မူရင်းအကျဆုံးနှင့် အပြည့်စုံဆုံးသော ဗုဒ္ဓစာပေ ကျမ်းဂန်များကို လက်ဝယ်ထိန်းသိမ်း ထားရှိနိုင်ခဲ့သည့် တစ်ခု တည်းသော နိုင်ငံအဖြစ် ထည်ဝါစွာ တည်ရှိနိုင်ခဲ့ခြင်း ဖြစ်ပါ သည်။

## အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓစာပေ တိမ်ကောခြင်း

ဗုဒ္ဓစာပေသည် မဇ္ဈိမဒေသခေါ် အိန္ဒိယနိုင်ငံ၌ စတင် ပေါ်ပေါက်ခဲ့ပါသည်။ ဗုဒ္ဓစာပေ မပေါ်ပေါက်မီ အိန္ဒိယနိုင်ငံ၌ ဝေဒစာပေသည် ရှိနှင့်ပြီး ဖြစ်ပါသည်။ ဝေဒစာပေကို ဆန့်ကျင်ကာ ဗုဒ္ဓစာပေ ပေါ်ပေါက်ခြင်းဖြစ်ရာ ဗုဒ္ဓစာပေနှင့်ဝေဒစာပေတို့သည် နိုင်တစ်ခါ ရှုံးတစ်လှည့်ဖြင့် အိန္ဒိယနိုင်ငံ၌ ပြိုင်ဆိုင်ခဲ့ကြပါသည်။

ထိုစဉ်က ဗုဒ္ဓစာပေသည် ဝေဒစာပေနှင့်သာမက ဂျိန်းစာပေ နှင့်လည်း ပြိုင်ဆိုင်ခဲ့ရပါသည်။ ပညာရှင်များ၏ အဆိုအရ ဝေဒ စာပေကို သက္ကတဘာသာဖြင့် မှတ်သားပြီး ဂျိန်းစာပေကို အဒ္ဓမာဂဓီ ဘာသာဖြင့် မှတ်သားပါသည်။ ထိုခေတ် စာပေများသည် ဘာသာရေး သို့မဟုတ် သာသနာရေးသဘော ပြဋ္ဌာန်းသည့် စာပေများသာ ဖြစ်ပါသည်။

ဘာသာရေး သို့မဟုတ် သာသနာရေးသဘောမှာ ယုံကြည်မှု သဒ္ဓါကို အခြေခံထား၍ လိုက်နာကျင့်သုံးရသည့် သဘောရှိပါသည်။ ဒသနဝေါဟာရဖြင့် ပြောရလျှင် ဘာသာရေး သို့မဟုတ် သာသနာရေးစာပေသည် သဒ္ဒပမာဏ စာပေဖြစ်သည်။ မည်သည့်နည်းနှင့်မျှ မမှားနိုင်ဟု ယုံကြည်ခြင်းခံရသူ ဘုရား သို့မဟုတ် ဘာသာရေး ခေါင်းဆောင်ကို အားပြု၍ မိမိဉာဏ်မမီနိုင်သည့် ကိစ္စရပ်များ၌ သဒ္ဓါတရားဖြင့် အကြွင်းမဲ့ လက်ခံယုံကြည်ပြီး လိုက်နာကျင့်သုံး ရသည့် စာပေဖြစ်ပါသည်။ ပညာထက် သဒ္ဓါကို အလျင်စေစားရပါ သည်။ လပေါ် လူ ရောက်သည့်ဖြစ်ရပ်၌ မိမိဉာဏ်မမီသော်လည်း သိပ္ပံပညာရှင်များကို ယုံကြည်၍ အကြွင်းမဲ့လက်ခံရသည့် သဘောမျိုး ဖြစ်ပါသည်။ ထိုသဘောမျိုးကို ယုံကြည်မှုဖြင့် သက်သေပြခြင်း (=သဒ္ဒေယျ သိဒ္ဓ) ဟု ဆိုကြပါသည်။

မိမိဉာဏ် မမီပါဘဲလျက် ယုံကြည်မှုသဒ္ဓါဖြင့် အကြွင်းမဲ့ လက်ခံရသည့်ကိစ္စမှာ လွယ်ကူသော ကိစ္စမဟုတ်၊ လူသားတို့၏ သဘာဝအရ မိမိတို့ကိုယ်တိုင် တွေ့ကြုံခံစားရသည့် ဖြစ်ရပ်များကို ကျေနပ်စွာ လက်ခံနိုင်သော်လည်း မိမိတို့ကိုယ်တိုင် မတွေ့ကြုံ မခံစားရသည့် ဖြစ်ရပ်များသည် နယ်နိမိတ်အားဖြင့် အလွန် ကျဉ်းမြောင်းသည် မှန်စေကာမူ ထိုကိုယ်တွေ့များဖြင့် ဘာသာရေး သို့မဟုတ် သာသနာရေး အဆိုအမိန့်များကို ချိန်ထိုးစံချိန်တင်၍ တွက်ချက်ချင်ကြသည်။

ထိုအခါ ဒသန ဝေါဟာရအားဖြင့် 'ပစ္စက္ခ ပမာဏ'ခေါ် အတွေ့အကြုံသိနှင့် 'သဒ္ဒ ပမာဏ'ခေါ် ကျမ်းဂန်သိတို့သည် အချင်းချင်း မပြေလည်သည့် အနေအထားတွင် ရှိကြပါသည်။

တစ်နည်းအားဖြင့်ဆိုလျှင် ပစ္စက္ခပမာဏ (=ကိုယ်တွေ့သိ) နှင့် သဒ္ဒပမာဏ (=ဘာသာရေးကျမ်းဂန်သိ)တို့သည် တစ်ခုနှင့် တစ်ခု ဆန့်ကျင်ကြပါသည်။ မိမိတို့ မသိ မမြင်နိုင်သည့် လောကုတ္တရာ ရေးရာကိစ္စ၊ တမလွန်ရေးရာ ကိစ္စတို့သည် နောက်တန်းသို့ တဖြည်းဖြည်း ရောက်သွားကြပါသည်။

ပစ္စက္ခပမာဏ (=ကိုယ်တွေ့သိ)နှင့် သဒ္ဒပမာဏ (=ဘာသာရေးကျမ်းဂန်သိ)တို့သည် အချင်းချင်း ဆန့်ကျင်ကြသော အခါ ထိုအသိနှစ်မျိုးကို စေ့စပ်ရန် 'ကြားခံ' စာပေတစ်မျိုး ပေါ်ပေါက်လာပါသည်။ ထိုကြားခံစာပေကို ဒဿနဝေါဟာရဖြင့် အနုမာန ပမာဏ (=ယုတ္တိစာပေ)ဟု ခေါ်ပါသည်။ ဒဿန စာပေဟူ၍လည်း ခေါ်ပါသည်။ ဖီလိုဆိုဖီဟူ၍လည်း ခေါ်ပါသည်။ စင်စင်အားဖြင့် ဒဿနစာပေခေါ် အနုမာနပမာဏ၏အလုပ်မှာ ပစ္စက္ခပမာဏ (=ကိုယ်တွေ့သိ)နှင့် သဒ္ဒပမာဏ (=ဘာသာရေး ကျမ်းဂန်သိ)တို့ကို အချင်းချင်း ညီညွတ်စေရန် ရင်ကြားစေ့ပေးခြင်း ဖြစ်ပါသည်။

ဆန့်ကျင်ဘက် အင်အားစုနှစ်ခုကို စေ့စပ်ပေးရခြင်းမှာ လွယ်ကူသော ကိစ္စမဟုတ်၊ နှစ်ဖက်စလုံး၏ အထင်မှား အမြင်မှားခြင်းကို ခံရတတ်သဖြင့် ထိုကဲ့သို့ အထင်မှား အမြင်မှားခြင်း မခံရစေရန် မိမိကိုယ်တိုင် မိမိ အကြိမ်ကြိမ် ပြန်လည်ပြင်ဆင်နေရသည်နှင့်ပင် ဒဿနစာပေသည် သမိုင်းစဉ် တစ်လျှောက်လုံး၌ မတည်ငြိမ်သည့် သဘော၊ မခိုင်မာသည့် အနေအထားကို ဖော်ပြခဲ့ရပါသည်။ သို့ဖြစ်၍လည်း တစ်ကျမ်းကို တစ်ကျမ်းက၊ ပညာရှင် တစ်ဦးကို ပညာရှင်တစ်ဦးက ထာဝစဉ် ချေဖျက်နေခြင်း ဖြစ်ပါသည်။

အိန္ဒိယစာပေသမိုင်းတွင် ဒဿနစာပေကဏ္ဍ ဝင်လာသည်နှင့် တစ်ပြိုင်နက် ဝေဒစာပေသည် တိုက်အားဖြင့်ဖြစ်စေ၊ သွယ်ဝိုက်သော အားဖြင့် ဖြစ်စေ ဒဿန စာပေဂိုဏ်းများကို ပေါက်ဖွားပေးပြီး ဒဿနစာပေများနှင့် ရောနှောသွားပါသည်။ အလားတူပင် ဂျိန်းစာပေ သည်လည်း ဒဿနစာပေနှင့် ရောနှော သွားပါသည်။

ဗုဒ္ဓစာပေမှာမူ ဒဿနစာပေနှင့် ရောနှောသည့်အပိုင်းနှင့် မရောနှောသည့်အပိုင်းဟူ၍ နှစ်ပိုင်းကွဲထွက်သွားပါသည်။ ဒဿန စာပေနှင့် ရောနှောသည့်အပိုင်းမှာ 'မဟာယာန' အမည်ဖြင့် ထင်ရှား၍ အခြားဒဿနစာပေများနှင့် အပြိုင်စည်းရုံးကာ မူရင်း ပါဠိဘာသာဖြင့် မဟုတ်တော့ဘဲ သက္ကဋဘာသာသို့ ကူးပြောင်းပြီး အိန္ဒိယနိုင်ငံတွင် တည်ရှိရစ်ပါသည်။

ဒဿနစာပေနှင့် မရောနှောသည့်အပိုင်းမှာ အိန္ဒိယနိုင်ငံမှ သီဟိုဠ်ကျွန်း(သီရိလင်္ကာ) စသည့် တောင်ပိုင်း ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများသို့ ရောက်ရှိ ပြန့်နှံ့သွားပါသည်။

ဤသို့လျှင် ဒဿနစာပေနှင့် အရောမခံလိုသည့် ထေရဝါဒ ပါဠိပိဋကတော်များသည် အိန္ဒိယနိုင်ငံ၌ တိမ်ကောသွားရပြီး ဒဿန စာပေနှင့် အရောခံလိုသည့် သက္ကဋ ပိဋကတ်တော်များသာ အိန္ဒိယ နိုင်ငံ၌ ကျန်ရစ်ခဲ့ပါသည်။ ထို့နောက် ပိဋကတ်စာပေသဘော ဆုတ်ယုတ်ပြီး ဒဿန စာပေသဘောသာ ထင်ရှား ကျန်ရစ်ခဲ့ ပါသည်။

# ဗုဒ္ဓ၏ ပါဠိ ပိဋကစာပေ

ဗုဒ္ဓ၏ ပါဠိပိဋကစာပေသည် သဒ္ဒါအားဖြင့်လည်း မည်သည့်ဘာသာနှင့်မျှ အရောအနှောမခံဘဲ မူရင်းပါဠိဘာသာ အတိုင်းပင်တည်ရှိစေရန် ရှေးဆရာများ အစဉ်အဆက် အားထုတ်ခဲ့ကြပါသည်။ အဋ္ဌကထာဟောင်းများ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ သီဟိုဠ်ဘာသာဖြင့် ရှိနေခြင်းကို အဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသသည် ပါဠိဘာသာသို့ ပြန်လည် ပြောင်းယူခဲ့ပါသည်။

ဘာသာတစ်ခုမှ ဘာသာတစ်ခုသို့ ပြောင်းယူခြင်းသည် အနည်းနှင့်အများ မူရင်း အနက်အဓိပ္ပါယ်ကို ချွတ်ယွင်းစေနိုင်သဖြင့် မူလရှိရင်းစွဲ ဘာသာအတိုင်း ပြန်လည်ထားခြင်းက ပို၍ ကောင်းမွန်သဖြင့် ထိုကဲ့သို့ ပြန်လည်ထားခြင်း ဖြစ်ကြောင်း အဋ္ဌကထာသစ်ဆရာ ရှင်မဟာဗုဒ္ဓဃောသက အမှာအထား ပြုပါသည်။ ထို့ကြောင့် ဗုဒ္ဓ၏ ပါဠိပိဋကစာပေသည် သဒ္ဒါအားဖြင့်လည်း သန့်ရှင်းစင်ကြယ်ပါသည်။

ဗုဒ္ဓ၏ပါဠိပိဋကစာပေသည် အနက်အားဖြင့်လည်း မူရင်းအရင်းအတိုင်းပင် သဒ္ဒပမာဏအဆင့်မှ လျော့ကျမခံခဲ့ပါ။ သဒ္ဒပမာဏအဆင့်တွင် ပရိယတ္တိသိလည်း ပါဝင်သည်။ ပဋိပတ္တိသိလည်း ပါဝင်သည်၊ ပဋိဝေဓသိလည်း ပါဝင်သည်၊ ပရိယတ္တိသိမှာ ဒဿနစာပေကဲ့သို့ 'အနုမာန ပမာဏ' သဘောရှိပါသည်။ ပဋိပတ္တိသိမှာ လောကီကိုယ်တွေ့ဖြစ်ရပ်ကဲ့သို့ 'ပစ္စက္ခ ပမာဏ' သဘောရှိပါသည်။ ပဋိဝေဓသိမှာ လောကုတ္တရာ ကိုယ်တွေ့ဖြစ်ရပ်ကဲ့သို့ 'သစ္စိကရဏပမာဏ' သဘောရှိပါသည်။

သို့ဖြစ်၍ သဒ္ဒပမာဏ (=ဘာသာရေးကျမ်းဂန်သိ) စာပေဖြစ်သည့် ပါဠိပိဋကစာပေသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဟောကြားတော်မူခဲ့သည့်အတိုင်း သဒ္ဒါအားဖြင့်လည်း သန့်ရှင်းသည်၊ အနက်အားဖြင့်လည်း သန့်ရှင်းသည်၊ အစ အလယ် အဆုံး ကောင်းခြင်း သုံးပါးနှင့်လည်း ပြည့်စုံသည်။ အပိုအလို မရှိ၊ အားလုံးပြည့်စုံသည်။

အချုပ်အားဖြင့် ဗုဒ္ဓ၏ ပါဠိ ပိဋကစာပေသည် လောကီကိုယ်တွေ့ (=ပဋိပတ္တိ) လောကုတ္တရာ ကိုယ်တွေ့ (=ပဋိဝေဓ) တို့ကိုပါ ဖော်ပြနိုင်စွမ်းရှိသဖြင့် အမြဲတစေ ယုတ္တိ (=အနုမာန ပမာဏ)နှင့် ပြည့်စုံနိုင်စွမ်း ရှိပါသည်။ အကယ်၍ ယုတ္တိနှင့် မပြည့်စုံဟု ထင်လျှင်လည်း ထင်သူ၏ ဉာဏ်ပညာနုံ့မှုနှင့် အတွေ့အကြုံ နယ်နိမိတ် ကျဉ်းမှုကြောင့်သာ ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ယုတ္တိဟူသည် မြင်တစ်ပိုင်း မမြင်တစ်ပိုင်းဖြင့် သက်သေ ပြခြင်းမျိုး **(=ဒိဋ္ဌတော အဒိဋ္ဌသိဒ္ဓိ)**[၁] ဖြစ်၍ လောကီကိုယ်တွေ့မြင် (ပဋိပတ္တိ)နှင့် လောကုတ္တရာ ကိုယ်တွေ့မြင် (=ပဋိဝေဓ)တို့ နယ်နိမိတ် ကျယ်ဝန်းသည်နှင့်အမျှ ဉာဏ်ပညာ ထက်မြက်မှု ရှိနိုင်ပြီး ယုတ္တိ (အနုမာန)တို့ နယ်နိမိတ် ကျဉ်း၍ ကျဉ်း၍ သွားသောကြောင့် ဖြစ်ပါသည်။

ဉာဏ်ပညာ ထက်မြက်မှု ရှိသူအတွက် ဗုဒ္ဓ၏ပါဠိ ပိဋကစာပေ (=ယုတ္တိ)သည် အလုံးစုံ ယုတ္တိဖြင့် တန်ဆာဆင်ပြီးသား ဖြစ်ပါသည်။ သို့ဖြစ်၍ ဒဿန ပညာရှင်များက စစ်မှန်သည့်

---

၁။ ဒိဋ္ဌတော၊ အမြင်မှ။ အဒိဋ္ဌသိဒ္ဓိ၊ မမြင်ကို သက်သေပြခြင်း။

ကိုယ်တွေ့ဟူသည် အမြဲတမ်း ယုတ္တိနှင့် ပြည့်စုံ၏၊ (**န ဟိ ဒိဋ္ဌေ အနုပ ပန္နံနာမ**)[၁] ဟု တညီတညွတ်တည်း ဝန်ခံကြခြင်း ဖြစ်ပါသည်။

## ဗုဒ္ဓ၏စာပေ မဇ္ဈိမဒေသ ပြင်ပသို့ပျံ့နှံ့ခြင်း

ဗုဒ္ဓစာပေမှာ နှစ်ပိုင်း ရှိပါသည်။ တစ်ပိုင်းမှာ ဒေသနစာပေ (=အနုမာနပမာဏ)နှင့် ရောနှောသည့် အပိုင်းဖြစ်၍ ထိုအပိုင်းမှာ သက္ကတဘာသာနှင့် ရှိပြီး တိဗက်၊ တရုတ်စသည့် တိုင်းပြည်များသို့ ရောက်ရှိပြန့်နှံ့သွားပါသည်။ ထိုအပိုင်းကို 'မြောက်ပိုင်း ဗုဒ္ဓဘာသာ' ဟု ခေါ်ပါသည်။ မြောက်ပိုင်းဗုဒ္ဓဘာသာ၏မူရင်းမှာ မဟာယာန သက္ကတဗုဒ္ဓဘာသာ ဖြစ်ပါသည်။

မဟာယာန သက္ကတဗုဒ္ဓဘာသာသည် မိမိရောက်ရှိရာ ဒေသရှိ ထိုထိုလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် ရောနှောကာ စာပေအသွင် အမျိုးမျိုးကို ဆောင်သဖြင့် 'ဇင်ဝါဒ'သည် မူရင်းမဟာယာနနှင့် တရုတ်ဝါဒမှ ပေါက်ဖွားပေါ်ထွန်းခဲ့ခြင်း ဖြစ်ပါသည်။

ဤသည်မှာ မဟာယာန ပိဋကတ်တော်များ အိန္ဒိယနိုင်ငံ ပြင်ပသို့ ရောက်ရှိပုံ ဖြစ်ပါသည်။

နောက်တစ်ပိုင်းမှာ ဒေသနစာပေနှင့် မရောဘဲ မိမိချည်း သီးသန့်တည်ရှိသည့် အပိုင်းဖြစ်ပါသည်။ ထိုအပိုင်းမှာ မူရင်း ပါဠိဘာသာနှင့် ရှိပြီး သီဟိုဠ် (သီရိလင်္ကာ)၊ မြန်မာ၊ ယိုးဒယား (ထိုင်း)စသည့် တိုင်းပြည်များသို့ ရောက်ရှိပြန့်နှံ့သွားပါသည်။

---

၁။ ဒိဋ္ဌေ၊ မှန်ကန်သည့်အမြင်၌။ အနုပ ပန္နံနာမ၊ ယုတ္တိမဲ့မည်သည်။ နဟိ၊ မရှိသည်သာ။

ထိုအပိုင်းကို 'တောင်ပိုင်း ဗုဒ္ဓဘာသာ' ဟု ခေါ်ကြပါသည်။ တောင်ပိုင်း ဗုဒ္ဓဘာသာ၏ မူရင်းမှာ ရှင်မဟာကဿပ စသည့် မထေရ်ကြီးများ ပထမသံဂါယနာတွင် အတည် ပြုခဲ့သည့် ထေရဝါဒပါဠိ ဗုဒ္ဓဘာသာ ဖြစ်ပါသည်။

ထေရဝါဒ ပါဠိ ဗုဒ္ဓဘာသာသည် မည့်သည့် တိုင်းပြည်သို့ ရောက်ရောက် မိမိရောက်ရှိရာ ဒေသရှိ ထိုလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် ရောနှောခြင်း မရှိဘဲ မြတ်စွာဘုရား လက်ထက်တော်အတိုင်း ပါဠိဘာသာဖြင့်ပင် အပိုအလိုမရှိ အားလုံးပြည့်စုံမှု (**=ကေဝလ ပရိပုဏ္ဏ**)ဂုဏ်ကို အစဉ်တစိုက် ထိန်းသိမ်းခဲ့သည့် ဗုဒ္ဓဘာသာ ဖြစ်ပါသည်။

ထေရဝါဒ ဗုဒ္ဓဘာသာ ရောက်ရှိရာ တိုင်းပြည်ရှိ ပညာရှင်များသည် မိမိတို့၏ ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေ ရှိလေအောင် မူရင်းထေရဝါဒ ပါဠိပိဋကတ်တော်များကို သင့်လျော်ရာ ဘာသာစာပေများဖြင့် ဖွင့်ဆိုပြုစုကြစေကာမူ မူရင်းကို မည်သည့်အခါမျှ ပျောက်ပျက်အောင် ပြုလုပ်ခြင်းမရှိဘဲ ဖွင့်ဆိုကြခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုရလျှင် မူရင်းပိဋက (=သာချ)သည် ဆင့်ပွားအဖွင့် (=သာခနေ)များ ခြံရံကာ ကဏ္ဍအလိုက် သီးခြားစီပင် တည်ရှိပါသည်။ ထိုထိုလူမျိုးများ၏ ယဉ်ကျေးမှုများသည် ထေရဝါဒ ပါဠိပိဋကတ်တော်များကဲ့သို့ မည်သည့်အခါမျှ မူရင်းအစစ်ယောင်ဆောင်ကာ ဝင်ရောက်ခဲ့ခြင်း မရှိပါ။ ဝါဒသစ် တစ်ရပ်အဖြစ် ရပ်တည်ခဲ့ခြင်းလည်း မရှိပါ။

မူရင်း ပါဠိ ပိဋကတ်တော်များသည် မူရင်း အတိုင်းပင် သီးခြား တည်ရှိပြီး အဖွင့်ကျမ်းများသည်လည်း မူရင်းယောင် မဆောင်ဘဲ သို့မဟုတ် ဝါဒသစ် ကစ်ရပ်အဖြစ် မရပ်တည်ဘဲ အဖွင့်ကျမ်းများ အနေဖြင့်သာ သီးခြား ရှိခဲ့ပါသည်။ ဤသည်မှာ ထေရဝါဒ ပိဋကတော်များ၏ အိန္ဒိယနိုင်ငံ ပြင်ပသို့ ပြန့်နှံ့ရောက်ရှိပုံ ဖြစ်ပါသည်။

## ဗုဒ္ဓစာပေအပေါ် မြန်မာဗုဒ္ဓဘာသာဝင်တို့၏ခံယူချက်

ဗုဒ္ဓ ပိဋကတော်များသည် မြန်မာနိုင်ငံတွင်းသို့ စတင် ဝင်ရောက်ချိန်တွင် အရောရော အနှောနှော ဝင်ရောက်ဟန် တူပါသည်။ မဟာယာနလည်း ပါသည်။ ထေရဝါဒလည်း ပါသည်။ သို့ရာတွင် မြန်မာ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာကို တဖြည်းဖြည်း စိစစ်ရှာဖွေပြီး မဟာယာနများကို မြန်မာနိုင်ငံမှ ဖယ်ရှားပစ်ခဲ့ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာကိုသာ အစဉ်တစိုက် သန့်ရှင်းစင်ကြယ်အောင် အားထုတ်ခဲ့ကြပါသည်။ မြန်မာဗုဒ္ဓဘာသာဝင်များသည် ထေရဝါဒ ပိဋကတ်တော်များထဲသို့ မိမိတို့၏ ယဉ်ကျေးမှုကို အခြေခံသည့် ဝါဒသစ်များကိုလည်း ထပ်ထည့်ခြင်း မရှိခဲ့ပါ။ သူများ ထပ်ထည့်ထားသည့် မဟာယာန ဝါဒလက်သစ်များကိုလည်း လက်ခံခြင်း မပြုခဲ့ပါ။

ထေရဝါဒ ပါဠိပိဋကတ်တော်များကို မြန်မာနိုင်ငံ၌ အရောအနှော မရှိစေဘဲ အစင်ကြယ်ဆုံး တည်ရှိစေခြင်းသည် ရှေးမြန်မာ ဗုဒ္ဓဘာသာဝင်တို့၏ အစဉ်တစိုက် တည်ရှိခဲ့သည့် ဆန္ဒပင် ဖြစ်ပါ

သည်။ မိမိတို့၌ ရှိသည့်ဆန္ဒကိုပင် မြန်မာ ဗုဒ္ဓ ဘာသာဝင်များသည် ဂုဏ်ယူမဆုံး ရှိကြပါသည်။

ဘိုးတော်ဘုရား လက်ထက်တွင် မြန်မာနိုင်ငံ အတွင်းသို့ သက္ကဋစာပေများကို သွတ်သွင်းစေခဲ့ပါသည်။ ထိုသို့သွတ်သွင်း စေရာတွင် ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ သဒ္ဒါကျမ်း၊ အလင်္ကာရကျမ်း စသည့် ဘာသာရေး မနွယ်သည့် ပညာရပ်ဆိုင်ရာ ကျမ်းများကိုသာ သွင်းစေခဲ့ပါသည်။ ဘာသာရေးနွယ်သည့် ဒဿနစာပေဆိုင်ရာ ကျမ်းများကိုမူ သွင်းခွင့်မပြုခဲ့ပါ။

ဘာသာရေး နွယ်သည့် စာပေများကို သွင်းခွင့်ပြုခဲ့လျှင် ဘုရား၌ ယုံမှားမှု (=**ဗုဒ္ဓေ ကင်္ခတိ**)၊ တရား၌ ယုံမှားမှု (=**ဓမ္မေ ကင်္ခတိ**)၊ သံဃာတော်၌ ယုံမှားမှု (=**သံဃေ ကင်္ခတိ**) စသည့် တွေးတောယုံမှားမှု ဝိစိကိစ္ဆာများကို ပြုစုပျိုးထောင်ပေးရာ ရောက်မည် စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

ဤနည်းအားဖြင့် မြန်မာမင်းများ လက်ထက်၌လည်း ထေရဝါဒ ဗုဒ္ဓဘာသာကို အရောအနှော မရှိစေဘဲ အစင်ကြယ်ဆုံး တည်ရှိစေရန် အားထုတ်ခဲ့ကြပါသည်။ ယနေ့ခေတ်သည် အတွေး အခေါ်ကို ဦးစားပေးသည့်ခေတ် ဖြစ်ပါသည်။ အတွေးအခေါ်ကို ဦးစားပေး သည့်အလျောက် ထေရဝါဒ ပိဋကစာပေတွင် မည်သည့် သုတ္တန်သည် ဘုရားဟော မဟုတ်ဘဲ နောက်မှ ထည့်သည့် သုတ္တန် ဖြစ်ကြောင်း၊ မည်သည့် သုတ္တန်သာ မူရင်းဖြစ်ကြောင်း စသည်ဖြင့် စိစစ်လေ့လာ သည်ကို တွေ့မြင်ရပါသည်။ ထိုသို့ စိစစ်ကြသည်မှာ ထေရဝါဒ ပိဋကအစစ်ကိုသာ တန်ဖိုးထားသောကြောင့် ဖြစ်ပါသည်။

ထိုသို့ စိစစ် ဝေဖန်ကာ ယနေ့ မြန်မာနိုင်ငံ၌ ရှိနေသည့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည့် ပါဠိ ပိဋကတော်များသည် မူရင်း စစ်စစ်များသာ ဖြစ်ကြောင်း မြန်မာ ဗုဒ္ဓဘာသာဝင်များ အားလုံးက ယုံကြည် လက်ခံထားပြီး ဖြစ်ပါသည်။ ထိုယုံကြည်ချက် ကြောင့်ပင်လျှင် ထေရဝါဒ ပိဋကတော်များကို မိမိတို့ ကိုယ်တိုင် ကလည်း မိမိတို့၏ ယဉ်ကျေးမှုနှင့် မရောနှော၊ သူတစ်ပါးတို့ ရောနှောထားသည့် စာပေများကိုလည်း ပိဋကအဖြစ် မိမိတို့က လက်ခံရန် အသင့် မရှိခြင်းပင် ဖြစ်ပါသည်။

## ဇင် ဝါဒ

ဇင်ဝါဒသည် မဟာယာန ဗုဒ္ဓဘာသာနှင့် တရုတ် ရှေး ဟောင်းဝါဒ(=တာအို)တို့ ပူးပေါင်း ရောနှောရာမှ ပေါ်ပေါက်လာ သည့် ဝါဒသစ်တစ်ရပ် ဖြစ်ပါသည်။ ဇင်ဝါဒ၏ ပဓာနကျမ်းစာမှာ **ပညာပါရမီတာ** ဖြစ်ကြောင်း၊ ယင်း၏ အကျဉ်းချုပ် **ဟဒယ** သုတ်ကို ဇင်ဘုန်းကြီးကျောင်းများ၌ နေ့စဉ် ညတိုင်း ရွတ်ဖတ် ကြကြောင်း ဆိုကြပါသည်။

အမှန်အားဖြင့် ဇင်ဝါဒ၊ ဇင်စာပေသည် ဒဿနစာပေ အမျိုးအစား (=မဟာယာန)ကို မိမိတို့၏ ကာလ၊ ဒေသ၊ ယဉ် ကျေးမှုနှင့် လိုက်လျောညီထွေ ရှိစေရန် တစ်မျိုးတစ်ဖုံ ပုံသွင်းထားသည့် ဝါဒနှင့်စာပေသာ ဖြစ်ပါသည်။ သို့ဖြစ်၍ ဇင်ဝါဒ၊ ဇင်စာပေသည် ထိုခေတ် ထိုဒေသ၊ ထိုယဉ်ကျေးမှု၏ သရုပ်ဖော် ပန်းချီကားသဖွယ် ဖြစ်သည်ဟု ဆိုသော် ဆိုခွင့် ရှိမည် ထင်ပါသည်။

ဆိုခွင့် ရှိ၍ ဆိုရလျှင် ဇင်ဝါဒ၊ ဇင်စာပေသည် ခေတ်ကာလအားလုံး၊ ဒေသအားလုံး၊ ယဉ်ကျေးမှုအားလုံးတို့၌ ထာဝစဉ်မှန်ကန်သည့် ဝါဒနှင့် စာပေဖြစ်သည်ဟု ဆိုရန်အခက်အခဲ ရှိပါသဖြင့် ထိုခေတ်၊ ထိုဒေသ၊ ထိုယဉ်ကျေးမှု၏ သရုပ်ဖော် ပန်းချီကားသဖွယ်သာဖြစ်ပြီး အခြားခေတ်၊ အခြားဒေသ၊ အခြားယဉ်ကျေးမှု၏ သရုပ်ဖော် ပန်းချီကားသဖွယ် မဖြစ်နိုင်ကြောင်း အခိုင်အမာ ဆိုရပါမည်။

ဘာသာရေး စာပေများတွင် ကာလ၊ ဒေသတို့ဖြင့် ကန့်သတ်၍ မရဘဲ ထာဝစဉ် မှန်သည့်သဘော(=Impisishable Trath)နှင့် ကာလ ဒေသတို့ဖြင့် ကန့်သတ်ခြင်း ခံရကာ အခိုက်အတန့် မှန်သည့် သဘော(=pisishable Trath)တို့သည် အစုံလိုက်ပါဝင်ကြပါသည်။

ထိုအမှန်သဘော(၂)မျိုးနှင့် ပတ်သက်၍ ပုံစံကို ဆိုရလျှင် ထေရဝါဒ ပိဋကတော်များတွင် အဘိဓမ္မာဒေသနာတော်၌ ထာဝစဉ်မှန်သဘော ပြဋ္ဌာန်း၍ အခိုက်အတန့် မှန်သဘော ပြဋ္ဌာန်းခြင်း မရှိပါ။ သုတ္တန်ဒေသနာတော်များ၊ အထူးအားဖြင့် ဝေဿန္တရာဇာတ်တော် စသည့် ဒေသနာတော်တို့၌ အခိုက်အတန့် မှန်သဘော ပြဋ္ဌာန်း၍ ထာဝစဉ် မှန်သဘော ပြဋ္ဌာန်းခြင်း မရှိပါ။

ဝေဿန္တရာဇာတ်တော်၌ ဒါနပြုခြင်းသဘောသာ ထာဝစဉ်နှ ဖြစ်၍ ဝေဿန္တရာမင်းကြီး၏ ဒါနပြုပုံ ပြုနည်းသည် သူ့ခေတ် သူ့ဒေသ သူ့ယဉ်ကျေးမှုအရ မှန်ကန်သည့် အခိုက်အတံ့ မှန်[illegible] များ ဖြစ်ပါသည်။ ထာဝစဉ် မှန်သဘောကို ကာလ ဒေသမရွေး

ယူသုံးခွင့် ရှိသဖြင့် ယူသုံးသော် အကျိုးရှိ၏။ အခိုက်အတံ့ မှန်သဘောကို ကာလ ဒေသမရွေး ယူသုံးခွင့် မရှိသဖြင့် ယူသုံးသော် အကျိုးယုတ်၏။

သို့ဖြင့်၍ ဘာသာရေး စာပေတစ်ခုကို ယူသုံးရန် အားထုတ်ခဲ့သော် ထာဝစဉ်မှန် ကဏ္ဍနှင့် အခိုက်အတံ့မှန် ကဏ္ဍတို့ကို ပိုင်းခြားစိစစ်ပြီး ထာဝစဉ်မှန် ကဏ္ဍကို မျက်စိမှိတ်ယူသုံးနိုင်ပါသည်။ ယူသုံးလျှင်လည်း အကျိုးရှိပါသည်။ အခိုက်အတန့်မှန် ကဏ္ဍကိုမူ မိမိတို့ခေတ်၊ မိမိတို့ဒေသ၊ မိမိတို့ယဉ်ကျေးမှုနှင့် လိုက်လျောမှုရှိမရှိ စိစစ်ပြီးမှ သုံးသင့် မသုံးသင့် စဉ်းစားသင့်ပါသည်။ အခိုက်အတန့်မှန်သဘောကို ထာဝစဉ် မှန်သဘောအဖြစ် ယူဆပြီး အရမ်းကာရော သုံးစွဲမိလျှင် အကျိုးယုတ်ဖွယ်ရာ ရှိပါသည်။

အသိတရားတိုင်း ကောင်းသည်မဟုတ်၊ မှီဝဲထိုက်သည့် အသိတရား(=**သေဝိတဗ္ဗ**)သာ ကောင်းမွန်၍ မမှီဝဲထိုက်သည့် အသိတရား(=**အသေဝိတဗ္ဗ**) မကောင်းမွန်ကြောင်း ဥပရိပဏ္ဏာသ ပါဠိတော်' **သေဝိတဗ္ဗာသေဝိတဗ္ဗသုတ်**၌ လာရှိပါသည်။ သို့ဖြစ်၍ လောဘ၊ ဒေါသ၊ မောဟများကို ခေါင်းပါးစေနိုင်သည့် အသိပေး ပညာပေး စာပေများကိုသာ လေ့လာ ရှုစမ်းရန် အားပေးသင့်ပြီး လောဘ၊ ဒေါသ၊ မောဟများကို တိုးပွားစေနိုင်သည့် အသိပညာပေး စာပေများကိုမူ မလေ့လာ မရှုစမ်းမိစေရန် တားမြစ်ပိတ်ပင်သင့်ပါသည်။

တားမြစ် ပိတ်ပင်သင့်သည့်စာပေများကို မတားမြစ် မပိတ်ပင်ဘဲ လေ့လာရှုစမ်းခွင့် ပြုခဲ့သော် ထိုလေ့လာရှုစမ်းသူများသည်

ပစ္စုပြန် သံသရာ (၂)ဖြာသေ ၂ ဆုံးရှုံးခြင်းကို ရင်ဆိုင်တွေ့ကြုံရဖွယ် ရှိပါသည်။ ထိုသို့ဖြစ်ပါက တားမြစ်ပိတ်ပင်သင့်လျက် မပိတ်ပင်သူများလည်း အထိုက်အလျောက် တာဝန်ရှိလာမည် ဖြစ်ပါသည်။

ဇင်ဝါဒသည် ငါစွဲ(=အတ္တ) ဖျောက်ရန် ဖြစ်သည်။ ငါစွဲ (=အတ္တ) ပျောက်ပြီးနောက် ဆောင်ရွက်မှု မှန်သမျှ၌ လွတ်မြောက်မှုချမ်းသာကိုသာ တွေ့ရှိခံစားရပါသည်။ ဥပမာ–မိန်းမပျိုကို ပွေ့ဖက်သော ဇင်ဘုန်းကြီး၌ ငါစွဲ(=အတ္တ) မရှိတော့သဖြင့် အပြစ်မဖြစ်ဘဲ စိတ်လွတ်လပ်မှု ချမ်းသာကို ခံစားရပြီး ယင်းအမှုကို အပြစ်မြင်သူ၌သာ ငါစွဲ(=အတ္တ)ရှိသဖြင့် အပြစ်ဖြစ်ကာ စိတ်ကျဉ်းကျပ်မှု ဒုက္ခကို ခံစားရသည်။

သို့ဖြစ်၍ ငါစွဲ(=အတ္တ) ပျောက်ရေးအတွက် ဖြစ်ပျက်ရှုမှတ်သည့် ထေရဝါဒကျင့်စဉ် (=လမ်းရှည်)ကို မလိုက်ဘဲ ဖြစ်ပျက် မရှုမှတ်ရသည့် ဇင်ကျင့်စဉ် (=လမ်းတို) လိုက်ခြင်းအားဖြင့် ထိလည်း ထိရောက်သည်။ အကျိုးလည်း ရှိသည်။

ဇင် ကျင့်စဉ်ဆိုသည်မှာ ကောင်း မကောင်း သို့မဟုတ် အမှန်အမှား သို့မဟုတ် ကုသိုလ် အကုသိုလ်တို့ကို ငါစွဲဆန္ဒ အခြေခံကာ တွေးတောခြင်းအားဖြင့် မူလပကတိစိတ်ကို အကျဉ်းချုမထားဘဲ သူ့အတိုင်း လွှတ်ပေးထားခြင်း ဖြစ်သည်။ ထိုကဲ့သို့ လွှတ်ပေးထားလျှင် အကန့်အသတ် အဆုံးအစ မရှိသော ပကတိ တရားကြီးကို တကူးတက မကြိုးစားရဘဲ ဖြတ်ခနဲ ပွင့်လာသည့် ဉာဏ်ဖြင့် သိမြင်ပြီး အနုတ္တရဉာဏ်ကို ရရှိနိုင်သည်။ ဤသည်မှာ ဇင်ကျင့်စဉ် အကျဉ်းချုပ်ဖြစ်သည်။

ထေရဝါဒ ကျင့်စဉ်အရ ဖြစ်ပျက်ကို မရှုဘဲ အနတ္တဉာဏ်ကို မရနိုင်ဟု ဆိုပါသည်။ ဇင်ကျင့်စဉ်အရ ဖြစ်ပျက်ကို မရှုဘဲ အနတ္တဉာဏ်ကို ရနိုင်သည်ဟု ဆိုသည်။ ဤသည်မှာ ကျင့်စဉ်(၂)မျိုးတို့၏ အချင်းချင်း ဖြောင့်ဖြောင့် ဆန့်ကျင်မှု ဖြစ်သည်။

ဖြောင့်ဖြောင့် ဆန့်ကျင်ရုံမျှနှင့် ကိစ္စ မရှိသေး။ ဖြစ်ပျက်မရှုဘဲ အနတ္တဉာဏ် ရနိုင်သည့် လမ်းစဉ်သည် မြတ်စွာဘုရား၏ အလိုတော်ကျ လမ်းစဉ်ဖြစ်၍ ထေရဝါဒ ပိဋကတော်အရ ယခုလက်ရှိ ကျင့်သုံးနေကြသည့် ဖြစ်ပျက်ရှု လမ်းစဉ်သည် အနတ္တဉာဏ်ကို ရနိုင်စေရန် ခက်သဖြင့် မြတ်စွာဘုရား၏ အလိုတော်ကျ မဟုတ်ဘဲ အဋ္ဌကထာ ဆရာတို့၏ အယူအဆသာ ဖြစ်သယောင် ဖော်ပြခြင်းမှာ များစွာ ကိစ္စရှိသည့် ဝါဒဖြစ်ပါသည်။

သို့ဖြစ်၍ ထိုဝါဒသည် မြန်မာပြည်ရှိ ထေရဝါဒ ပိဋကတော် အားလုံးကို ဘုရားအလိုတော်ကျ မူရင်း အစစ်အဖြစ် လက်ခံ ယုံကြည်တော်မူကြသည့် ဆရာတော် သံဃာတော်များကို တုန်လှုပ် ချောက်ချားစေနိုင်သည့် ဝါဒဖြစ်ပါသည်။ တုန်လှုပ်ချောက်ချားရုံမျှ ဖြစ်သည်ဟုဆိုလျှင် တော်ပါသေး၏။ နောင်အခါ အုံကြွ ကန့်ကွက် လာလျှင် ပို၍ စိတ်မချမ်းမြေ့ဖွယ် ဖြစ်ရပ်ဆိုးများနှင့် ကြုံတွေ့ လာစရာအကြောင်း ရှိပါသည်။

မကြာသေးမီက ဂန္ဓီ ခန်းမဆောင် ဟောပြောပွဲတစ်ခု၌ မိုးကုတ်ဆရာတော် ဦးပညိန္ဒာဘိဝံသက ဇင်ဝါဒသည် မြန်မာပြည်၌ မရှိသင့်ကြောင်း ဟောပြော သွားသည်ဟု ဆိုပါသည်။ မဟာစည် ဆရာတော်ကြီးကလည်း ဇင်ဝါဒသည် မည်သည့်နည်းနှင့်မျှ ဗုဒ္ဓ

ဝါဒမဟုတ်ကြောင်း အမိန့်ရှိဖူးသည်ဟု ဆိုပါသည်။ ဤသည်များမှာ ဇင်ဝါဒအတွက် ကောင်းသော အရိပ် နိမိတ်များ မဟုတ်ပါ။

လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့်အရ ဖြစ်စေ၊ အသိဉာဏ်ကြွယ်ဝဖွံ့ဖြိုးရေးအတွက် ဖြစ်စေ ဇင် ဝါဒ၊ ဇင် စာပေကို ပုံနှိပ်ထုတ်ဝေခွင့် ပြုသင့် မပြုသင့် စဉ်းစားလျှင် ဇင်ဝါဒ၊ ဇင်စာပေသည် ဗုဒ္ဓဘာသာဝင်များအတွက် ခွင့်မပြုသင့်သည့် ဝါဒနှင့်စာပေ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အဘယ်ကြောင့်ဆိုသော် ဇင် ဝါဒနှင့် ဇင် စာပေသည် ဗုဒ္ဓဝါဒ မဟုတ်ပါဘဲလျက် ဗုဒ္ဓဝါဒယောင်ဆောင်သည့် ဗုဒ္ဓဝါဒအတု(=သဒ္ဓမ္မပဋိရူပက) ဖြစ်သောကြောင့် ဖြစ်ပါသည်။ ထိုကဲ့သို့ အတုအစစ် ခွဲမရအောင် အယောင်ဆောင်ခြင်းကို ဒသာန ဝေါဟာရအားဖြင့် 'အဗျာသ'ဟု ခေါ်ပါသည်။ အဗျာသ၏ အနက်မှာ အသိမှားခြင်း၊ အမြင်မှားခြင်းဖြစ်၍ ယင်းဝေါဟာရသည် မိစ္ဆာဒိဋ္ဌိ (=အမြင်မှားမှု) ဟူသော ဝေါဟာရ၏ ပရိယာယ် ဝေါဟာရဖြစ်ပါသည်။ သစ်ငုတ်တိုနှင့် သရဲ ခွဲခြား၍ မသိနိုင်သည့်အတွက် သစ်ငုက်တိုကို သရဲဟု သိခြင်းမျိုးကို 'အဗျာသသိ'ဟု သုံးနှုန်းလေ့ရှိပါသည်။

မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် အချို့သည် ဇင် ဝါဒနှင့် ဗုဒ္ဓဝါဒတို့၏ ခြားနားမှုကို မသိနိုင်ဘဲ သစ်ငုတ်တိုကို သရဲထင်သလို ဇင် ဝါဒကိုပင် 'ဗုဒ္ဓဝါဒ'ဟု ထင်နေကြပါသည်။ ဤမျှအထိ ဇင် ဝါဒသည် ဗုဒ္ဓဝါဒယောင် ဆောင်စွမ်းနိုင်ပါသည်။

ကဿပသံယုတ်၊ သဒ္ဓမ္မပဋိရူပကသုတ်၌ အခြားဝါဒများသည် ဗုဒ္ဓသာသနာကို မဖျက်နိုင်ကြောင်း၊ ဗုဒ္ဓဝါဒ အတုသည်သာ ဗုဒ္ဓသာသနာကို ဖျက်နိုင်ကြောင်း လာရှိသဖြင့် ဇင် ဝါဒ၊ ဇင်စာပေသည် ဗုဒ္ဓသာသနာကို ဖျက်ဆီးမည့် အတွင်းရန်သူ ဖြစ်ပါသည်။

သို့ဖြစ်၍ အတွင်းရန်သူ ဖြစ်သည့် ဇင်ဝါဒ၊ ဇင်စာပေကို မြန်မာပြည်၌ လက်ခံအားပေးခြင်း မပြုသင့်ဟု ယုံကြည်ပါသည်။ အကယ်၍ လက်ခံအားပေးခြင်း ပြုခဲ့လျှင် မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင်တို့၏ ထေရဝါဒ အသိသည် မရင့်ကျက်သေးသဖြင့် ဇင်၏ စည်းရုံးဖြားယောင်းမှုကို ခံနိုင်ဖွယ် မရှိသောကြောင့် ထေရဝါဒသည် အိန္ဒိယ၌ ပျောက်ကွယ်ခဲ့သလို မြန်မာပြည်၌လည်း ပျောက်ကွယ်သွားနိုင်သည့် အန္တရာယ် ရှိပါသည်။

စိတ်သည် ဇင်တို့ပြောသည့်အတိုင်း လွှတ်ပေးထား၍ မဖြစ်၊ လွှတ်ပေးထားလျှင် မကောင်းမှု၌ မွေ့လျော်ပြီး သံသရာအစုန်အတိုင်း မျောပါ သွားတတ်သည့်(=**အနုသောတဂါမိ**) သဘော ရှိပါသည်။ သံသရာ အစုန်အတိုင်း မျောပါ မသွားရလေအောင် စိတ်ကို သတိဖြင့် ထိန်းသိမ်းရပါသည်။ စောင့်ရှောက်ရပါသည်။ သို့မှသာ စိတ်သည် သံသရာ အဆန် (=**ပဋိသောတဂါမိ**) သဘော ရှိကာ ချမ်းသာစစ် ချမ်းသာမှန်ကို ဆောင်နိုင်မည် ဖြစ်ကြောင်း ပိဋကတော်၌ လာရှိပါသည်။

ၚင်းပြင် ဖြစ်ပျက်(=**အနိစ္စ**)ကို မြင်မှ အနတ္တကို မြင်နိုင်ကြောင်း၊ အနတ္တကို မြင်မှ ငါစွဲ(=**အတ္တ**)ကို ပယ်နိုင်ကြောင်း နဝင်္ဂုတ္တရနိကာယ အဋ္ဌကထာ၊ **သမ္ဗောဓိသုတ်(နှာ–၂၅၈)**၌ လာရှိပါသည်။ သို့ဖြစ်၍ ငါစွဲ(=အတ္တ)ကို ပယ်နိုင်ရန်အတွက် ဖြစ်ပျက်

(=**ဝိပဿနာ**)ကို ရှုမှတ်ရပါမည်။ ဝိပဿနာကို ရှုမှ မဂ်ဉာဏ်ကို ရနိုင်ပါသည်။ မဂ်ဉာဏ်ကို ရမှ ငါစွဲ(=**အတ္တ**)ကို ပ . နိုင်ပါသည်။

ဖြစ်ပျက်ကို ရှုမှတ်ခြင်းမရှိဘဲ၊ တစ်နည်းအားဖြင့် ပဋိပတ္တိကို ကျင့်သုံးခြင်း မရှိဘဲ မဂ်ဉာဏ်ကို ရနိုင်ကြောင်း ငါစွဲ (=**အတ္တ**)ကို ပယ်နိုင်ကြောင်း ထေရဝါဒ ပိဋကတော်၌ မလာ ရှိပါ။ ဒေသနာ တော်ကို ကြားနာရ၍ တစ်ခဏအတွင်း အရိယာဖြစ်သွားသော ပုဂ္ဂိုလ်ထူးများ၌ပင် ဖြစ်ပျက်ကို ရှုမှတ်ရခြင်း ဝိပဿနာ သဘော ပါဝင်ပါသည်။ စိတ်ဖြစ်စဉ် လျင်မြန်မှုကြောင့် မပါဝင်သလို ထ မှတ်ရခြင်း ဖြစ်ပါသည်။

ပဋ္ဌာန်းကျမ်းလာ အနန္တ ရပစ္စည်း ဥပနိဿယပစ္စည်းတို့ကို နားလည်လျှင် ဖြစ်ပျက်ရှု(=**ဝိပဿနာ**)နှင့် ကင်းပြီး မဂ်ဉာဏ်ကို ရနိုင်ကြောင်း၊ ငါစွဲ(=**အတ္တ**)ကို ပယ်နိုင်ကြောင်း ဆိုကြသူတို့၏ ဝါဒသည် မည်သည့်နည်းနှင့်မျှ ထေရဝါဒနှင့် မညီညွတ်ကြောင်း နားလည်ပြီး ဖြစ်ပါသည်။

ထို့ကြောင့် ငါစွဲ (=**အတ္တ**)ကို အစစ် အမှန် ပယ်လိုလျှင် မဂ်ဉာဏ်ကို ရအောင် အားထုတ်ရမည်။ မဂ်ဉာဏ်ကို ရနိုင်စေရန် ဖြ ပျက် (=**ဝိပဿနာ**)ကို ရှုမှတ်ရမည်။ ထိုထက် ကျဉ်းသော၊ တိုသော ဖြတ်လမ်းကျသော နည်းသည် ဤဗုဒ္ဓသာသနာ၌ မရှိပါ။ အကယ်၍ ရှိသည်ဆိုလျှင် မသိ၍ ဆိုခြင်းသာ ဖြစ်ပါလိမ့်မည်။

ဇင် ဝါဒသည် ငါစွဲ(=**အတ္တ**)ကို ပယ်ရေး၌ ထေရဝါဒထက် ကျဉ်းသော၊ တိုသော၊ ဖြတ်လမ်းကျသော၊ ထိရောက်သော နည်းကောင်းဖြစ်သည်ဟု ဆိုကြပါသည်။ ထိုအဆိုမှာ ဒဿန

စာပေတို့၏ အဆိုသာ ဖြစ်ပါသည်။ ဇင်ဝါဒ အပါအဝင် ဒဿန စာပေအဆင့်သာ ရှိသည့် ဗုဒ္ဓတက္ကဘာသာကျမ်းတို့၌–

**မောဟံ ရဏဒ္ဓိ၊ ဝိမလံစ ကုရုတေ ဗုဒ္ဓိ ။**

**မောဟံ၊ အဝိဇ္ဇာကို။ ရဏဒ္ဓိ၊ ပယ်၏။ ဗုဒ္ဓိ၊ အသိဉာဏ်ကို။**

**ဝိမလံစ၊ ကိလေသာ ကင်းအောင်လည်း။ ကုရုတေ၊ပြု၏–**

ဟူ၍ ယုတ္တိခေါ် ကျိုးကြောင်းဆင်ခြင်သိ(=**အနုမာန ပမာဏ**)ဖြင့် ကိလေသာများကို ပယ်နိုင်ကြောင်း ဆိုကြပါသည်။ ဆိုသည့် အတိုင်းလည်း ယုံကြည် လက်ခံကြပါသည်။ ဒဿနစာပေတို့၌ ဒဿနဝေါဟာရအရ အသိသည် ယုတ္တိခေါ် ကျိုးကြောင်း ဆင်ခြင်သိ (=**အနုမာနပမာဏ**)နှင့် သာမန် ကိုယ်တွေ့သိ (=**ဝေါဟာရ ပစ္စက္ခ ပမာဏ**)ဟူ၍ ပေါင်း (၂)မျိုးသာ ပါဝင်ပါသည်။

သို့ဖြစ်၍လည်း ကိလေသာများကို အမြင့်ဆုံးဉာဏ် (=**အနုမာဏ ပမာဏ**)ဖြင့် ပယ်နိုင်သည်ဟု ယုံကြည်လက်ခံခြင်း ဖြစ်ပါသည်။ ထေရဝါဒက ပိဋကစာပေ၌မူ–

ကျိုးကြောင်း ဆင်ခြင်သိ (=**အနုမာဏ ပမာဏ**)၊

သာမန် ကိုယ်တွေ့သိ (=**ဝေါဟာရ ပစ္စက္ခပမာဏ**)[၁]၊

အကျင့် ကိုယ်တွေ့သိ (=**သဘာဝ ပစ္စက္ခပမာဏ**)[၂]၊

---

၁။ **သာမန် ကိုယ်တွေ့သိ (=ဝေါဟာရ ပစ္စက္ခ ပမာဏ) ဆိုသည်မှာ သမ္မုတိ သစ္စာသိ ဖြစ်ပါသည်။**

၂။ **အကျင့်ကိုယ်တွေ့သိ (=သဘာဝ ပစ္စက္ခ ပမာဏ) ဆိုသည်မှာ ရုပ် နာမ် တရားတို့ကို သဘာဝအတိုင်း သိသည့် သဘာဝသစ္စာသိ ဖြစ်ပါသည်။**

လောကုတ္တရာ ကိုယ်တွေ့သိ (=**အရိယ ပစ္စက္ခ ပမာဏ**)[၁] ပေါင်း (၄)မျိုးတို့ ပါဝင်ပါသည်။

ထိုသို့ (၄)မျိုး ပါဝင်ခြင်းကြောင့် ကိလေသာများကို အမြင့်ဆုံးဉာဏ် (=အရိယပစ္စက္ခ ပမာဏ)ဖြင့်သာ ပယ်နိုင်သည်ဟု ထေရဝါဒ ပိဋကစာပေ၌ လာရှိခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ငါစွဲ(=အတ္တ)ကို ပယ်ရေး၌ ဇင် ဝါဒနှင့် ထေရဝါဒသည် များစွာ ခြားနားပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဇင်စာပေနှင့် ထေရဝါဒပိဋကစာပေတို့သည် သာမန်အားဖြင့် စာပေအသွင် (=**ပရိယတ္တိ**)ချင်း တူကြသော်လည်း အနှစ်သာရ (**ပဋိပတ္တိ၊ ပဋိဝေဓ**)ချင်း မတူကြပါ။

သို့ဖြစ်၍ ငါစွဲ(=**အတ္တ**)ကို ပယ်ရေး၌ ဇင်ဝါဒသည် ကျဉ်းသည်၊ တိုသည်၊ ဖြတ်လမ်းကျသည်၊ ထိရောက်သည်၊ ထေရဝါဒသည် ကျယ်သည်၊ ရှည်သည်၊ လမ်းရှည်ကျသည်၊ မထိရောက်ဟု **ဆို**ခွင့် မရှိပါ။ အဘယ်ကြောင့်ဆိုသော် ဇင်ဝါဒနှင့် ထေရဝါဒတို့၌ နှိုင်းယှဉ်၍ ရလောက်အောင် တူသည့် အချက်များ မပါဝင်သောကြောင့် ဖြစ်ပါသည်။

**(စာပေဂျာနယ်၊ အတွဲ ၃၊ အမှတ် ၆၊ ဇန်နဝါရီ၊ ၁၉၉၆)**

❖ ❖ ❖

---

**၁။ လောကုတ္တရာကိုယ်တွေ့သိ (=အရိယပစ္စက္ခပမာဏ) ဆိုသည်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘိခေါ် အရိယာသစ္စာသိ ဖြစ်ပါသည်။ ဤရှင်းလင်းချက်မှာ လယ်တီဆရာတော် ဘုရားကြီး၏ သစ္စာသုံးပါး ခွဲနည်းအရ ဖြစ်သည်။**

# ဆက်လက်ထွက်ရှိမည့် စာအုပ်များ

- ❑ အရှင်ဣန္ဒဝံသာစာရ (ရွှေဘောင်ကုန်း) အိပ်ပါနေသူတွေ နိုးပေးပါ
- ❑ ဦးရွှေအောင် — ၁ံ သာ့ကျေးရွာနှင့် သာသနာ့ဘော်၏သူရဲကောင်းများ
- ❑ မင်းဆွေ — နဝမည်
- ❑ ခင်မောင်ညို (ဘေ. .ဗေဒ) — ဈေးကွက်
- ❑ မင်းဆွေ — ဓာတု ဓကားဓု
- ❑ သခင်ဘသောင်း — အိုအနှင်း မြန်မာဟို
- ❑ ပါရဂူ — ဂေါ်မတိ
- ❑ ပုဏ္ဏာဒိက (ပါရဂူ) — သနန္တနဓမ္မ
- ❑ ပုဏ္ဏာဒိက (ပါရဂူ) — လမ်းနှစ်သွယ်
- ❑ မောင်မဲ — နန္ဒမူလိုက်
- ❑ မောင်မဲ — မြန်မာ့ကျောက်စိမ်း အကဲခတ်ပညာ
- ❑ အောင်သင်း — ပညာရေး၏ လုပ်ငန်းဆောင်တာများ
- ❑ မောင်ခင်မင် (ဓနုဖြူ) — လူ့ပြည်မှာ အနေရဲစေဖို့
- ❑ ခင်မောင်ညို (ဘောဂဗေဒ) — နှုတ်နဲ့နား
- ❑ မောင်ဇေယျာ — ကမ္ဘာသိ မြန်မာများ
- ❑ M.T.O — ESSAYS
- ❑ မောင်ဒီပ (သိပ္ပံ/ချည်မြေ) — ဓမ္မများဖြင့် နေထိုင်ခြင်း

# ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း

ဦးရွှေအောင်

